

၄

# နာမ် နှင့် ရုပ်

ဒဂုကျာ်ထွန်း

(ဓမ္မကထိက)

စပယ်ဦး စာပေဖြန့်ချိရေး

ဒဂုဏ်ထွန်း (ဓမ္မကထိက)

# နာမ် နှင့် ရုပ်

(ဗုဒ္ဓ၏ အဘိဓမ္မာအဖွင့်)

စာပေဝါသနာရှင် လူငယ်များ ပြုစုပျိုးထောင်သော

# “ စပယ်ဦး ”

( ကြီးကြပ်သူ တင်ငြိုး )

ပြည်လုံးကျွတ် ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ်—၂၂၆—၃၂—လမ်း၊ ရန်ကုန်မြို့။
(ဖုံး—၁၆၀၀၅)

ဤစာအုပ်တွင် နာမ်တရားအားလုံးကို တိတိကျကျ ခွဲခြမ်းစိပ်ဖြာ၍ ပြသလို၊ ရုပ်တရား အားလုံးကိုလည်း တိတိကျကျ ခွဲခြမ်း စိပ်ဖြာ၍ ပြထားသည်။

ထို့အပြင်-ပညတ်နှင့် ပရမတ်တို့ကိုလည်း ကွဲပြားအောင် ရှင်းရှင်း လင်းလင်း ခွဲခြားဖွင့်ဆိုထားသည်-

၁၆၈၁၂

ဒဂုဏ်ထွန်း (ဓမ္မကထိက)

# နာမ်နှင့်ရုပ်

ဗုဒ္ဓအဘိဓမ္မာ အဖွင့်

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့၏
ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ်-၅၆၉၈ (က)

(တအုပ်သုံးကျပ်)

ပထမအကြိမ်ရိုက်နှိပ်ခြင်း
၁၉၇၂-ခု၊ ဒီဇင်ဘာလ၊ အုပ်ရေ (၃၀၀၀)

မျက်နှာဖုံးပန်းချီ
ဘမင်း

မျက်နှာဖုံးရိုက်
သခင်ပုံနှိပ်တိုက်

ဘလောက်
ဈေးအေးဘလောက်တိုက်

ထုတ်ဝေသူ
ဦးအောင်မြေ့၊ (မြ-၀၁၂၀၆)၊ ရေသောက်မြင်းစာပေ
တိုက်-၂၁၇၊ အခန်း(၇)၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦး[illegible] (မြ-၀၁၄၁၈) ရာကျော်ပုံနှိပ်တိုက်၊
အမှတ်-၂၁၃၊ ၃၈-လမ်း၊ ရန်ကုန်မြို့။

ဤကျမ်းငယ်ဖြင့် ကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာသခင် ကျေးဇူး ရှင် ဖြစ်တော်မူသော ပဲခူး မင်းကျောင်း ဆရာတော်ဘုရားကြီးနှင့် မေတ္တာလွန်ကဲသဒ္ဓါပွဲ့လျက် ဤကျမ်းကို တည်းဖြတ် သုတ်သင်ပေးတော်မူသော နေရင်း ဆရာတော် ဘုရားကြီးတို့အား အဘိ ဝန္ဒိတွာ အလွန်ရိုသေစွာ ရှိခိုးပါ၏။

## ကမ္ဘာ့ဗုဒ္ဓသာသနာပြုဓမ္မကထိကချုပ်ဆရာတော်
## နေရင်းဦးကောဝိဒအရှင်မြတ်၏

# ဥယျောဇနကထာ။

ဒဂုဏ်ထွန်း(ဓမ္မကထိက) ရေးသားသော နာမ်နှင့်ရုပ်အမည်ရှိကျမ်းသည် အဘိဓမ္မာတရားကို အထူးလေ့လာ ဆည်းပူးနေသောခေတ်တွင် ခေတ်နှင့်လျော်ညီစွာ ပေါ်ပေါက်လာသော ကျမ်းဟု ခေါ်သင့်ပေသည်။

အဘိဓမ္မာတရားဆိုရာ၌ အချုပ်အားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားလေးပါးသာလျှင်ဖြစ်သည်။ ယင်းပရမတ္ထတရား လေးပါးသည်ကား အဘိဓမ္မာတရားကိုလေ့လာအားထုတ် နေသူတိုင်း အခြေခံကစ၍သိထားရန်လိုသည်။ ယင်းအခြေခံ အဘိဓမ္မာဟူသည် မသိလျှင်မဖြစ်သော ပထမလှေကားထစ်ဖြစ်ပေသည်။

ယင်းပရမတ္ထတရားလေးပါးတွင် စိတ်ဆိုသည်ကား မည်သို့၊ စေတသိက်ဆိုသည်ကား မည်ပုံ၊ ရုပ်သည်ကားဤသို့၊ နိဗ္ဗာန်

ဆိုသည်ကား၊ ဤနှယ်၊ စသည်ဖြင့်သိထားရန် အလွန်အရေးကြီးသော အချက်တရပ်ဖြစ်ပေသည်။

ထိုမှဆက်လက်၍ စိတ်သည်ဘယ်မျှ၊ နိဗ္ဗာန်သည်ဘယ်မျှဟု သိသင့်သိထိုက်သော အကြောင်းတရပ် ဖြစ်လာပြန်ချေသည်။

ယင်းသို့သောစိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့၏သဘောလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တည်းဟူသော သဘောလက္ခဏာလေးပါးတို့သည်လည်းသိသင့်သိထိုက်သော အကြောင်းတရပ်ဖြစ်ပေသည်။

ယင်းသို့သောအခြေခံ ခိုင်လုံသောအခါ ခန္ဓာ၊ အာယတနဓာတ်၊ သစ္စာ၊ အစဖြာသော အဘိဓမ္မာ၏ သဘာဝလမ်းစဉ်ကို အလွယ်တကူဖြင့် တက်လှမ်းနိုင်ပေမည်။

အဘိဓမ္မသဘာဝလမ်းစဉ်ကြီး၌ အခြေခံမခိုင်လုံပါမူအထက်အထက်သောစခန်းများသို့ တက်လှမ်းရောက်ရှိနိုင်ရန်အကြောင်းမရှိချေ။ ဤသို့သော အဘိဓမ္မာသဘာဝ လမ်းစဉ်ကြီးကိုတက်လှမ်းနိုင်ရန်အတွက် ဒဂုဏ်ထွန်း(ဓမ္မကထိက)၏ ကျမ်း၌ ခွဲခြားစိတ်ဖြာလျက်တင်ပြထားပေသည်။

ဤကျမ်းသည် အခြေခံခိုင်လုံ၍ နက်ရှိုင်းလှစွာသော အဘိဓမ္မာအသိဉာဏ်ကို ပေးနိုင်စွမ်းသော အပြော လွယ်သလောက်အလုပ်ခက်လှသော အဘိဓမ္မာ သဘာဝတို့ကို ထိထိမိမိပိုင်ပိုင်နိုင်နိုင်သိရှိစေနိုင်သော ပထမအုတ်မြစ်ကျမ်းကြီးပင်ဖြစ်ပေသည်။

ပထမအုတ်မြစ်လှေကားထစ်သဖွယ်ဖြစ်သော ဤကျမ်းသည်ကား မဂ်ဖိုလ်နိဗ္ဗာန်အထိလွယ်ကူစွာ ကျေးဇူးပြုနိုင်ခြင်း၊ ပဋ္ဌာန်သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်စေသော အကျိုးကိုရနိုင်ခြင်း။

အဘိဓမ္မာ၏ သဘာဝအချက်တို့ကို ကွက်ကွက်ကွင်းကွင်း ဉာဏ်အမြင်ရှင်း ယထာဘူတ ဓမ္မအလင်းကြီးကို ရနိုင်ခြင်း စသော အကျိုးတရားတို့ကို တိုးပွားစေနိုင်သော အဘိဓမ္မာအနှစ်သာရကျမ်းဖြစ်ပေသည်။

ဗဟုသုတကာမီ သာရဒဿီဖြစ်ကုန်သောအဘိဓမ္မာ သုတေသီ ကလျာဏယောဂီတို့သည် အမြဲကြည့်ရှုနှလုံးသွင်းထိုက်သော အဘိဓမ္မာ အခြေခံအနှစ်သာရကျမ်းဖြစ်ကြောင်း ထပ်လောင်း ဖော်ပြလိုက်ရပေသတည်း။

ပုံ-နေရှင်း ဦးကောဝိဒ

၂၅-၁၀-၇၀

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဓမ္မကထိကချုပ်။
စိန်ရောင်ခြည်ကျောင်းတိုက်၊ ရန်ကုန်မြို့။

## ‘‘မဟာနိဒါန်း’’

ယခုအခါတွင် ဗုဒ္ဓ၏ အဘိဓမ္မာတရားကို အလေးအနက် လေ့လာဆည်းပူးနေကြသည့် အရှိန်အဟုန်မှာ တနေ့ထက် တနေ့ကြီးထွားလာသည်ကို တွေ့ရသည်။ ၁၉၆၀-ခုနှစ်နောက်ပိုင်းတွင် ထုတ်ဝေနေသော ဘာသာရေးစာအုပ်များကိုထောက်ရှုခြင်းအားဖြင့် သိနိုင်သည်။

ယင်းကဲ့သို့ ဘာသာရေး စာပေအရှိန်အဟုန် မြင့်မားလာခြင်းသည် မျက်မှောက်နှင့်အနာဂတ် နှစ်ရပ်စလုံးအတွက် အလွန်ကောင်းမြတ်သော ဝိသေသလက္ခဏာထူးတရပ်ပင်ဖြစ်ပေသည်။

ဘာသာရေးနှင့်ပတ်သက်၍ ခေတ်နှစ်ခေတ်ကို ဤသို့ခွဲခြားကြည့်နိုင်သည်။ စစ်ကြိုခေတ်သည် သုတ္တန်ခေတ်ဖြစ်သည်။ စစ်

ပြီးခေတ်သည် အဘိဓမ္မာခေတ်ဖြစ်သည်။ အဘယ့်ကြောင့်နည်း။ စစ်ကြိုခေတ်တရားပွဲများ၌ သုတ္တန်တရားတော်များကိုသာအသား ပေးဟောကြားလေ့ရှိသည်။

စစ်ပြီးခေတ်နောက်ပိုင်းတွင် အဘိဓမ္မာ တရားတော်များကို တရားပွဲတိုင်း၌လိုလို ဟောကြားစပြုလာခဲ့ရာမှ ယနေ့သည်ကား အဘိဓမ္မာတရားအရှိန်အဟုန် မြင့်မားခေတ်စားနေသော အခါ သမယသို့ ဆိုက်ရောက်ခဲ့လေပြီ။

**ပရမတ္ထသစ္စာ**

ပရမတ္ထသစ္စာဟူသည်မှာ မဖေါက်မပြန်အလွန်မှန်ကန် တိကျ လှသောကြောင့် ပရမတ္ထသစ္စာဟုခေါ်သည်။ ခပ်သိမ်းသော ဗုဒ္ဓရှင်မြတ်တို့၏ ရွှေဉာဏ်ကွန်ယက်ဖြန့်စက်ရာဖြစ်သောကြောင့် ပရမတ္ထသစ္စာဟုခေါ်သည်။

လောကသုံးပါးကိုအကျဉ်းချုံးလိုက်လျှင်၊ တနည်းအားဖြင့် ခေါက်ခွဲထုတ်လိုက်လျှင် စိတ်၊ စေတသိက်၊ ရုပ် တည်းဟူသော ပရမတ္ထတရားသုံးပါးသာလျှင်ရသည်။

အမှန်စင်စစ် ဗုဒ္ဓက ပရမတ္ထသစ္စာလေးပါးရှိကြောင်း ညွှန်ပြ တော်မူသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ ပရမတ္ထ သစ္စာလေးပါးရှိရာတွင် စတုတ္ထမြောက် နိဗ္ဗာန်ဟူသောပရမတ္ထ တရားသည် လောကသုံးပါး၌မဝင်။ တနည်းအားဖြင့် လောက သုံးပါးမှလွတ်သောတရားမျိုးဖြစ်သည်။

ထို့ကြောင့်လောကသုံးပါးကို ခွဲစိတ်ရာတွင် နိဗ္ဗာန်ကိုချန် ထားခဲ့ခြင်းဖြစ်သည်။ လောကသုံးပါးကို ခွဲစိတ်လိုက်သော်

စိတ်၊ စေတသိက်၊ ရုပ်တည်းသော ပရမတ္ထ တရားသုံးမျိုးသာ လျှင်ရသည်။ ယင်းတရားသုံးမျိုးမှတပါး အခြားမရှိ။

တနည်းအားဖြင့် ယင်းပရမတ္ထတရားသုံးမျိုးကို အကျဉ်းချုံး လိုက်လျှင် စိတ်၊ စေတသိက် ဟူသော နာမ်တရားတခုနှင့် ရုပ် တရားတခု(ဝါ)ရုပ်နာမ်တရား နှစ်ပါးတည်းသာရှိသည်။

တဖန် ပရမတ္ထ တရားလေးပါးလုံးကို အကျဉ်းချုံး လိုက် လျှင် နာမ်တရားတခုနှင့် ရုပ်တရားတခု၊ (ဝါ) နာမ် ရုပ် တရား နှစ်ပါးတို့ကိုသာ ရရှိနိုင်သည်။ အဘယ့်ကြောင့်နည်း။ စိတ်၊စေတ သိက်နှင့် နိဗ္ဗာန်တည်း ဟူသော ပရမတ္ထ တရားသုံးပါး တို့သည် နာမ်တရားချည်း ဖြစ်သည်။

ထို့ကြောင့် အချုပ်အားဖြင့် နာမ်တရားနှင့် ရုပ်တရား နှစ် ပါးတည်းသာ ရှိကြောင်း ဗုဒ္ဓက ညွှန်ပြတော်မူခြင်း ဖြစ်သည်။ သို့သော် သင်္ခတနှင့် အသင်္ခတဟူ၍ နှစ်မျိုးရှိရာ နိဗ္ဗာန်သည် နာမ်တရားဖြစ်လင့်ကစား သင်္ခတနာမ်တရားမဟုတ်။ အမှန်စင်စစ် အသင်္ခတ နာမ်တရားမျှသာတည်း။

နိဗ္ဗာန်သည် အသင်္ခတ (မပြုပြင်အပ်သော) ဓါတ်သက်သက် မျှဖြစ်ပါလျက် အဘယ့်ကြောင့် နာမ်တရားဟု ဆိုနိုင်သနည်း ဟု စောဒက တက်လာကြအံ့-

"ဝိဇာနန၊ ဖုသန၊ ကက္ခဠ၊ သန္တိ တည်းဟူသော မိမိတို့၏ လက္ခဏာနှင့် ဖြစ်ရသော စိတ်တခု၊ စေတသိက် ငါးဆယ့်နှစ်ခု၊ နိဗ္ဗာန်တခု၊ ရုပ် တဆယ့်ရှစ်ခု အားဖြင့် ၇၂ ပါးသော တရားတို့သည်ရှိကုန်၏။ ယင်း တရားတို့ တွင်စေတသိက် ၅၂-ပါး၊ စိတ် ၁-ပါး၊ နိဗ္ဗာန် ၁-ပါး အားဖြင့် ငါးဆယ့်လေးပါး တို့သည် နာမ်တရားတည်း။

## နိဒါန်း

နိပ္ဖန္န အစရှိသော ရုပ်တဆယ့်နှစ်ပါးတို့သည် ရုပ်တရားတည်း။ ယင်းတရားတို့ကို ပရမတ္ထတရားဟူ၍ ဗုဒ္ဓရှင်မြတ်ညွှန်ပြတော်မူပြီ”

အဘိဓမ္မတ္ထသင်္ဂဟ ဋီကာ၌ ဖွင့်သောကြောင့် စိတ်၊ စေတသိက်၊ နိဗ္ဗာန်-၎င်း ၅၄ ပါးသောတရားတို့သည် နာမ်တရားသာဖြစ်ကြောင်း ထင်ရှားစွာသိရသည်။

တဖန်-“မဂ္ဂဖလာနံ အာရမ္မဏ ဘူတော နိဗ္ဗာနံနာမ” ဟူ၍ အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ၌ဖွင့်လေသောကြောင့် မဂ်ဖိုလ်တည်းဟူသော အာရုံရှိသောကြောင့် နိဗ္ဗာန်မည်၏ဟု သိရပြန်သည်။

ဆိုလိုသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် နိဗ္ဗာန်ဟူသည် အာရမ္မဏိက သဘာဝကိစ္စ ဖြစ်၍ နာမ်တရား၌ အကျုံးဝင်သွားရသည်။

စိတ်၊ စေတသိက်၊ နိဗ္ဗာန်ဟူသော တရားသုံးပါး နာမ်ဟုတ်ကြောင်းကို-

> “နာမကရဏဋ္ဌေနစ၊ အမည်ကို ပြုတတ်သောသဘောကြောင့်၎င်း။နာမနဋ္ဌေန၊ အာရုံသို့ ရှေ့ရှုညွတ်တတ်သော သဘောကြောင့်၎င်း။
>
> နာမ နဋ္ဌေနစ၊ ညွတ်စေတတ်သော သဘောကြောင့်၎င်း။ နာမံ၊ နာမ်မည်၏။”

ဟူ၍ အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖွင့်တော်မူ၏။

စိတ်၊ စေတသိက် တရားတို့သည် အာရုံသို့ ရှေ့ရှုညွှတ်တတ်သောကြောင့်၎င်း၊ အာရုံ၌ တည်လျက် အာရမ္မဏိက ဖြစ်သော စိတ်၊ စေတသိက် တို့ကိုပင် မိမိသို့ ညွတ်စေတတ်သောကြောင့်

## နိဒါန်း

ဂုဏ်း၊ နာမ်မည်၏။ နိဗ္ဗာန်သည်ကား အနုဝဇ္ဇဖြစ်သော တိဟိတ် ကာမကုသိုလ်စသည်တို့ကို မိမိသို့ညွတ်တိမ်းစေတတ်သောကြောင့် နာမ်မည်၏။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟပကျမ်း၌-

"ပရမတ္ထ တရားသည် နာမ်တရား ရုပ်တရားဟူ၍ နှစ်ပါးရှိသည်။ ထိုတွင် စိတ်၊ စေတသိက်၊ နိဗ္ဗာန်သည် နာမ်တရားမည်၏။ ပထဝီဓါတ် စသည်တို့သည် ရုပ်တရား မည်၏။"

ဟူ၍ မိန့်လေသည်။

ထို့ထက် ရှင်းလင်းအောင် ထပ်မံ၍ ညွှန်ရသော်-

လယ်တီ ဆရာတော်ဘုရားကြီး၏ ဝိပဿနာဒီပနီ၌-

"စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊ နိဗ္ဗာန် ၁ ပါးဟူ၍ နာမ်တရား ၅၄-ပါးရှိ၏။ ခပ်သိမ်းသော ပရမတ္ထ တရား တို့သည် ရုပ်တရား ၂၈-ပါး၊ နာမ်တရား ၅၄-ပါး၊ အားဖြင့် ၈၂-ပါးရှိသည်။ ဤပရမတ္ထတရား ၈၂-ပါးကို ပရမတ္ထ သစ္စာတရားဟု ခေါ်သည်။ ပရမတ္ထ သစ္စာမျိုး မဟုတ်သော ပုဂ္ဂိုလ်သတ္တဝါစသည်တို့ကို သမ္မုတိသစ္စာ ဟု ခေါ်သည်။

ဟူ၍ ဖွင့်ပြတော်မူသည်။

ပရမတ္ထ တရားလေးပါး၌၊ သပစ္စယ၊ အပစ္စယ တရားဟူ၍ နှစ်ပါး ရှိသည်။ စိတ်၊ စေတသိက်၊ ရုပ်တို့တွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော ထောက်ပံ့ရန်အကြောင်းတရား လေး ပါး ရှိနေသောကြောင့် သပစ္စယ တရားဟု ခေါ်သည်။

## နိဒါန်း

နိဗ္ဗာန်သည်ကား ဖြစ်ပေါ်ခြင်းဟူသော ဇာတိနယ်မှ လွတ်ကင်း၍ စောင့်ရှောက်ရန်၊ ထောက်ပံ့ရန် အကြောင်းမရှိ။ ထို့ကြောင့် နိဗ္ဗာန်ကို အပစ္စယ တရားဟုခေါ်သည်။

တဖန် ပရမတ္ထ တရားလေးပါး၌ သင်္ခတ တရား၊ အသင်္ခတ တရားဟူ၍ နှစ်ပါးရှိပြန်သည်။ ရုပ်နှင့် နာမ်သည် အထက်ပါ အကြောင်းတရား လေးပါးတို့ ပြုပြင်စီရင်ခြင်းကို မုချခံရသောကြောင့် သင်္ခတ တရားသာဖြစ်သည်။

နိဗ္ဗာန် သည်ကား ပြုပြင်ရန် (ဝါ)ပြုပြင်စီရင်ခြင်း ခံရန် အကြောင်းမရှိသောကြောင့် အသင်္ခတ တရားဖြစ်သည်။ အသင်္ခတ (ပြုပြင်ခြင်း အလျင်းမရှိသော) ဓါတ်သာတည်း။

### နာမ် နှင့် ရုပ်-

ဗုဒ္ဓ ညွှန်ပြတော်မူသော နာမ်နှင့် ရုပ်တရားတို့သည် အလွန်တရာနက်ရှိုင်း၍ မဟာဂမ္ဘီရာဂမ္ဘီရဒေသနာတော် ဖြစ်သည်။ နာမ်ရုပ် ဟူသည် ဝေါဟာရနှစ်လုံးတည်း ဖြစ်သော်လည်းမည်မျှ နက်ရှိုင်းသနည်း ဆိုသော် အဘိဓမ္မာ ပိဋကတ်၌ရှိသော ဓမ္မခန်း ပေါင်း ၄၂၀၀၀-အထိ နက်ရှိုင်းသည်။

ထို့ကြောင့် နာမ် ရုပ်တရားနှစ်ပါးကို အဘိဓမ္မာ ခုနစ်ကျမ်းလုံးဖြင့် အထပ်ထပ်အခါခါ အစိတ်စိတ် အမွှာမွှာ ခွဲခြမ်းဝေဖန်လျက် ဟောတော်မူရသည်။ အဘိဓမ္မာ ဒေသနာ တော်သည် ဤမျှအထိ နက်ရှိုင်းလှသောကြောင့် တဏှာစေးကပ်ငြိပိတ်ဖုံးလျက်ရှိသော လူတို့အား ဟောတော်မူခြင်း မရှိပဲ နတ်ပြည်၌သာ ဟောတော်မူရသည်။

# နိဒါန်း

ယင်းသို့ နတ်တို့ရွာ၌ အဘိဓမ္မာ ဒေသနာ တော်ကို ဟော ကြားတော်မူစဉ် အလွန် ပါရမီရင့်ကျက်သော တိဟိတ် ကာမ ပုဂ္ဂိုလ်၊ (ဝါ) အလွန် ဉာဏ်ထက်မြက်သော နတ်တို့ သာလျှင် နာယူ သိစွမ်းနိုင်ကြသည်။ နတ်တိုင်း သိမြင်နိုင်စွမ်းခြင်းမရှိ။

ထိုမျှ နက်ရှိုင်းလှသော မဟာဂမ္ဘီရ အဘိဓမ္မာ ဒေသနာ တော်ကို အကျဉ်းချုပ်လိုက်လျှင် နမ်နှင့်ရုပ် နှစ်ပါးသာဖြစ်သည်။ ယင်း နာမ်နှင့်ရုပ်နှစ်ပါးသည် အပြောလွယ်သလောက် မည်မျှ အထိ နက်ရှိုင်းလှသည်ကို အထက်ပါ သာဓကများကို ထောက် ရှုခြင်းအားဖြင့် သိရှိနိုင်သည်။

ထိုမျှ နက်ရှိုင်းလှသော အဘိဓမ္မာ ဒေသ နာတော်(ဝါ) နာမ် ရုပ်တရားတို့ကို ကျင့်ကြံ ပွားများ အားထုတ်၍ သိသော ပုဂ္ဂိုလ်အား ဗုဒ္ဓက မဟာပညာရှိဟု သမုတ်တော်မူသည်။

အလွန်မှန်လှ၏။ အဘိဓမ္မာ ဒေသနာတော်ဖြစ်သော နာမ် ရုပ် တရားတို့ကို တတ်မြောက် သိစွမ်းသူသည် ပညာရှိမည်သလို ယင်း နာမ် ရုပ်တရားတို့ကိုလည်း ပညာရှိသူတို့မှသာလျှင် တတ် မြောက်နိုင်သည်။

ဤနေရာ၌ ပညာရှိနှစ်မျိုးကွဲပြားပုံကို ရှင်းပြလိုသည်။ လော ကီ၊ လောကုတ် ပညာရှိနှစ်မျိုးရှိသည်။ လောကီပညာရှိဟူသည် မှာ လူတိုင်း ဖြစ်နိုင်သလို၊ ဒုစရိုက်က ငါးပါးလည်း အလွန် လုံခြုံခဲ့သည်။

တနည်းအားဖြင့် လောကီအတတ်ပညာများကို မိုးပျံအောင် တတ်နေစေကာမူ ငါးပါးသီလမြဲခဲ့သည်။ သို့သော် မြဲသူလည်း ရှိနိုင်သလို မမြဲသူလည်း များစွာရှိသည်။

# နိဒါန်း

လောကုတ္တရာ ပညာရှိတို့သည်ကား တိဟိတ် ကလျာဏ ပုဂ္ဂိုလ်တို့သာဖြစ်၍ ငါးပါးသီလကို အသက်နှင့်ထပ်တူ မြဲသူချည်းဖြစ်သည်ဟူ၍ နှလုံးသွင်းမိရန်လိုသည်။

တဖန် ဤနေရာ၌ ပညာရှိနှစ်မျိုးကို စံချိန်ထိုးပြလိုသည်။ လောကီပညာရှိသည် တိဟိတ်ကလျာဏပုဂ္ဂိုလ်မဟုတ်၍ ကံငါးပါးကို ပြစ်မှားကျူးလွန်ဝံ့သော သတ္တိရှိသည်။ လောကုတ္တရာ ပညာရှိသည်ကား ကံငါးပါးတို့ကို ကျူးလွန်မိရန်မဆိုထားဘိ စိတ်ဖြင့် ပြစ်မှားရန်ပင် အလျင်းသတ္တိမရှိ။

လောကီ ပညာရှိသည် ဒုစရိုက် တရား တို့ကို ပြုလုပ်ရန် ရှက်ကြောက်ခြင်းမရှိ။ လောကုတ္တရာ ပညာရှိသည်ကား ဒုစရိုက်တရားတို့၌ ပြုလုပ်ရန်ပင်မဆိုထားဘိ စိတ်ဖြင့် ပြစ်မှားမိရန်ကိုပင် ရှက်ကြောက်တတ်ကြသည်။

လောကီပညာရှိသည် အရာရာ၌သည်းခံချင်မှသည်းခံနိုင်မည်။ လောကုတ္တရာပညာရှိသည်အရာရာတိုင်း၌ သည်းခံနိုင်စွမ်းရှိသည်။ အမျက်ထွက်သည့်တိုင်အောင် ဖြေဖျောက်နိုင်စွမ်း ရှိသည်ကား တိဟိတ်ကလျာဏ လောကုတ္တရာ ပညာရှိတို့သာလျှင်တည်း။

နာမ်ရုပ်တရားဟူသည် တိမ်မရောင်နှင့် အလွန် နက်ရှိုင်းလှသော အဘိဓမ္မာ တရား ဖြစ်သည်။ ယခုအခါတွင် နာမ်ရုပ်အကြောင်းကို လွယ်လွယ်ပြော၍ လွယ်လွယ် သိနေကြသည်။ အချို့သူတို့သည် နာမ်ရုပ်အကြောင်းကို မိမိ၏ စိတ်အထင်ဖြင့် ဝေဖန်လျက်ရှိကြသည်။

အချို့က စာအုပ်ပါအချက်များကိုအလွတ်ကျက်၍ပြောကြသည်။ အချို့က ကြားဘူးနားဝဖြင့် ပြောကြသည်။ အချို့က

တရားပွဲမှ အတွေ့အကြုံတို့ဖြင့်ပြောကြသည်။ အချို့နေရာများတွင် အတိုက်အခံအငြင်းပွားသည်အထိ ပြောဆိုလေ့ရှိကြသည်။

အမှန်စင်စစ် လောကုတ္တရာတရားဟူသည် အတိုက်အခံငြင်းရန်မဟုတ်၊ ယင်းသို့တဦးနှင့်တဦး အမုန်းပွားရန် အတိုက်အခံလုပ်ရန် ဗုဒ္ဓကဟောကြားတော် မူခဲ့ခြင်းလည်း မဟုတ်။

ဗုဒ္ဓရှင်မြတ်ကြီးက ခပ်သိမ်းသော တိဟိတ်ကလျာဏ ကျွတ်သင့်ကျွတ်ထိုက်သော ဝေနေယျပုဂ္ဂိုလ်တို့အတွက် မီးသုံးပါးကို အမြစ်ပြုတ်စေလျက် သိမ်မွေ့နူးညံ့လာစေရန် ကိလေသာမီးဆဲ့တစ်ပါးတို့ ချုပ်ငြိမ်းစေလျက် ဘုံသုံးပါးမှ လွတ်မြောက်သွားစေရန် ရည်သန်လျက်ဟောကြားတော်မူခဲ့ခြင်းသာ ဖြစ်ကြောင်းနှလုံးသွင်းသင့်သည်။

ယင်းသို့သော လောကုတ္တရာတရားတို့၌ အငြင်းပွားခြင်းဖြင့်လည်း အကျိုးမရှိ။ တိကျ မှန်ကန်သော အဖြေလည်းမရနိုင်။ သံသရာ၏ ဓမ္မအန္တရာယ်ဖြစ်တတ်သည်ကိုလည်း ထပ်မံနှလုံးသွင်းမိရန်လိုသည်။

နာမ်ရုပ်ဟူသော အဘိဓမ္မာတရားတို့သည်အမှန်စင်စစ်အငြင်းပွားသင့်သောတရားမဟုတ်၊ အဟုတ်သိ ဟာကယ်သိ ဒိဋ္ဌဓမ္မသိအောင် ကိုယ်တိုင်ပွားများ အားထုတ်ရသော တရားသာလျှင်ဖြစ်သည်။

ဤနာမ်ရုပ်ဟူသော အဘိဓမ္မာတရားကို ကြားဘူးနားဝဖြင့်လည်း အဟုတ်တကယ်မသိနိုင်။ စာတွေ့ဖြင့်လည်း အဟုတ်တကယ်မသိနိုင်။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်လည်း အဟုတ်တကယ်မသိနိုင်။ ကိုယ်တိုင်ကျင့်ကြံ ပွားများအားထုတ်မှသာလျှင် ဒိဋ္ဌသိမြင်နိုင်သောတရားသာဖြစ်သည်။

# နိဒါန်း

သို့စင်လျက် နာမ်ရုပ်တရားကို အငြင်းပွားနေကြသည်ကား အကျိုးမရှိသော လုပ်ရပ်သာဖြစ်နေသည်။ နာမ်ရုပ် တရားတို့ကို အဟုတ်တကယ်ပိုင်းခြား၍ သိနိုင်စွမ်းရှိသည်ဆိုပါက စူဠသောတာပန် (ဝါ)အငယ်စားသောတာပန် ဖြစ်နိုင်ကြောင်းကို–

"နာမရူပ ပရိစ္ဆေဒဖြင့် ခန္ဓာဒိဓမ္မ တို့ကိုသဘာဝရသ အားဖြင့်ကောင်းစွာမှတ်၍ သာသနာ၌ ဓမ္မပြသံဟိတပါ မောဇ္ဇကိုရသဖြင့်အဿာသရှိ၏။နာမ်ရုပ်တို့၏အကြောင်း တရားကိုမြင်သဖြင့် ဒိဋ္ဌိကိုပယ်နှုတ် အဟေတုက ဝါဒ၊ဝိ သမဟေတုကဝါဒ တို့ကိုနှင်ထုတ်လျက် ဟုတ်မှန်တိုင်း သော ယထာသကပစ္စယတို့ကြောင့် နာမ်ရုပ်တရားတို့၏ ဖြစ်ခြင်းကိုသိရကား သာသနာ၌ စွဲမြဲစွာ တည် သော သဒ္ဓါရှိသည်ဖြစ်၍ ရအပ်သော ထောက်တည်မှု ရှိ၏။"

"နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ဒုက္ခသစ္စာကို ဓမ္မဋ္ဌိတိ ဉာဏ်(ပစ္စယပရိဂ္ဂဟဉာဏ်)ဖြင့်သမုဒယသစ္စာကိုဉာဏ်၏ နောက်၌ဖြစ်သော အနိစ္စစသော ဉာဏ်သုံးပါး တို့ဖြင့် မဂ္ဂသစ္စာကိုသိ၍ ရုပ်နာမ်တို့၏ပဝတ္တိ ဒုက္ခကိုမြင်သဖြင့် အပ္ပဝတ္တနိရောဓ၌ ကောင်းသည့်တက်ကိုင်းသော အဇ္ဈာသယရှိ ရကား လောကီဉာဏ်ဖြင့်ပင်လျှင် သစ္စာလေးတန်ကိုသိ သည်ဖြစ်၍ အပါယ်၌မဖြစ်ထိုက်။သောတာပန်ဘုံ၌ ဖြစ် ထိုက်သောကြောင့် နိယတဂတိရှိ၏။ ထို့ကြောင့် စူဠ သောတာပန် မည်၏၊"

ဟူ၍ ပရမတ္ထသရူပဘေဒနီ(ဒု-၅၂၄)၌ မိန့်သည်။

# နိဒါန်း

**တဖန်**

> သမာဓိနှင့်ယှဉ်သောကောင်းစွာ ထိုးထွင်း၍သိသော ဓမ္မဋ္ဌိတိဉာဏ် အန္ဒယဉာဏ်တို့သည် စင်ကြယ်ခြင်း ရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ မဂ်ဖိုလ်ကိုပင် မရသေးသော်လည်း စူဠသောတာပန်မည်၏။

ဟူ၍ ယောမင်းကြီး၏ဝိမုတ္တိရကျမ်း၌မိန့်ဆိုသည်။ ယင်းမိန့်ဆိုချက်များသည် အသားလွတ်မိန့်ဆိုချက်များမဟုတ်၊ ပုဂ္ဂလပညတ်အဋ္ဌကထာစသည်တို့ကို ကိုးကားသော မိန့်ဆိုချက်များသာဖြစ်သည်။

အထက်ပါ မိန့်ဆိုချက်များကို ထောက်ရှုခြင်းအားဖြင့် နာမ်ရုပ်နှစ်ပါးကို ပိုင်ပိုင်ကြီးသိလျှင် စူဠသောတာပန်အဖြစ်သို့ ဆိုက်ရောက်နေကြောင်း ထင်ရှားသည်။

ပါဠိဒေသနာ အစဉ်အားဖြင့် သိခြင်းမှာ သုတမယဉာဏ်အရာမျှသာ ဖြစ်သည်။ နာမ်ရုပ်တရားကို ကိုယ်တိုင် ကိုယ်ကျကျင့်ကြံအားထုတ်၍ အဟုတ်တကယ် မသိရသေးစေကာမူ ဒေသနာအစဉ်အားဖြင့် သိထားရန်လိုသည်။

သို့မှသာလျှင် မှန်ကန်တိကျသောအမြင်၊ မဖောက်ပြန်သောအမြင်ကိုရရှိနိုင်မည် ဖြစ်သည်။ တနည်းအားဖြင့် ဒေသနာအစဉ်ဖြင့် ကြိုတင်သိထားမှသာလျှင် (ဝါ) သိပြီးမှသာလျှင် နည်းလမ်းမှန်ကန်စွာ ကျင့်ကြံအားထုတ် အလုပ်စခန်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ယင်းသို့ အဘိဓမ္မာဒေသနာတော်၌ ရှာမှီးလေ့ကျက်၍ သိသောဉာဏ်ကို သုတမယဉာဏ် ဟုခေါ်သည်။ တနည်း ပရိ

ယတ္တိ တစိတ်တဒေသကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ သိသော ဉာဏ်ကို သုတမယဉာဏ်ဟု ခေါ်သည်။

ယင်း သုတမယ ဉာဏ်သည်ပင် ဘာဝနာ အလုပ်စခန်း၏ အခြေခံကြီးဖြစ်သည်။ အခြေခံမခိုင်လုံက မည်သည့်အဆောက် အဦမှ ခိုင်လုံခြင်းမရှိနိုင်သလို အခြေခံဉာဏ် ရင့်သန်မှသာလျှင် အလုပ်စခန်း၌ မပင်မပန်း ဆင်းရဲခြင်းမရှိ လွယ်လင့်တကူ ပြီး မြောက် အောင်မြင်နိုင်သည်။

သံသရာဝဋ်ဆင်းရဲမှ တကယ်တမ်း လွတ်မြောက်လိုသော ယောဂီမှန်သမျှ ဘာဝနာ၏ အခြေခံတည်းဟူသော သုတမယ ဉာဏ်ကိုပယ်၍မရနိုင်။ ပရိယတ္တိသည်ပင် သုတမယဉာဏ်ဖြစ် သည်။ ပါဠိတလုံး တပါဒသည်လည်း ပရိယတ္တိပင် ဖြစ်သည်။ ယင်းပါဠိ တလုံးတပါဒကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းသည်လည်း ပရိယတ္တိပင် ဖြစ်သည်။

ပါဠိတလုံးတပါဒ တဂါထာစသည် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကို အကယ်၍ ပယ်ငြားအံ့၊ပရိယတ္တိကို ပယ်ရာသို့ရောက်၏။ ပရိ ယတ္တိကိုပယ်လျှင် သုတမယ ဉာဏ်လည်း ဖြစ်ရန်အကြောင်း မရှိ။

သုတမယဉာဏ်မရှိလျှင် ဘာဝနာမယဉာဏ်လည်း မရှိနိုင်။ ဘာဝနာမယဉာဏ် မရှိလျှင် စိန္တာမယဉာဏ်လည်း မရှိနိုင်။စိန္တာ မယဉာဏ်မရှိလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် မုချဝေးရမည်သာ တည်း။

သုတမယစသည့် ဉာဏ်သုံးဆင့်ဖြစ်ပုံမှာ--ပထမ ဆရာကောင်း သမားကောင်းတို့ထံ၌ လေ့လာ၏။ ဆည်းပူး၏။ ရှိသေမြတ်နိုး စွာ မှတ်သားနာယူ၏။ ဒုတိယ လက်တွေ့လုပ်၏။ ပွားများအား

ထုတ်၏။ တတိယမြောက်သော အဆင့်၌ မိမိလက်တွေ့လုပ်သော အလုပ်ကို ထိုးထွင်းလျက်သိခြင်းသို့ ရောက်၏။

အကယ်၍ ပထမအဆင့်ကိုဖြုတ်သော် နောက်အဆင့် နှစ်ဆင့်လုံးအလိုလို ပြုတ်သွားရမည်သာ ဖြစ်သည်။ ဤကား ပရိယတ္တိ တည်းဟူသော သုတမယဉာဏ်ကို ပယ်နုတ်သော ပုဂ္ဂိုလ်တို့ အထူးနှလုံးသွင်းထိုက်သော အချက်ကြီးတရပ် ဖြစ်နေသည်။

နာမ်တရား၊ ရုပ်တရားတို့ကို အဟုတ်တကယ် ပိုင်ပိုင်နိုင်နိုင် သိသောဉာဏ်သည် နာမရူပပရိဂ္ဂဟဉာဏ်သာ ဖြစ်သည်။ နာမ်တရားတို့၏ ဖြစ်ခြင်းအကြောင်းကို ပိုင်းခြား၍ အဟုတ်တကယ် သိသောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်သာ ဖြစ်သည်။

နာမ်ရုပ်တရားတို့ကို တကယ်တမ်း ပိုင်ပိုင်သိလျှင် အမြင်၏ စင်ကြယ်ခြင်း တည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်းအကြောင်းတရားကို ကောန်ပိုင်းခြား၍ ပိုင်ပိုင်သိလျှင် ယုံမှားခြင်း နှစ်ဆယ့်လေးပါး လုံးဝလွင့်စင် ကြည်လင်လှသော ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ သည်ပင် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။ အကျိုး၏တည်ရာအကြောင်း ဖြစ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ် ဟုလည်းခေါ်သည်။ သင်္ခါရတရားတို့၏ မှန်မြဲသောသဘောကို သိသောကြောင့် ယထာဘူတဉာဏ် ဟုလည်းခေါ်သည်။ သမ္မာဒဿနဉာဏ် ဟုလည်းခေါ်သည်။ ယထာဘူတ ဒဿနဉာဏ်ဟု လည်းခေါ်သည်။

နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍သိသော နာမရူပပရိဂ္ဂဟဉာဏ် နှင့် နာမ်ရုပ်တရားတို့၏ အကြောင်းကို ပိုင်းခြား၍သိသော ဉာဏ်

နှစ်ပါးတို့သည် ပရိညာသုံးရပ်တွင် ဉာတပရိညာ၏ စခန်းကြီး ဖြစ်သည်။

ယုံမှားခြင်း နှစ်ဆယ့်လေးမျိုး၊ ဒိဋ္ဌိခြောက်ဆယ့်နှစ်မျိုးတို့ ကို အမှန်တကယ် လွင့်စင် သွားစေနိုင်စွမ်းသော ဉာဏ်မှာ ယင်း ဉာဏ်နှစ်ပါးသာလျှင် ဖြစ်သည်။

## ဝိပဿနာအခြေခံ ဉာဏ်နှစ်ပါး

နာမရူပ ပရိဂ္ဂဟဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် ဝိပဿနာဉာဏ်ဆယ်ပါး၌ အကျုံးမဝင်သောကြောင့် ဝိပဿနာ ဉာဏ်အစစ်ဟု မဆိုနိုင်။ အဘယ့်ကြောင့်နည်း။

နာမရူပ ပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်တို့၏သဘော လက္ခဏာ ကိုသာ သိသေးသည်။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်တို့၏ အကြောင်းသာ သိသေးသည်။ ဝိပဿနာဉာဏ် အစစ်ဖြစ်သော အနုပဿနာဉာဏ် သုံးပါးသို့တင်လျက် ဆင်ခြင် သုံးသပ်ခြင်း အဆင့်သို့ မရောက်သေးသောကြောင့်ဖြစ်သည်။

ယင်းဉာဏ်နှစ်ပါးတို့သည် ဝိပဿနာ၏အခြေခံမျှသာဖြစ်၍၊ ဝိပဿနာဉာဏ်၏ ပရိကမ်ဟူ၍သာ ဆိုသင့်သည်။ ဒါန၊ သီလ တို့ထက် လွန်စွာထက်မြက်သည်။ မဂ်ဖိုလ်၏အခြေခံစင်စစ် ဖြစ် သည်။

ယင်း ဉာဏ်နှစ်ပါးကို မရရှိပဲ၊ ဝိပဿနာဉာဏ် ဆယ်ဆင့်သို့ မည်သည့်နည်းနှင့်မျှ မရောက်ရှိနိုင်။ ယင်း ဉာဏ်နှစ်ပါးကို ပိုင် ဆိုင်ပြီးမှသာလျှင် ဝိပဿနာအလုပ်စခန်းသို့ တကယ်တမ်းရောက် ရှိနိုင်မည် ဖြစ်ကြောင်း ထပ်လောင်း၍ နှလုံး သွင်း ထိုက် ပြန် သည်။

# နိဒါန်း

ရုပ်တရားဟူသည် အစိုင်အခဲ၊ အတုံးအဘစ်ကြီးသာလျှင်ဖြစ်သည်ဟူ၍ ထင်မှတ်နေကြသည်။ တဖန်ကိုင်တွယ် ထိတွေ့ရလျှင်ရုပ်၊ မရလျှင် နာမ်ဟူ၍လည်း တထစ်ချလက်ခံ ထားကြသည်။

အချို့ကလည်း ပကတိမျက်စိဖြင့် မြင်ရသောအရာဝတ္ထုမှသာလျှင်ရုပ်ဟူ၍ ယုံကြည်ထားကြသည်။ ယင်းအယူတို့သည် စင်စစ်မှန်ကန်ခြင်း မရှိ။ ဖောက်ပြန်သောအယူတို့သာလျှင် ဖြစ်သည်။

ရုပ်တရားဟူသည်အမှန်စင်စစ် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်ကြီးလေးပါးသာဖြစ်သည်။ယင်းဓာတ်လေးပါးသာလျှင် မူလဘူတရုပ်ဓာတ် အစစ်ကြီး ဖြစ်သည်။ ယင်းရုပ်ဓာတ်ကြီးလေးပါးတွင်ရှိသော အခြေခံမူလ သဘာဝသည် သဘောမျှသာဖြစ်၍ ပကတိမျက်စိဖြင့်မြင်ကောင်းသောအရာမျှားမဟုတ်။

ယင်းဓာတ်ကြီးလေးပါး ပရမာဏုမြူတို့ အကြောင်းတိုက်ဆိုင်၍၊ သိန်းသောင်းသချေ်မက ပေါင်းဆုံစုဝေး မိကြမှသာလျှင်ပကတိမျက်စိဖြင့် မြင်ကောင်းသော အစိုင်အခဲထုထယ်ပုံသဏ္ဌာန်တို့ ဖြစ်ပေါ်လာရသည်။

ယင်းဓာတ်ကြီးလေးတို့ကိုမှီ၍ ရုပ် ၂၄-ပါး ဖြစ်ပေါ်လာရပြန်သည်။ အန္ဓပုထုဇဉ်၏ အမြင်တွင် ရုပ်ဟူသမျှကို အစိုင်အခဲဟုမြင်သည်။ ဘာဝနာအာရုံကိုပိုင်ပိုင်ကြီးရပြီးသောတိဟိတ်ကလျာဏ ပုထုဇဉ်အမြင်တွင် ရုပ်ကိုနှစ်ဆယ့်ရှစ်စိတ် ပိုင်းခြား၍မြင်သည်။

အရိယာအရှင်မြတ်တို့၏ အမြင်တွင်ကား ရုပ်ကိုအစိတ်စိတ်အမွှာမွှာပရမာဏုမြူအထိ ပိုင်းခြားလျက် ဓာတ်သသောမျှ

သားဟူ၍မြင်သည်။ ဤသို့အမြင်သုံးဆင့် ရှိနေပုံကို ခွဲခြားသိရန်လိုသည်။

ရုပ်ဟူသမျှ ထုထယ်အစိုင်အခဲကြီးဟု မြင်သည်မှာ အန္ဓပုထုဇဉ်တို့၏အမြင်မျှသာဖြစ်၍ အမြင်မှန်သည်ဟုမဆိုနိုင်။

တနည်းအားဖြင့် အစိုင်အခဲအစုအပုံဖြစ်ကောင်းသောပထဝီဓာတ်ကိုသာ ရုပ်ဟူ၍ အများအားဖြင့် ထင်မှတ်စွဲလမ်းနေကြသည်။ ပထဝီမှကြွင်းသော မီး၊ လေ၊ ရေတည်းဟူသောဓာတ်သုံးပါး၊ ယင်းဓာတ်ကြီးလေးပါးကို မှီ၍ ဖြစ်ပေါ်လာသော ပသာဒ၊ ဂေါစရ၊ အာကာသ၊ ဇီဝိတ၊ လက္ခဏာ အစရှိသောရုပ်တို့ကို ရုပ်ဟူ၍မြင်ခဲသိခဲသည်။

တနည်းအားဖြင့် အစိုင်အခဲ အစုအပုံဖြစ်ကောင်းသောပထဝီဓာတ်ကိုသာ ရုပ်ဟူ၍ အများအားဖြင့် ထင်မှတ် စွဲလမ်းနေကြသည်။ ပထဝီမှကြွင်းသော မီး၊လေ၊ရေတည်းဟူသော ဓာတ်သုံးပါး၊ယင်းဓာတ်ကြီးလေးပါးကိုမှီ၍ ဖြစ်ပေါ်လာသော ပသာဒ၊ ဂေါစရ၊ အာကာသ၊ ဇီဝိတ၊လက္ခဏာအစရှိသောရုပ်တို့ကိုရုပ်ဟူ၍မြင်ခဲသိခဲသည်။

ပကတိမျက်စိဖြင့်မြင်ရသော အရာဟူသမျှရုပ်။ မမြင်ရသော အရာဟူသမျှနာမ်ဟု အယူရှိသော ပုဂ္ဂိုလ်တို့အား လေဓာတ်နှင့် အာကာသဓာတ်နှစ်ပါးသည်၊ ရုပ်လော၊ နာမ်လောဟုမေးရန်ရှိသည်။

ပူခြင်းအေးခြင်းသည် ရုပ်လော၊ နာမ်လောဟု မေးရန်ရှိသည်။ ယင်းဓာတ်တို့သည်၊ ပကတိမျက်စိဖြင့်ကြည့်၍ မမြင်နိုင်သောကြောင့် နာမ်ဟု ဖြေမည်လော။

# နိဒါန်း

အမှန်စင်စစ် လောက၌၊ လူတို့၏ ပကတိမျက်စိဖြင့် ကြည့်၍ မမြင်ရသော ရုပ်တို့သည်၊ အသင်္ချေ အနန္တရှိနေသည်။ ပကတိမျက်စိဖြင့်ကြည့်၍ မြင်ရသောအရာဝတ္ထုမှသာ ရုပ်ဟုယူလျှင် ယင်းအယူသည်၊ သွက်သွက်ခါအောင် ဖေါက်ပြန်သော အယူသာလျှင်ဖြစ်နေမည်။

အနီးကပ်ဆုံးဥပမာပြရလျှင် လေ၊အပူအအေးတည်းဟူသော တေဇောဓာတ်နှင့်အာကာသဓာတ်တို့ကိုပကတိမျက်စိဖြင့်ကြည့်၍ မမြင်နိုင်သောကြောင့် ယင်းဓာတ်တို့သည်(နာမ်)တရား အဖြစ်သို့ ဆိုက်ရောက်သွားနိုင်သည်။

အမှန်စင်စစ် ဗုဒ္ဓက ယင်းတရားတို့ကို ရုပ်တရား၊ သာလျှင်ဖြစ်ကြောင်း အတိအလင်း ညွှန်ပြတော် မူထားသည်။ ထို့ကြောင့် လောက၌ ပကတိမျက်စိဖြင့် တပ်အပ် မြင်နိုင်ခြင်းမရှိသောရုပ်တရားတို့အသင်္ချေ အနန္တ၊ရှိနေသည်ကိုလည်း ကလျာဏပုဂ္ဂိုလ်ဖြစ်လိုသူတို့ အထူးနှလုံးသွင်းထားရန် လိုအပ်သည်။

နာမ်တရားဟူသည်ကိုယ်ခန္ဓာကြီးအတွင်း၌ မှိုခိုကိန်းအောင်းနေသော အသက်၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ်ဖြစ်သည်ဟုအများအားဖြင့် ထင်မှတ်နေကြသည်။ အမှန်စင်စစ် ယင်းအယူသည် မိစ္ဆာဒိဋ္ဌိတို့ ကြံစည်ကြသည့် သာမီ၊ နိဝါသီ၊ ကာရက၊ ဝေဒကဟူသောဖေါက်ပြန်သည့် အယူတို့သာလျှင်ဖြစ်သည်။

လူသေလျှင်အသက်ထွက်သွားပြီဟု ပြောလေ့ ရှိကြသည်။ အသက်မည်သည့်နေရာကထွက်သွားသနည်း။ မည်သည့်ပုံသဏ္ဌာန်ရှိသနည်းဟု မေးလျှင် မည်သူမျှဖြေနိုင်ကြမည်မဟုတ်။ အသက်ထွက်သည်ဟုဆိုလျှင် အတ္တဒိဋ္ဌိအယူမျှသာဖြစ်၏။

တမလွန်ဘဝသို့ ကူးပြောင်းသွားသည်ဟု ဆိုပြန်လျှင်လည်း ဗုဒ္ဓအယူနှင့်မညီ။ အတ္တဒိဋ္ဌိစွန်းနှင့်မလွတ်။ အဘယ့်ကြောင့်နည်း။ တိတ္ထိတို့သည် သတ္တဝါသေလျှင် ခန္ဓာအိမ်မှ ဇီဝခေါ် လိပ်ပြာခေါ် အသက်ခေါ် ဝိညာဉ်ခေါ် အတ္တကောင်သည် တမလွန်ဘဝခန္ဓာအိမ်အသစ်သို့ ကူးပြောင်းသွားရသည်ဟု အယူရှိကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓက အသက်၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ် အတ္တကောင်တည်းဟူသော အယူတို့ကိုတိုက်ဖျက်လို၍ အနတ္တကိုညွှန်ပြတော်မူခြင်းဖြစ်သည်။ အချို့ ယောဂီတို့သည် အတ္တနှင့်အနတ္တကိုမကွဲမပြားဖြစ်နေကြသည်၊

**အတ္တနှင့်အနတ္တ။**

အများအားဖြင့်အတ္တကို "ကိုယ်ခန္ဓာ" ဟုနှလုံးသွင်းလေ့ရှိကြသည်။ အချို့ဆရာတို့က အတ္တ၊ ကိုယ်၊ အနတ္တ၊ ကိုယ်မဟုတ်။ အတ္တ၊ ငါ၊ အနတ္တ၊ ငါမဟုတ်၊ ငါမရှိ ဟူ၍ ပြန်ဆိုလေ့ဟောပြောလေ့ရှိသည်။

အမှန်စင်စစ် ဗုဒ္ဓညွှန်ပြလိုတော်မူသော အတ္တအစစ်မှာ ကိုယ်ခန္ဓာဟူသော သဘောကို ဆိုလိုခြင်းမဟုတ်ကြောင်း နှလုံးသွင်းမိရန် လိုသည်။ အတ္တသဒ္ဒါမှာ အနက် များစွာ ရှိသော်လည်း ဗုဒ္ဓညွှန်ပြလိုသောအတ္တမှာ ကိုယ်ခန္ဓာမဟုတ်။

အတ္တအနက်ကို ကိုယ်ခန္ဓာဟု အယူရှိလျှင်-

"ကာယေ ကာယာနုပဿီ ဝိဟာရတိ၊ ရူပကာယော နာမကာယော" ဟုစသည်ဖြင့် ကိုယ်ကို နှလုံးသွင်း

# နိဒါန်း

လျက်စီးဖြန်းရသော သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်း ဒေသနာတော်နှင့် ဆန့်ကျင်ရာသို့ရောက်၏။

ဤကာယကိုယ်ဟောပုဒ်သည် ပရမတ္ထတရား၌ အလွန်လိုအပ်သော ပုဒ်ဖြစ်သည်။ ကိုယ်ဟောကာယ ပုဒ်သည် ပရမတ္ထတရားတို့၌ နှောက်ယှက်တတ်ခြင်းမရှိ။ မိစ္ဆာဒိဋ္ဌိတို့ ကြံစည်အပ်သော အတ္တသည်သာ ပရမတ္ထ တရားတို့၌ များစွာ အနှောက်အယှက်ပေးတတ်သော ပုဒ်ဖြစ်ကြောင်း ခွဲခြားသိရန်လိုသည်။

ထို့ကြောင့် သမ္မောဒိဋ္ဌိ ဒီပနီ၌–

"ကာယ သဒ္ဒါမှ ထွက်သော ကိုယ်၊ အတ္တ သဒ္ဒါမှ ထွက်သောကိုယ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတွင် ကာယ သဒ္ဒါမှ ထွက်သော ကိုယ်ဟူသော ဝေါဟာရသည်ကား ခန္ဓာ၊ သမုဒယ၊ သမူဟ သဒ္ဒါတို့နှင့် အတူ ပရမတ္ထတရားကိုပြသော ဝေါဟာရဖြစ်၍ စင်စစ် ကောင်းမြတ်မှန်ကန်သော ဝေါဟာရ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာ သညာကို အားပေးသော ဝေါဟာရမျိုး မဟုတ်။ အတ္တ သဒ္ဒါမှ ထွက်သော ဝသတ်၍ ကိုဝ်ဟူသော ဝေါဟာရသည်ကား၊ သတ္တဝါ၊ ပုဂ္ဂိုလ်၊ ဇီဝ အနက်ကိုပြသောကြောင့် ပရမတ္ထ အရာ၌ လွန်စွာနှောက်ယှက်တတ်သော ဝေါဟာရဖြစ်၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာ သညာတို့၏ မှီတွယ်ရာဖြစ်သော အတ္တသဒ္ဒါအနက် ကိုဝ် ဟူသော ဝေါဟာရ ကို (ယ)သတ်၍ မဆိုနှင့်။ (ဝ)သတ်၍ အတ္တ၊ ကိုဝ်။ အနတ္တ၊ ကိုဝ်မဟုတ်ဟု ဆိုလေ"

## နိဒါန်း

ဟူ၍ အတ္တနှင့် အနတ္တ၊ ကိုယ်နှင့်ကိုယ်ကို ခွဲခြားလျက်မိန့်တော်မူသည်။

တဖန် –

"ကျွန်တော်၊ ကျွန်ုပ်၊ ငါဟော သဒ္ဒါနှင့် ပတ်သက်၍ "ကိစ္စိနာပိ နဟာပယေ" အစရှိသော ပါဠိတို့၌ အဟ္တ သဒ္ဒါသည် အကျွန်ုပ်၊ ငါဟူသော (မိမိ) ကိုဟောသည်။ အမှ၊ သ- သယံ အစရှိသော သဒ္ဒါတို့သည်လည်း(မိမိ) ကို ဟောသော ပုဒ်များ ဖြစ်သည်။

ယင်း အတ္တသဒ္ဒါတို့ သည်လည်းစင်စစ်ပရမတ္ထတရားကို နှောက်ယှက် တတ်ခြင်း မရှိ။ ပရမတ္ထ တရားကို နှောက်ယှက်တတ်သော သဒ္ဒါမှာကား မိစ္ဆာဒိဋ္ဌိတို့ ကြံစည်အပ်သော အတ္တသာ ဖြစ်သည်။

အနတ္တသဒ္ဒါ၌ (န+အတ္တ)ဟု ပုဒ်ဖြတ်၊ အတ္တာ၊အတ္တသည်။ န၊ မဟုတ်။ ဣတိ၊ ထို့ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ အနတ္တာ၊ အနတ္တ မဟုတ်၊

### မိစ္ဆာဒိဋ္ဌိတို့၏ အတ္တအယူ။

မိစ္ဆာဒိဋ္ဌိတို့ ကြံဆကြသည့် အတ္တ အယူဖြစ်ပုံမှာ လူသာ သေသည်။ ဇီဝခေါ်၊ လိပ်ပြာခေါ်၊ ဝိညာဉ်ခေါ်၊ အတ္တကောင်သည် စင်စစ် သေဆုံးခြင်းမရှိ။ ခန္ဓာတအိမ်ပျက်က ခန္ဓာတအိမ်သို့ ပြောင်းရွှေ့ သွားလာခြင်းဖြင့် နေ၏။

အတ္တဟူသည်ကား ခန္ဓာကိုယ်ကြီးနှင့် မရောယှက်၊ သီးသန့်ဖြစ်သော သတ္တဝါတို့၏ အနှစ်သာရတည်း။ သတ္တဝါတို့၏ ခန္ဓာအိမ် ပျက်စီးသွားသော အခါ နောင်တမလွန်၌ ခန္ဓာအိမ်အသစ်

ကို မရရှိသေးသမျှ ကာလပတ်လုံး၊ ဇာဝ၊ လိပ်ပြာခေါ်၊ ဝိညာဉ် လောကတွင် အခိုက်အခန့် အားဖြင့် တည်နေရသေးသည်ဟု မမှန် မကန် ဖေါက်ဖေါက်ပြန်ပြန် ယူကုန်သည်။

ယင်း အတ္တသည်ကား မအို၊ မနာ၊ မသေတတ်သော အမျိုး ဖြစ်၍ ပရမတ္တဖြစ်သည်။ ဒါန၊ သီလ တည်းဟူသော ကောင်းမှု တို့ကို ပြုလုပ်၍ ဆုတောင်းလျှင်ဗြဟ္မာကြီးထံသို့ ရောက်၍ (ဝါ) ကောင်းကင် ဘုံနန်းသို့ ရောက်၍ မအို မသေ နိစ္စ ထာဝရအမြဲ နေရကုန်၏။ ထို့ကြောင့် ပရမတ္တ တည်းဟု ယူကုန်သည်။

ယင်း အတ္တဟူသည် ဗြဟ္မာကြီး၏ အစိတ်အပိုင်းတခုပင် ဖြစ် ၍ ထိုဗြဟ္မာကြီးကိုပင် ပရမအတ္တဟု ခေါ်အပ်သည်။ ထို့ကြောင့် သူရိယသိဒ္ဓန္တကျမ်း၌-

"အစိန္တျာ ဗျတ္တ ရူပါယ၊ နိဂ္ဂုဏာယ ဂုဏတ္တကေ၊ သမတ္တဂျဂဒါဓာရ မုတ္တယေ၊ ဗြဟ္မာဏော နမော" ဟူ၍ ပဏာမဂါထာဖြင့် ဖွင့်လေသည်။

"အစိန္တျာ၊ မကြံနိုင်သော။ အဗျတ္တရူပါယ၊ မထင်ရှား သော အရုပ်သဏ္ဍာန်ရှိသော (ဝါ) ပကတိမျက်စိဖြင့် မမြင် နိုင်သော။ နိဂ္ဂုဏာယ၊ ရာဂဒေါသ မောဟ မရှိသော။ ဂုဏတ္တကေ၊ သီလ သမာဓိဟူသော ဂုဏ်သဘောရှိသော။ သမတ္တဂျဂဒါဓာရမုတ္တယေ၊ ခပ်သိမ်းသော လောက သုံး ပါး၏ တည်ရာလည်း ရှိသော။ ဗြဟ္မာဏော၊ ဗြဟ္မာကြီး အား။ နမော၊ ရှိခိုးပါ၏" ဟူသတည်း။

ထို့ကြောင့် အထက်ပါ သာဓကများကို ထောက်ခြင်း အား ဖြင့် မိစ္ဆာဒိဋ္ဌိတို့ ကြံစည် အပ်သော အတ္တ ဟူသည်မှာ- ဇာဝ၊

## နိဒါန်း

လိပ်ပြာ၊ အသက်၊ ဝိညာဉ် အနှစ်သာရတို့ကို ဆိုလိုခြင်း ဖြစ်ကြောင်း သိနိုင်သည်၊

မိစ္ဆာတို့၏ ကြံအပ်သော ဝိညာဉ်ဟူသည်မှာ ဗုဒ္ဓညွှန်ပြတော်မူသော ဝိညာဏ ခံတ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်ကြောင်း နှလုံးသွင်းမိရန်လိုသည်။

အင်္ဂလိပ်ဘာသာ၌ ထိုဝိညာဉ်ကို (ဆိုးလ်)ဟု ခေါ်သည်။ ယင်း အင်္ဂလိပ်ဝေါဟာကို ဆန်းစစ်ကြည့်လျှင် ပါဠိသဒ္ဒါ ဇီဝမှ ရွေ့လျောလာသည်ဟု ယူဆနိုင်သည်။ မေဃသဒ္ဒာကို မိုဃ်းဟု ပြန်ဆိုသကဲ့သို့ဇီဝကို ဇိုင်းဟု ပြန်ဆို ခြင်းဖြင့် နီးစပ်ကြောင်း တွေ့ရသည်။

ပရိကပ္ပိတဿ အတ္တသာရဿ ဟူသော ဒေသနာတော်အရ မိစ္ဆာတို့ ကြံစည်ကြသော ဝိညာဉ် ဟူသည်မှာ ပကတိ မျက်စိဖြင့် မမြင်နိုင်သောအစွမ်းသတ္တိရှိသော ဝိသေသနာမ်ထူးကို ဆိုလိုသည်။

ယေဘုယျအားဖြင့် မြန်မာတို့ အယူရှိသော ဝိညာဉ်လောကနှင့် တထပ်တည်း ဖြစ်သည်။ လူသေလျှင် ခန္ဓာအိမ်မှ ထွက်ခွာသွားသော ဝိညာဉ်သည် ပကတိလူကဲ့သို့ပင် သွားနိုင် စားနိုင်သည်။ မြင်နိုင်သည်၊ ကြားနိုင်သည်၊ ထိုမျှသာမက အကာအဆီးအရံ အတား ဟူသမျှတို့ကို ထွင်းဖောက်၍ သွားနိုင်သော တန်ခိုးသတ္တိထူးမျိုး ရှိသည်ဟုပင် ထပ်မံ တင်စားလိုက်သေး၏။

ယင်းတိတ္ထိတို့ ကြံအပ်သော ဝိညာဉ်မျိုး စင်စစ် မရှိကြောင်းကို ဗုဒ္ဓက ဝိညာဏ ခံတ်ဖြင့် ညွှန်ပြတော် မူသည်။ ဗုဒ္ဓညွှန်ပြတော်မူသော ဝိညာဏ ခံတ်နှင့် မိစ္ဆာတို့ ယုံကြည် စွဲလမ်းနေ

## နိဒါန်း

သော ဝိညာဉ်နှစ်ရပ်တို့သည် လုံးဝပဋိပက္ခ ဆန့်ကျင်ဘက်ကြီး ဖြစ်သည်။

အမှန်စင်စစ် လောက၌ ဝိညာဏခေတ်သာ ရှိ၍ ဝိညာဉ်မရှိ။ ဝိညာဉ်ဟူသည် အမှန်စင်စစ် လောက၌ မရှိသော အရာကို တိတ္တိတို့ စိတ်ကူးယဉ်ချက်မျှသာ ဖြစ်သည်။ တနည်းအားဖြင့် ယင်း ဝိညာဉ်ဟူသည် ပရမတ္ထ ဓမ္မသဘာဝနှင့် လုံးဝ ဆန့်ကျင်သော အယူသာ ဖြစ်သည်။

### အတ္တကို စွန့်ပစ်နိုင်ခဲ့ပုံ။

ဗုဒ္ဓဘာသာဝင်ဖြစ်လျက် ဘာဝနာတရားကို အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်စေကာမူ၊ အတ္တကို စွန့်ပစ်နိုင်ခဲ့သည်။ အတ္တ ရှိ၍ ရှိမှန်း သိမြင်နိုင်ခဲ့သည်။ ငါ၊ သူတပါး၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မရှိကြောင်း နှုတ်က တဖွဖွ ရွတ်ဖတ် သရဇ္ဈာယ်ဟောပြောနေစေကာမူရုပ်နာမ် ဓမ္မကို သဘာဝကျကျ မမြင်သမျှကာလပတ်လုံး အတ္တကို စွန့်ပစ်ရန် ခဲယဉ်းသည်။

အတ္တစွဲ ဖြစ်ရပုံကား လူသေလျှင် အသက်ထွက် သွားသည်၊ အသက်၊ ဇီဝ၊ လိပ်ပြာ ခေါ် ဝိညာဉ် မှချရှိသည်။ လူသေလျှင် ယင်း ဝိညာဉ်သည် ဘဝတပါးသို့ ပြောင်းရွှေ့ သွားရသည်။ လူသေလျှင် ဘဝတပါးသို့ ပြောင်းရွှေ့သွားရန် ဤခန္ဓာအိမ်၌ တစုံတရာရှိသည်။ ယင်းတစုံတရာသည်ပင် ဝိညာဉ်မုချ ဖြစ်ရမည် ဟူ၍ ယုံကြည်စွဲလမ်း ထားကြသည်။

ထို့အပြင် လူသေပြီးနောက် ရက်မလည်မချင်း၊(၀ါ)သပိတ် မသွတ်မချင်း သေသူ့ ဝိညာဉ်သည် တမလွန်ဘဝသို့ မရောက်

နိုင်သေး၊ နေရင်းအိမ်၌ပင် ရှိနေသေးသည်။ တဖန် အသုဘချသောအခါ သုသာန်မှ သစ်ခက်၊ ဝါးခက် တခုခုဖြင့် သေသူ၏ ဝိညာဉ်ကို ဆွမ်းသွတ်တရားနာယူရန် အိမ်သို့ခေါ်လျှင် ရောက်လာသည်ဟု ယုံကြည်စွဲလမ်းလေ့ ရှိသည်။

ရက်လည်သင်္ဘောဆွမ်းသွတ်အမျှအတန်းဝေပြီးမှသာလျှင် သေသူ၏ ဝိညာဉ်သည် သွားလိုရာသို့ သွားရောက်နိုင်ပြီဖြစ်သည်။ ပြန်တန်းဖတ်မှသာလျှင် သေသူ၏ဝိညာဉ် လွတ်လပ်ခွင့်ရသည်။ သတ္တဝါသေလျှင် တမလွန်ဘဝ၌ အမှီအတွယ် (ခန္ဓာသစ်) ရမှသာလျှင် ဤဘက်မှ ခန္ဓာဟောင်းကို စွန့်လေ့ရှိသည်။ လောက်လန်းသဖွယ် ဝိညာဉ်တွယ်ဟူ၍ ဖေါက်ဖေါက် ပြန်ပြန် အမှောက် မှောက် အမှားမှား ယူကြသော အစွဲအလမ်းတို့သည် အတ္တ၊ အတ္တဒိဋ္ဌိ၊ အတ္တ ဥပါဒါန် ဆိုက်နေကြောင်းကို အလွန်သိနိုင်ခဲ့သည်။

သေသူ၏ ဝိညာဉ်သည် တမလွန် ဘဝသို့ ကူးပြောင်းခြင်း၊ သေသူအား အမှတ်ရာလေး တခုခုပေးလိုက်လျှင် နောင်ဘဝ၌ အမှတ်ပါနိုင်ခြင်း၊ စုန်း၊ ကဝေနှင့် ပယောဂဆရာတို့က လူတို့၏ လိပ်ပြာကို ချုပ်ထားနိုင်ခြင်း၊ လူဝင်စားခြင်း၊ အသက်(ခေါ်) ဇီဝ(ခေါ်)လိပ်ပြာ(ခေါ်)ဝိညာဉ်ကိုခန္ဓာကိုယ်မှတနေရာသို့ ခွာထုတ်ထားနိုင်ခြင်းစသည်တို့ကို အဟုတ်တကယ်မှတ်၍ ယုံကြည်စွဲလမ်းခြင်း ဟူသမျှသည် အတ္တဒိဋ္ဌိ၊ အတ္တဥပါဒါန်၊ အတ္တစွဲကြီးဖြစ်သည်။

ယင်းအတ္တစွဲကြီးများသည် ယခုဘဝမှစွဲရသော အစွဲမဟုတ်၊ ကမ္ဘာကမ္ဘာ အနမတဂ္ဂ သံသရာကပင် စွဲလာခဲ့သော အတ္တစွဲကြီးများဖြစ်၍ စွန့်ပစ်နိုင်ရန် ခဲယဉ်းလှသည်။

နောင်တမလွန်ဘဝသို့ ကူးပြောင်းရန် ငါ၏ ခန္ဓာကိုယ်၌

ဝိညာဉ်မုချရှိရမည်။ သို့မှသာ တမလွန်ဘဝသို့ ကူးပြောင်းသွားနိုင်မည်။ ငါ၏ခန္ဓာကိုယ်၌ ဝိညာဉ်မရှိလျှင် တမလွန်သို့ မကူးနိုင်။ ဗုဒ္ဓကလည်း တမလွန်ဘဝရှိကြောင်း ဟောတော်မူပြီး ဖြစ်သည်။ မြင်ခြင်း၊ ကြားခြင်း စသည်တို့သည်လည်း ငါ၏ခန္ဓာကိုယ်၌ ကြီးမှူးချုပ်ကိုင်ထားသော ဝိညာဉ်ကသာ ပြုလုပ်ခြင်းဖြစ်သည်။ ထိုဝိညာဉ်မှတပါး အခြားမရှိဟူသော ထင်မှတ်စွဲလမ်းမှုကြောင့် အတ္တစွဲ ဖြစ်ရကြောင်းကို သုတမယ ဉာဏ်ဖြင့် ကျကျနန သိထားရန်လိုသည်။

ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိဟူ၍ ရွတ်ဖတ် သရဇ္ဈာယ်နိုင်ရုံမျှဖြင့် အတ္တစွဲပြုတ်သွားမည် မထင်နှင့်။ ဤထက်ပါ အတ္တစွဲဖြစ်ရပုံကို ကြပ်ကြပ် နှလုံးသွင်းထားရန် လိုသည်။

ဝိညာဉ်လောက ရှိသည်ဟု ယုံကြည်နေလျှင် လူသေလျှင်၊ ခန္ဓာအိမ်မှ ဝိညာဉ်သည် ဘဝတပါးသို့ ကူးပြောင်းသွားရသည်ဟု ယုံကြည်နေလျှင်၊ မိမိခန္ဓာ၌ ဘဝတပါးသို့ ကူးပြောင်းသွားရန် အသက်၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ် ရှိနေသည်ဟု ယုံကြည်လျှင် မုချ အတ္တစွဲဖြစ်၏။ အတ္တဒိဋ္ဌိမှ မလွတ်။

ဆွမ်းသွတ် အမျှပေးဝေခြင်းသည် မဟာကုသိုလ် ဖြစ်သည်ကား မှန်၏။ သို့သော် အတ္တမလွတ်။ အဘယ် ကြောင့်နည်း။ သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေ စပ်ကြား၌ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်သာ ကြာမြင့်သောကြောင့် ပဋိသန္ဓေသစ်၌ တည်နေသော သူသည် မည်သည့်နည်းနှင့်မျှ ကြားသိနိုင်ခြင်းမရှိ။

ဘဝဟောင်းမှ အမျှပေးဝေခြင်းကို ဘဝသစ်၌ လုံးဝကြားသိနိုင်စွမ်းခြင်း မရှိပါပဲလျက် ဆွမ်းသွတ် အမျှ ပေးဝေခြင်း၏

ရည်စူးချက်မှာ ဘဝတပါးသို့ ဝိညာဉ်ကူးပြောင်း သွားရသည် ဟူသော ခံယူချက်ဖြင့် ပြုလုပ်ကြသည့် လက္ခဏာ ပေါ်လွင်နေသည်။ ထို့ကြောင့် အတ္တစွဲမှမလွတ်။

အတ္တစွဲနှင့်ပတ်သက်၍ ရေးရလျှင် ကုန်နိုင်ဘွယ်ရာမရှိ။ အတ္တစွဲသည် သတ္တဝါတို့၏ မူပိုင်ကြီးတရပ်ကဲ့သို့ ဖြစ်နေ၍ စွန့်လွှတ်ပစ်ရန်၊ ချွတ်ပစ်ရန်၊ ဖြုတ်ပစ်ရန် အလွန် ခဲယဉ်းသော အလုပ်ဖြစ်သည်။

ယင်းအတ္တစွဲသည် သတ္တဝါတို့အား သံသရာနယ်ထဲမှ မထွက်နိုင်အောင် ဒုက္ခအပေးဆုံး၊ အနှိပ်စက်ဆုံးသော တရားဖြစ်သည်။ အနတ္တကို ပိုင်ပိုင်သိလျက် အတ္တကို ဖြုတ်နိုင်က သံသရာနှုတ်ခမ်းသတ်လျက် အရိယာဇာတ်သို့ ရောက်နိုင်သည်။

## အနတ္တ၏ လိုရင်းအဓိပ္ပါယ်။

ယခုအခါတွင် အတ္တစိတ်ကို ဖျောက်ရန် အပြောတွင်ကျယ်နေသလောက် အတ္တ၏အဓိပ္ပါယ်ကို သိသူရှားသည်။ အတ္တစိတ်၊ အတ္တစွဲကိုဖျောက်ရန် အပြောလွယ်သလောက် အလုပ်ခက်သည်။ ယင်းသို့ အတ္တစိတ်၊ အတ္တစွဲကို တွင်တွင်သုံးနေကြသူတို့ ကိုယ်တိုင်လည်း အတ္တ၏အနက်ကို သိခြင်းမရှိ။

အတ္တစိတ်၊ အတ္တစွဲကိုယေဘုယျအားဖြင့် ငါစွဲ ဟူ၍သာ သာမန် သိနေကြသည်၊ အတ္တစိတ် ဟူသည် စင်စစ် ကိုယ်နှင့် ငါကို စွဲ၍ ဖြစ်ရသော အစွဲမဟုတ်။ ခန္ဓာ ငါးပါး၌ အနှစ်အသားရှိသည်၊ ပြုပြင် စီရင်နေသော ဝိညာဉ်ရှိသည်။ ငါ၏ ခန္ဓာကြီးပျက်စီးသွားသော်လည်း ဝိညာဉ်ကမူသေ၊ သံသရာ၌ ပြေးလွှား

လျက်သာ နေရသည်ဟူသော အယူကိုစွဲ၍ ဖြစ်ရသော အတ္တသာ ဖြစ်သည်။

လယ်တီဆရာတော်ကြီးနှင့်ယောမင်းကြီး၏ဝိမုတ္တိရသကျမ်းတို့၌ အတ္တ၏ သဘောလက္ခဏာတို့ကို သေချာစွာ ခွဲခြား၍ မိန့်ဆိုချက်များကိုလည်း နှလုံးသွင်းမိရန် လိုသည်။

အတ္တစိတ်၊ အတ္တစွဲဟူသည် ကာယနှင့် ခန္ဓာ၊ (ဝါ)ကိုယ်ခန္ဓာတို့ကို ညွှန်ပြတော် မူခြင်း မဟုတ်။ ကိုယ်ခန္ဓာဟူရာ၌ အပေါင်းအစု ဟောချည်းဖြစ်၍ ခန္ဓာဝဂ္ဂပါဠိတော်၌—

"ကတမော စ ဘိက္ခဝေ သက္ကာယော ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနီယံ"

ဟူ၍မှီရ်း၊ မဟာဝဂ္ဂ ပါဠိတော် မဟာသတိပဋ္ဌာန်သုတ် ကာယာနုပဿနာကမ္မဋ္ဌာန်း၌—

"အတ္ထိဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော"

ဟူ၍ရင်း ညွှန်ပြတော်မူသောကြောင့်ခန္ဓာ၊ ကာယ၊ သက္ကာယ ဟူသော တရားတို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် နှလုံးသွင်းသင့် သွင်းထိုက်၏။ အတ္တစွဲ အတ္တဒိဋ္ဌိ မဖြစ်။

ယင်း ကာယ၊ သက္ကာယ၊ ခန္ဓာငါးပါး တို့ကို စွဲ၍ ဖြစ်သော အမြင်မှား၊ အယူမှားကိုသာ ဗုဒ္ဓကအတ္တစိတ်၊အတ္တစွဲ၊ အတ္တဒိဋ္ဌိ ဟု ညွှန်ပြတော်မူခြင်း ဖြစ်သည်။ ကာယ၊ သက္ကာယ၊ ခန္ဓာတို့ကို အတ္တဟု ညွှန်ပြတော်မူခြင်း မဟုတ်။

ထို့ကြောင့် အနတ္တ ဟူသော ပုဒ်၌ အတ္တသဒ္ဒါသည် ကိုယ် ခန္ဓာဟောကို ဟောသည် ဟူသော အယူကို တားမြစ်ရန်အတွက် တရားစစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာထေရ်မြတ်ကြီး က ပဋိသမ္ဘိဒါမဂ်၌—

## နိဒါန်း

"အနတ္တာ အသာရကဋ္ဌေန"

ဟု ညွှန်ပြတော်မူသည်။

ထို့ကြောင့်--

"အနတ္တာ အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရ
ကော ဒေဝကော သယံဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တ
သာရဿ အဘာဝေန"

ဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဖွင့်တော်မူပုံမှာ--

"အနတ္တာ၊ အနတ္တ ဟူသည်ကား။ အသာရကဋ္ဌေန၊ ခန္ဓာ၏ အနှစ် အသား၊ (ဝါ)ဝိညာဉ် မဟုတ်။ အတ္တာ၊ အတ္တသည်။ နိဝါသီ၊ ခန္ဓာအိမ်ရှင်။ ကာရကော၊ မြင်ခြင်း၊ ကြားခြင်း စသည်တို့ကို ပြီးစေတတ်သော ကတ္တား ဖြစ်၏။ ဝေဒကော၊ သိတတ် ခံစားတတ်၏။ သယံဝသီ၊ ဤခန္ဓာအိမ်သည် အတ္တ ဟူသော မိမိအလိုသို့ လိုက်ရ၏။ ဣတိဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော အစွမ်းသတ္တိ ရှိသည့်အတ္တ၊ (ဝါ)ဝိညာဉ် ဟူ၍။ ပရိကပ္ပိတဿ၊ မိစ္ဆာဒိဋ္ဌိတို့ ကြံအပ်သော။ အတ္တသာရဿ၊ ဤကိုယ်ခန္ဓာ၏ အနှစ်အသား အတ္တ ဟူသော ဝိညာဉ်၏။ အဘာဝေန၊ မရှိသဖြင့်။ အဘာဝတော၊ မရှိသောကြောင့်။ အသာရကဋ္ဌေန၊ အနှစ်အသား မဟုတ် သောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။"

ထို့ကြောင့် အတ္တစွဲ ဖြစ်ရသည်မှာ ခန္ဓာငါးပါးတို့၌ အနှစ် အသား ရှိသည်၊ ဝိညာဉ်ရှိသည်၊ မြင်ခြင်း၊ ကြားခြင်း စသည်တို့ သည်လည်း ထိုအတ္တ ဟူသော ဝိညာဉ်ကပင် မြင်ခြင်း၊ ကြား

ခြင်းဖြစ်သည်ဟု စွဲလမ်းရာမှ အစဖြစ်ပေါ်လာရသော အတ္တသာ တည်း။

ယင်းသို့ မှောက်မှောက် မှားမှား ဖြစ်ပေါ်လာရသော အယူ အစွဲကိုသာ အတ္တ၊ အတ္တစိတ်၊ အတ္တစွဲဟု ခေါ်သည်။ တနည်း အားဖြင့် မြင်ခြင်း ကြားခြင်းတို့သည် စက္ခု၊သောတ၊ဃာန၊ဇိဝှာ၊ ကာယ၊ မနတည်းဟူသော ဝိညာဏခေတ်ခြောက်ပါး တို့ကြောင့် ဖြစ်ရသည်ဟု ဟုတ်တိုင်းမှန်စွာ နှလုံး မသွင်းမိဘဲလျက်....

ငါ၏ အတ္တက မြင်သည်၊ ငါ၏ အတ္တက ကြားသည်၊ ငါ၏ အတ္တက လုပ်သည်၊ တနည်း ငါမြင်သည်၊ ငါကြားသည်၊ ငါ လုပ်သည်ဟူ၍ ဖေါက်ဖေါက်ပြန်ပြန် နှလုံးသွင်းမိသောကြောင့် အတ္တစိတ်၊ အတ္တစွဲ၊ အတ္တဒိဋ္ဌိ ဖြစ်ရ၏။

ငါ၊ကျွန်တော်၊ ကျွန်ုပ်ဟူသော သဒ္ဒါကိုစွဲ၍ အတ္တဒိဋ္ဌိ၊ အတ္တစွဲ ဖြစ်ရသည် မဟုတ်ကြောင်းကိုလည်း နှလုံးသွင်းတတ်ရန်လိုသည်။ ယင်းသဒ္ဒါ တို့သည် သုံးသင့် သုံးထိုက်သော သမ္မုတိ ပညတ် ဝေါဟာရများ ဖြစ်သည်။

ထို့ကြောင့် သတိပဋ္ဌာန် ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်းဒေသနာ တော်ကြီး၌-

> "အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ၊ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ"
>
> "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်ကို ထိုးထွင်းလျက် သိ၏၊ ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိသည်ကိုလည်း ထိုးထွင်းလျက် သိ၏"

ဟူ၍ ညွှန်ပြတော်မူသည်ကိုလည်း အထူး နှလုံးသွင်းအပ်ပါသည်။ သမ္မုတိပညတ်အစစ် ဖြစ်သော ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊လူ၊

နတ်စသည်တို့နှင့် အတ္တသဘောကို မရောမယှက် ခွဲခြား၍သိရန် လိုသည်။

အတ္တဟူသည် မိစ္ဆာဝါဒီတို့ ပဋိစ္စ သမုပ္ပါဒ် စက်ဝန်းကြီး လည်ပတ် နေပုံကို ဟုတ်မှန်သည့် အတိုင်း မမြင်စွမ်း နိုင်သော ကြောင့် စိတ်ကူးယဉ်လျက် ဖန်တီး လုပ်ကြံ ထားသော အယူမျှ သာ ဖြစ်သည်။ အတ္တသည် သမ္မုတိသစ္စာလည်း မဟုတ်။ ပရမတ္ထ သစ္စာလည်းမဟုတ်။ သစ္စာနှစ်ပါးတွင် မည်သည့် အချက်ကိုမျှ မဝင်သောကြောင့် ခွဲခြားသိရန် လိုသည်။

ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်စသည့် လောကီ ပညတ် တို့သည် သမ္မုတိသစ္စာအစစ် ဖြစ်သည်။ ကာယ၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ် စသည့် တရားတို့သည် ပရမတ္ထ သစ္စာအစစ် ဖြစ်သည်။

ထို့ကြောင့် ယင်း သစ္စာနှစ်ပါး လုံးပင် အမှန် အကန်ချည်း ဖြစ်၍ မပယ်အပ် ကြောင်းကို ဝိပဿနာ ဒီပနီ သစ္စာကထာ၌ လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူသည်။ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ထင်မှတ်ရုံဖြင့် အတ္တဒိဋ္ဌိ မဖြစ်သေး။ ခန္ဓာ ကိုယ်၌ အတ္တ(ဝိညာဉ်၊ လိပ်ပြာ၊ အသက်၊ ဇီဝ)ရှိ၏ဟု ယုံကြည် စွဲလမ်းလျှင် မှချ အတ္တဒိဋ္ဌိ ဖြစ်သည်။ အတ္တအရာသည် အလွန် ကျယ်ဝန်းသည်။

ယင်းသို့ ယုံကြည် စွဲလမ်း နေခြင်းကို သာလျှင် အတ္တစိတ်၊ အတ္တစွဲ၊ အတ္တဒိဋ္ဌိဟု ခေါ်သည်။ ယင်း အတ္တစွဲကြီးကို အမြစ်ပါ မကျန် ကျွတ်ထွက် သွားအောင် တတ်နိုင် သည်ကား ပထမ မဂ်ဉာဏ်သာ ဖြစ်သည်။ ငါဟူ၍ ထောင်လွှား တတ်သော မာန (မာန်)တရားကို စတုတ္ထမဂ်ဉာဏ်သာ ဖျက်ဆီးနိုင်စွမ်း ရှိသည်။

# နိဒါန်း

အတ္တစွဲဟူသည် သက္ကာယဒိဋ္ဌိ နှစ်ဆယ်သာလျှင်ဖြစ်၍ ပထမ မဂ်ဉာဏ်ဖြင့်လည်း ဖျက်ဆီးပစ်နိုင်သည်။ သို့သော် အတ္တစွဲကို ဉာတပရိညာဉာဏ်ဖြင့်လည်း ဖျက်ဆီးပစ်နိုင်ကြောင်း ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး မိန့်တော်မူသည်။ အဘယ့်ကြောင့်ဆိုသော် ဉာတပရိညာဉာဏ်ကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်အား စူဠသောတာပန် ဟု မိန့်ဆိုချက် ရှိသောကြောင့် ဖြစ်သည်။

နာမ့်နှင့် ရုပ်ကို ပိုင်းခြား၍ သိမှသာလျှင် ပဋိစ္စသမုပ္ပါဒ် ဘဝစက်ဝန်းကြီး၏ လည်ပတ်နေပုံကို ဟုတ်မှန်သည့် အတိုင်း သိနိုင်မည်။ ယင်းသို့ ပဋိစ္စသမုပ္ပါဒ်စက်ဝန်းကို တဆယ့်နှစ်အင်္ဂါ ဖြင့်၎င်း၊ နည်းလေးပါး ဖြင့် ၎င်း၊ ပိုင်းခြား၍ ဟုတ်မှန်သည့် အတိုင်း သိမြင်နိုင်မှသာလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်၍ မဂ်ဖိုလ် ဆိုက်နိုင်မည် ဖြစ်သောကြောင့် ဗုဒ္ဓ၏ အတုမရှိသော သာသနာ တော်သုံးရပ်နှင့် ကုံခိုက် နိဗ္ဗာနဓါတ် ဆိုက်နိုင်အောင် မလျော့ သော လုံ့လဖြင့် အားထုတ် ပွားများနိုင် ကြပါစေ သတည်း။

ဒဂုဏ်ထွန်း
၈-၁၂-၇၀

၁၃၃၂–ခု၊ နတ်တော်လဆန်း (၁၀) ရက်။

## မှီငြမ်း ကိုးကားသော ကျမ်းများ။

၁။ ဓမ္မသင်္ဂဏီပါဠိတော်၊
၂။ ဝိဘင်္ဂပါဠိတော်
၃။ ဓါတုကထာပါဠိတော်
၄။ အဋ္ဌသာလိနီ အဋ္ဌကထာ (ဓမ္မသင်္ဂဏီ ပါဠိတော် အဖွင့်) အရှင်မဟာဗုဒ္ဓဃောသမထေရ်
၅။ အဋ္ဌသာလိနီ ယောဇနာ (အရှင် ဉာဏ ကိတ္တိ မထေရ်)
၆။ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ(ဝိဘင်္ဂပါဠိတော် အဖွင့်)
၇။ သမ္မောဟဝိနောဒနီ ယောဇနာ (အရှင် သိရိ သုမင်္ဂလ မထေရ်)
၈။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ဒု)တွဲ
၉။ ဝိသုဒ္ဓိမဂ်မဟာဋီကာ(ပ+ဒု)တွဲ
၁၀။ ဝိသုဒ္ဓိမဂ်မြန်မာပြန်(ဒု)တွဲ
၁၁။ ဓမ္မသင်္ဂဏီမူလဋီကာ
၁၂။ ဓမ္မသင်္ဂဏီအနုဋီကာ
၁၃။ မဏိသာရမဉ္ဇူသာဋီကာ(ပ+ဒု)တွဲ
၁၄။ မဏိဒီပဋီကာကြီး(ပ)တွဲ

၁၅။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း
၁၆။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ
၁၇။ သင်္ခေပဝဏ္ဏနာဋီကာ
၁၈။ အဘိဓမ္မတ္ထသင်္ဂဟဋီကာ
၁၉။ အဘိဓမ္မာဝတာရကျမ်း
၂၀။ နာမရူပ ပရိစ္ဆေဒကျမ်း
၂၁။ ပရမတ္ထဝိနိစ္ဆယကျမ်း
၂၂။ သစ္စသင်္ခေပကျမ်း
၂၃။ အဘိဓမ္မာဝတာရ ပုရာဏဋီကာ
၂၄။ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပ)တွဲ (မြို့ပြင်ကြီး ဆရာတော်)
၂၅။ ပရမတ္ထသရူပဘေဒနီကျမ်း (ပ) တွဲ (မဟာဝိသုဒ္ဓါရုံ ဆရာတော်)
၂၆။ သုတေသန သရုပ်ပြ အဘိဓါန် (ဦးသြဘာသာဘိဝံသ) ဖျာပုံဆရာတော်။
၂၇။ ပဋ္ဌ ပကြိုဏ် အဋ္ဌကထာ (အဘိဓမ္မာအထက်ငါးကျမ်းအဖွင့်)

ဤ ဓါတ်ခန္ဓာအစုဖြင့် ရဘနာ သုံးပါးအား ရှိနိုးပါ၏။

## ခန္ဓာ ငါး ပါး အဖွင့်
## ရုပ် ပိုင်း။

### (ရုပ် ခန္ဓာ အဖွင့်)

### ဘယ့်ကြောင့် ရုပ်ဟု ခေါ်သနည်း

ရုပ်ဟူသည်မှာဖေါက်ပြန်တတ်၏။ပျက်စီးတတ်၏။ထို့ကြောင့် ရုပ်ဟု ခေါ်သည်။ ရုပ်သည် အကြောင်းမဲ့ သက်သက် ဖေါက်ပြန်ခြင်းမရှိ။ ရုပ်ဖေါက်ပြန်ခြင်း၊ ပျက်စီးခြင်း တို့သည် ခိုင်လုံ ပြည့်စုံသော အကြောင်းတရားများ မုချရှိ၏။

အပူ၊ အအေးဟူသော ဆန့်ကျင်ဘက် အကြောင်းတရား တို့ကြောင့်ရုပ်သည်ဖေါက်ပြန်ရ၏၊ထို့ကြောင့်ရုပ်မည်၏၊ဆာလောင်ခြင်း၊မွတ်သိပ်ခြင်း၊လက်နက်တို့ဖြင့် ထိခိုက်ခြင်းစသော ဆန့်ကျင်ဘက် အကြောင်းတရားတို့ကြောင့် အပေါင်းပညတ် ဟူသော ရုပ်လုံး ရုပ်ခဲကြီးသည် ပြိုကွဲပျက်စီးခြင်းသို့ ရောက်ရ၏။ ထို သဘောကြောင့် ရုပ်မည်၏။

တနည်းအားဖြင့် ရုပ်ဟူသည် မိမိ၏သဘာဝ(သဘော)တရားကို ထွန်းပြတတ်၏။ ထို့ကြောင့် ရုပ်မည်၏ ဟူ၍လည်း အဘိဓါန် ဋီကာ၌ ဖွင့်ပြသည်။

## ရုပ်၏ မူလသဘော

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော အဘိဓမ္မာတရား လေးပါးတွင် ရုပ်ဟူသည်မှာ အဘယ်နည်း။ အဘယ်တရားကို ရုပ်ဟုခေါ်သနည်း။ အမှန်စင်စစ် ရုပ်၏မူလသည် မဟာဘူတ ခေါ် ဓါတ်ကြီးလေးပါးပင်ဖြစ်သည်။

ထို့အပြင် ဓါတ်ကြီးလေးပါးကိုအမှီပြု၍ ဖြစ်သော ရုပ် ၂၄-ပါး ရှိပြန်သည်။ ယင်းကို ဥပါဒါရုပ်ဟု ခေါ်သည်။

ထို့ကြောင့် ရုပ်တရားကို ပိုင်းခြား လိုက်လျှင် အပိုင်းကြီး နှစ်ပိုင်း ထွက်ပေါ်လာသည်ကို တွေ့မြင်နိုင်သည်။ ပဌမပိုင်းမှာ မဟာဘူတခေါ် မြေ၊ ရေ၊ လေ၊ မီး ဓါတ်ကြီးလေးပါးကို ဘူတရုပ်ဟုခေါ်သည်။ ဒုတိယအပိုင်းမှာ ထိုဘူတရုပ်ကို အမှီပြု၍ ဖြစ်ပေါ် လာရသောကြောင့် ပသာဒရုပ်၊ ဂေါစရရုပ်၊ ဘာဝရုပ် အစရှိသည်တို့ကို ဥပါဒါရုပ်ဟု ခေါ်သည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် မိမိ သဘောအားဖြင့် ထိုက်သည့် အားလျော်စွာ ပြီးစေတတ်၏။ ထို့ကြောင့် နိပ္ဖန္နရုပ်ဟုခေါ်သည်။

အာကာသ၊ ဝိညတ်၊ ဝိကာရ၊ လက္ခဏာရုပ် တို့သည် မိမိ၏ သဘောအားဖြင့် ပြီးစေတတ်ခြင်း မရှိ။ ဓါတ်ကြီး လေးပါး

သဘောကြောင့်သာ ဖြီးစေရသောကြောင့် အနိပ္ဖန္န ရုပ်ဟု ခေါ်သည်။

## ရုပ်ပရမတ်မည်ပုံ

ရုပ်သည် အပူအအေးဟူသော ဝိရောဓိ ဆန့်ကျင်ဘက် သဘာဝ တရားတို့ကြောင့် ဖေါက်ပြန်တတ်၏။သို့သော် ယင်းရုပ်တရားကို ဗုဒ္ဓက ပရမတ်ဖြစ်ကြောင်း ညွှန်ပြတော်မူသည်။ ရုပ်တရားသည် အဘယ့်ကြောင့် ပရမတ်ဖြစ်ရသနည်း။

ယောကျ်ား၊မိန်းမ၊ လူ၊နတ်၊ ဗြဟ္မာ၊ အိုး၊အိမ်၊ တော၊ တောင်စသည် အတ္တ၊ သမူဟ၊ ဝေါဟာရ၊ သဏ္ဌာန၊ သဏ္ဍာန ပညတ်တို့နှင့် လုံးဝစပ်ဆိုင်ခြင်းမရှိပဲ ယင်း ပညတ်(လောကီသမ္မုတိသစ္စာ) တို့မှ အသီးအခြား ထုတ်ယူထားသောကြောင့် ပရမတ် ဆတ်ဆတ်မည်၏။

ရုပ်ဟူသည် သဘောအားဖြင့် မဖေါက်ပြန်တတ်သောကြောင့် ပရမတ်မည်၏။ ရုပ်တရားသည် ဆန့်ကျင်ဘက် အကြောင်းတရားတို့ကြောင့် ဖေါက်ပြန်တတ်သော်လည်း သဘောလက္ခဏာ အားဖြင့် မဖေါက်ပြန်တတ်ပုံကို—

"ပထဝီ၊ အာပေါစသော ရုပ်တရားဟူသမျှ၌ ပထဝီဓါတ်သည် ကက္ခဠ လက္ခဏာ(ခက်မာမှု)ရှိသည်။ အာပေါ ဓါတ်သည် ပဂ္ဃရဏ လက္ခဏာ(ယိုစီးမှု)ရှိသည်။ တရံတဆစ်မျှ ထိုလက္ခဏာ မှဖေါက်ပြန်၍ တပါးသောလက္ခဏာ ရှိသည်မဖြစ်၊ ထိုသို့ လက္ခဏာအားဖြင့် မဖေါက်မပြန်တတ်သောသဘောကြောင့် ပရမတ်မည်၏" ဟူ၍အဘိဓမ္မတ္ထ သရူပ ဒီပကကျမ်း၌ မိန့်သည်။

ဋီကာကျော်၌ ဖွင့်ပြချက်အရ သဘောအားဖြင့် မဖေါက်ပြန်တတ်သောကြောင့် ပရမတ်မည်၏။ သဗ္ဗညုတ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် ပရမတ်မည်၏။ စိတ်၊ စေတသိက်တို့၌လည်း စိတ်သည် အထူးသိခြင်း ဟူသော သဘော၊ ဝေဒနာသည် ခံစားခြင်းသဘော၊ ဖဿသည် ထိတွေ့ခြင်းသဘော တို့မှ ဖေါက်ပြန် ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့် ပရမတ်မည်၏ ဟူ၍ အဘိဓမ္မတ္ထ သရူပ ဒီပက ကျမ်း၌မိန့်၏။

စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန် ဟူသောပရမတ္ထ တရားလေးပါးတို့သည် လူနတ်စသော လောကီသမ္မုတိ ပညတ်တို့မှ သီးခြားထုတ်ယူထားသော ပညတ်တရားနှင့် လုံးဝ မသက်ဆိုင်သောကြောင့် ပရမတ်စင်စစ် ဓါတ်အနှစ်ဖြစ်သည်။

ယောကျ်ား၊မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ ၊တော၊တောင်၊ သမုဒ္ဒရာစသည့် ပညတ် ဝေါဟာရတို့မှာ လောကီသမ္မုတိ သစ္စာအားဖြင့် မှန်သည်။ပရမတ္ထသစ္စာအားဖြင့် မမှန်။ ပထဝီ၊တေဇော၊အာပေါ၊ ဝါယော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ အာကာသ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ စသည့်ရုပ်တရား နှစ်ဆယ့်ရှစ်ပါးတို့သည် ပရမတ္ထသစ္စာမည်၏။

လောကီ သမ္မုတိ သစ္စာမည်သော တရားသည် မုချအားဖြင့် မမှန်ကန်။ ပရမတ္ထ တရားသည်ကား မုချအားဖြင့် မှန်ကန်သည်။ ယင်းသို့ အတိအကျမှန်ကန်သော သဘောကြောင့် ပရမတ္ထ ဟု ခေါ်သည်။

ရုပ်တရား၌ မြင်အပ်သောရုပ်၊မမြင်အပ်သောရုပ်ဟူ၍ နှစ်မျိုးရှိသည်။ ရူပါရုံ(အဆင်းသဏ္ဌာန်)ကိုသာလျှင် ပကတိမျက်စိဖြင့်

မြင်အပ်သောကြောင့် သနိဒဿနရုပ်ဟုခေါ်သည်။ ရူပါရုံမှတပါး ကြွင်းသောရုပ် ၂၇-ပါးတို့သည် ပကတိမျက်စိ(စက္ခုဝိညာဏ်) ဖြင့် မမြင်အပ်သောကြောင့် (ဝါ) မြင်အပ်သော ရုပ်မဟုတ်၍ အနိဒဿန ရုပ်ဟုခေါ်သည်။

အချို့သော ရုပ်ဝါဒီသမားတို့က ပကတိမျက်စိဖြင့် မြင်နိုင်မှသာလျှင် ရုပ်ဟူ၍ လက်ခံထားသည်။ ဗုဒ္ဓကား ထိုသို့မဟုတ်။ ရုပ်တရား၌လည်း ပကတိမျက်စိဖြင့် မမြင်အပ်သောရုပ်၊ မြင်အပ်သောရုပ်ဟူ၍ နှစ်ပိုင်း ညွှန်ပြတော်မူသည်။

ထို့ကြောင့် သနိဒဿန၊ အနိဒဿန ဟူ၍ နှစ်ပိုင်းပေါ်လာခြင်းဖြစ်သည်။ အချို့သော နာမ်ဝါဒီသမားတို့က ပကတိမျက်စိဖြင့် မြင်ရသည်ကား ရုပ်၊ ပကတိ မျက်စိဖြင့် မမြင်ရသည်ကား နာမ်ဟု ယုံကြည်ထားကြသည်။ ဤကား မဟာအနှောင်းတော်ပုံကြီးဖြစ်နေပြန်သည်။

အမှန်စင်စစ် ရုပ်၏အဓိကသည် မဟာဘူတ ဓါတ်ကြီးလေးပါးပင် ဖြစ်သည်။ ယင်း ဓါတ်ကြီး လေးပါးတို့သည် မိမိတို့၏သဘာဝကို ထွန်းပြ တတ်သောကြောင့် မိမိ၏ သဘောကိုသာ မိမိ ဆောင်တတ်သောကြောင့် ဓါတ်မည်၏။ အပူအအေး ဟူသော အကြောင်းတရား တို့ကြောင့် ဖေါက်ပြန် တတ်၏။ ထို့ကြောင့် ရုပ်မည်၏။

အနှစ်သာရမရှိသောကြောင့် ဒုက္ခမည်၏။ အစိုးမရသောကြောင့် အနတ္တမည်၏။ န+အတ္တ=အတ္တကိုဝ် အကောင်အထည် မဟုတ်၊ အနတ္တမျှသာတည်း။

ယင်းဓာတ်ကြီးလေးပါး၊ဝါ = မဟာဘူတရုပ် တည်ရှိသောကြောင့် ဝါ-တည်ရှိနေသောလောကကို လောက သုံးပါးဟု

ခေါ်သည်။ ယင်း ဓာတ်ကြီး လေးပါးကို စွဲမှတ်၍ ဖြစ်ပေါ်လာရသော ရုပ်တရား ၂၄-ပါးတို့ကို ဥပါဒါရုပ်ဟု ခေါ်သည်။

မဟာဘူတရုပ်လေးပါး၊ ဥပါဒါရုပ် ၂၄—ပါး၊ပေါင်း ၂၈ ပါးသော ရုပ်တို့ကိုသာလျှင် ရုပ်တရားဟု ဗုဒ္ဓက ညွှန်ပြတော်မူသည်။

အချို့သော ရုပ်ဝါဒီသမားတို့က ရုပ်ကို လိုအပ်သလို ပြုပြင်ဖန်တည်း၍ ရနိုင်သည်ဟု တရားသေယူဆထားကြ၏။အချို့သော နာမ်ဝါဒီသမားတို့ကလည်း နာမ်ကို လိုအပ်သလိုပြုပြင်နိုင်သည်၊ ဖန်တည်းနိုင်သည်ဟု ယူဆထားကြပြန်၏။

ဥပမာတခု ပြရသော် လူသေပြီးနောက် အတ္တခေါ် ဇီဝခေါ်လိပ်ပြာကို ပယောဂနည်းဖြင့် ချုပ်ကိုင်ထားခြင်း၊ အမိန့်ပြန်တမ်းထုတ်၍ ဇီဝခေါ်လိပ်ပြာကောင်ကို လွတ်ငြိမ်းခွင့်ပေးခြင်းစသည်တို့ကဲ့သို့တည်း။

ရုပ်တရား နာမ်တရားတို့ကို ဗုဒ္ဓညွှန်ပြတော် မူသည့်အတိုင်း တသွေမတိမ်းလိုက်နာ လက်ခံယုံကြည်သူ အလွန်နည်းပါး၏။ ဤအချက်ကပင် ဗုဒ္ဓဘာသာအမည်ခံသူတို့၏ မဟာအားနည်းချက်ကြီးဖြစ်ကြောင်း သက်သေခံနေသည်။

တဖန် သတ္တဝါတို့၌ အတ္တဒိဋ္ဌိကြီး ဖြစ်နေပုံမှာ အချို့သောသူတို့က ရုပ်တရားကိုကြီးစိုး၍ရနိုင်သည်၊ ချုပ်ကိုင်၍ ရနိုင်သည် ချယ်လှယ်၍ရနိုင်သည်ဟု ထင်မှတ်စွဲလမ်း နေကြသည်။ ယင်း အယူအဆကို ဆန်းစစ်ကြည့်လျှင် (အတ္တ) နှင့် ငြိစွန်းနေသည်ကို တွေ့ရသည်။

ခပ်သိမ်းသောရုပ်နာမ် သင်္ခါရ တရားတို့ကို ကြီးစိုး၍ မရ၊ ချုပ်ကိုင်၍မရ၊ စိုးမိုး အုပ်ချုပ်၍မရ၊ အကြောင်း တရားချင်း

တိုက်ဆိုင်မိတိုင်း သူ့သဘော အလျောက်သာ ဖြစ်ရ ကုန်၏။ အစိုးရခြင်းမရှိကုန်၊ ထို့ကြောင့် အနတ္တမည်၏ဟူ၍ ဗုဒ္ဓကတိကျစွာပင်ညွှန်ပြထားခဲ့သည်။

ရုပ်ကို ချုပ်ကိုင်၍ ချယ်လှယ်၍ ရနိုင်သည် ဆိုလျှင် ဗုဒ္ဓ၏ အနတ္တကို ပြောင်းပြန်လှန်ပစ်သော အတ္တအယူသာလျှင် ဖြစ်နိုင်သည်။ ခပ်သိမ်းသော ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို ချုပ်ကိုင်ကြီးစိုးချယ်လှယ်၍ မရနိုင်သောကြောင့် အနတ္တဟူ၍ တိကျစွာ ညွှန်ပြခဲ့ခြင်း ဖြစ်သည်။

**ရုပ်မည်မျှရှိသနည်း**

ရုပ်ဟူသည်မှာ ခန္ဓာ၏ အစိတ် အပိုင်း များသာ ဖြစ်သည်။ ရုပ်(၂၈)ပါးကို စုပေါင်းလိုက်သော် ခန္ဓာ(ရူပက္ခန္ဓာ)ဟု ခေါ်သည်။

ကမ္မဇရုပ် နှစ်ဆယ်ကိုပင် ရုပ်ဟု ခေါ်သည်။ သို့ရာတွင် မဟာဘူတ ရုပ်လေးခု ဥပါဒါရုပ် ၂၄-ခုတို့ကိုပေါင်းသော် ရုပ်တရား (၂၈)ပါး ရှိသည်။

ရုပ်တရား များကို ဘူတရုပ် ဥပါဒါရုပ် ဟူ၍၎င်း၊ နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ်ဟူ၍၎င်း နှစ်ပိုင်း ခွဲခြား၍ အဘိဓမ္မာ၌ ဝေဖန်ပြသည်။

**ရုပ်ဆယ့်တစ်ပါးဖြစ်ပုံ**

ရုပ်ကို ဇာတိအားဖြင့် ခွဲဝေလိုက်လျှင် ဘူတရုပ်၊ ပသာဒရုပ်၊ ဂေါစရရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ဇီဝိတရုပ်၊ အာဟာရရုပ်၊

ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏရုပ် ဟူ၍ ၁၁-ပါး ရှိသည်။

## ရုပ် (၂၈) ပါး ဖြစ်ပုံ

ရုပ်တရားသည် အဘိဓမ္မာ၌ ဗုဒ္ဓညွှန်ပြ ခဲ့သော ၂၈-ပါးမှ တပါး အခြား မရှိ။ အပိုအလိုမရှိ။ ရုပ်တရားဆိုလျှင် အံချော်၍ အခြား တွေးရန် မလို၊ အဘိဓမ္မာ၌ ညွှန်ပြခဲ့သော ရုပ် ၂၈-ပါးကိုသာ ယူရမည်။

ရုပ် ၂၈-ပါးကို ဗုဒ္ဓက ပိုင်းခြား၍ ညွှန်ပြခဲ့သည်မှာ- ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယ၊ ဇီဝိတ၊ အာဟာရ၊ပရိစ္ဆေဒ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဟူ၍ ရုပ် ၂၈—ပါး ရှိသည်။

## ရုပ် ၂၈-ပါးကို ပိုင်းခြားပုံ

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဟူသော ဓာတ်ကြီးလေးပါးကို မဟာဘူတရုပ်ဟု ခေါ်သည်။

စက္ခု၊သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ယင်းငါးပါးကို ပသာဒ ရုပ်ဟု ခေါ်သည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီဓာတ်၊ တေဇော ဓာတ်၊ ဝါယောဓာတ်၊ ယင်း ခုနစ်ပါးကို ဂေါစရရုပ်ဟု ခေါ် သည်။ ဂေါစရရုပ် ဟူသည်မှာ အာရုံ ကျက်စားရာ အရပ်ကို ခေါ်သည်။ ယင်းကို ဝိသယရုပ်ဟုလည်း ခေါ်သည်။

ပထဝီ၊ တေဇော၊ ဝါယော ဟူသော ဓာတ်သုံးပါးသည် အမှန်စင်စစ် တွေ့ထိမှုအာရုံ (ဖောဋ္ဌဗ္ဗာရုံ)ဖြစ်သည်။

အဖို့အမ ရုပ်နှစ်ပါးကို ဘာဝရုပ်ဟု ခေါ်သည်။ နှလုံးကို ဘဝင်ရုပ်ဟု ခေါ်သည်။ တနည်း ဟာဒယဝတ္ထုသည် ဟာဒယရုပ် ဖြစ်သည်။ ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်သော ဇီဝိတိန္ဒြေကို ဇီဝိတရုပ်ဟု ခေါ်သည်။

အစားအစာမှ ရရှိသော အဆီအစေး၊ ဝါ-ရသဩဇာဓာတ်ကို (Vitamin)အာဟာရရုပ်ဟု ခေါ်သည်။ အများနားလည်ရန် ဗိုက်တာမင်ဟု ပြန်လိုက်သည်။

ပိုင်းခြား အပ်သော အာကာသ ဓာတ်ကို ပရိစ္ဆေဒရုပ် ဟု ခေါ်သည်။ ကာယဝိညတ် ဝစီဝိညတ် (ကိုယ်၏ လှုပ်ရှားခြင်း၊ နှုတ်၏ လှုပ်ရှားခြင်း) ရုပ်ရှစ်ပါးတို့ကို ဝိညတ်ရုပ်ဟု ခေါ်သည်။

လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ရုပ်သုံးခုကို ဝိကာရရုပ်ဟု ခေါ်သည်။ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ လေးပါးတို့ကို လက္ခဏရုပ်ဟု ခေါ်သည်။

## ရုပ် ၂၈-ပါး နှစ်ပိုင်းခွဲခြားပုံ

ဘူတရုပ်လေးပါး၊ ပသာဒရုပ်ငါးပါး၊ ဂေါစရရုပ် လေးပါး၊ (ပထဝီ၊ တေဇော၊ ဝါယော ဓာတ်သုံးပါး မပါဝင်) ဘာဝရုပ် ရှစ်ပါး၊ ဟာဒယရုပ်တပါး၊ဇီဝိတရုပ်တပါး၊ အာဟာရရုပ်တပါး၊ တည်းဟူသော ရုပ်(၁၈)ပါးသည် ကံစသည် အကြောင်းတို့က ပြီးစေတတ်သောကြောင့် နိပ္ဖန္နရုပ်ဟု ခေါ်သည်။

ပရိစ္ဆေဒ(အာကာသ)ရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏရုပ်

တည်းဟူသော ရုပ်ဆယ်ပါးသည် ကံစသည်အကြောင်းတို့ကမပြီး စေတတ်သောကြောင့် အနိပ္ဖန္နရုပ်ဟု ခေါ်သည်။

တခုခုသော အကြောင်းကြောင့်မှ မဖြစ်သော လက္ခဏာရုပ် လေးခုသည် နကုတောစိရုပ်ဟု ခေါ်သည်။

### မဟာဘူတ ဓါတ်ကြီးလေးပါး

ပထဝီ ဓါတ်သည် ခက်မာကြမ်းတမ်းသော လက္ခဏာရှိ၏။ အာပေါ ဓါတ်သည် ယိုစီးခြင်း ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။ တေဇောဓါတ်သည် ရင့်ကျက်စေခြင်း၊ ပူခြင်း၊ အေးခြင်း၊ ဆွေးမြေ့စေခြင်း လက္ခဏာရှိသည်။

ဝါယောဓါတ်သည် ထောက်ပံ့စေခြင်း၊ ခိုင်ခံ့စေခြင်း၊ တွန်းကန်လှုပ်ရှားခြင်း လက္ခဏာ ရှိသည်။ အကျဉ်း မှတ်ရန် "ပူ အေး တေဇော၊ ထောက်ကန် ဝါယော၊ ဖွဲ့စည်း အာပေါ၊ခက်မာ ပထဝီ တလီပိုင်းခြား၊ လေးပါး လက္ခဏာ၊ မဟာဘူတ၊ သဘာဝဟု၊ ကျဉ်းပြစုရုံး မှတ်ဘွယ်တည်း"။

### ရုပ်တို့ကို ခွဲစိတ်ပုံ

အခြားသတ္တဝါတို့ကို အပထား၍၊ လူသည် ရေ့၊မြေ့၊လေ့၊မီး ဟူသော ဘူတရုပ် လေးပါး၊ ဥပါဒါရုပ် ၂၄-ပါးတို့ဖြင့် ဖွဲ့စည်း ထားသော သတ္တဝါဖြစ်သည်။

ဘူတရုပ်မှာ အရင်းခံ ရုပ်အစစ်ဖြစ်၍၊ ယင်းရုပ်အစစ်ကိုမှီ၍ ဖြစ်ပေါ်လာရသော ရုပ်တို့ကို ဥပါဒါရုပ် (စွဲမှီ၍ ဖြစ်ပေါ်လာရ သောရုပ်)ဟုခေါ်သည်။

ယင်း ရုပ်ကြီးလေးပါးတို့မှာ ပထမဦးအရင်းခံ ရုပ်ကြီးများဖြစ်၍၊ မဟာဘူတ ရုပ်ဟုလည်း ခေါ်သည်။ ပသာဒ ရုပ်ငါးပါးမှာ မျက်စိပသာဒ၊ နားပသာဒ၊ နှာခေါင်းပသာဒ၊ လျှာပသာဒ၊ ကိုယ်ပသာဒ ဟူ၍ ငါးပါးရှိသည်။

ဂေါစရ ရုပ်တို့မှာ– ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ (ယင်းမဟာဘူတဓါတ်သုံးပါးကို ဖေါဋ္ဌဗ္ဗာရုံဟု ခေါ်သည်) တို့ဖြစ်သည်။

ဘာဝရုပ်ဟူသည်မှာ အထီး၊အမ နိမိတ်ကိုခေါ်သည်။ ဟဒယဝတ္ထုရုပ်မှာ နှလုံးကို ခေါ်သည်။ ကမ္မဇ ရုပ်ကို စောင့်ရှောက်သော သဘောသည်၊ ဇီဝိတိန္ဒြေ- ဇီဝိတရုပ်ဟု ခေါ်သည်။

အစားအစာ မှရသော အဆီဩဇာဓါတ်သည် (Vitamin) အာဟာရရုပ်ဟု ခေါ်သည်။ကိုယ်တွင်း၌တည်ရှိနေသော အာကာသဓါတ် (Vacc um) ကို ပရိစ္ဆေဒရုပ်ဟုခေါ်သည်။

ကာယဝိညတ်၊ ဝစီဝိညတ်တို့ကို ဝိညတ်ရုပ် ဟုခေါ်သည်။ ကာယ ဝိညတ်ဟူသည်မှာ ဝါယောဓါတ်ဖြစ်၏၊ လှုပ်ရှားမှု၊ ဝစီဝိညတ်ဟူသည်မှာ ပထဝီဓါတ်၏ လှုပ်ရှားမှု၊ တနည်း အားဖြင့် ကိုယ်ဟန် အမူအရာ၊ နှုတ်အမူအရာတို့ကို ဆိုလိုသည်။

ပဓါန လိုရင်းအားဖြင့် စိတ္တဇ ဝါယော၊စိတ္တဇပထဝီ နှစ်ပါးကိုခေါ်သည်။

ပေါ့သောရုပ်၊ နူးညံ့သောရုပ်၊ ခိုင်ခံ့သော ရုပ်တို့ကို ဝိကာရရုပ်ဟု ခေါ်သည်။ အဆက်မပြတ် ဖြစ်ခြင်း၊ အစဉ်အတိုင်းဖြစ်ခြင်း၊ ရင့်ခြင်း၊ပျက်ခြင်းတို့ကို လက္ခဏရုပ်ဟုခေါ်သည်။

## ရုပ်ကို အကျဉ်းချုပ်၍ဝေဖန်ပုံ

နိပ္ဖန် အနိပ္ဖန် ရုပ် ၂၈–ပါးတွင် ပသာဒရုပ် ၅ ခုသည် အဇ္ဈတ္တိက (အတွင်း) ရုပ်မည်၏။ ကြွင်းသောရုပ် (၂၃) ပါးတို့သည် ဗာဟိရ(အပြင်) ရုပ်မည်၏။ ပသာဒရုပ် ၅-ခု၊ ဟဒယရုပ် ၁-ခု တည်းဟူသော ရုပ် ၆–ပါးသည် ဝတ္ထုရုပ် မည်၏။ ကြွင်းသောရုပ် (၂၂)ပါးသည် အဝတ္ထုရုပ် မည်၏။

ပသာဒရုပ် ၅ ခု၊ ဝိညတ်ရုပ် ၂ ခု၊ တည်းဟူသော ရုပ်ခုနစ်ပါးသည် ဒွါရရုပ်မည်၏။ ကြွင်းသောရုပ် ၂၁-ပါးသည် အဒွါရရုပ်၊ မည်၏။

ပသာဒရုပ်၅-ခု၊ဘာဝရုပ် ၂-ခု၊ဇီဝိတရုပ် ၁ခုတည်းဟူသော ရုပ် ၈-ပါးသည် ဣန္ဒြိယရုပ်မည်၏။ ကြွင်းသောရုပ် ၂၀-တို့သည် အနိန္ဒြိယ ရုပ်မည်၏။ အစိုးရသောကြောင့် ဣန္ဒြိယမည်၏။

ပသာဒရုပ် ၅-ခု၊ဝိသယရုပ် ၇-ခု၊တည်းဟူသော ရုပ်၁၂–ပါးသည် ဩဠာရိက (ကြမ်းတမ်းသော) ရုပ်မည်၏။ သန္တိကေရုပ် လည်းမည်၏။

ရှင်းလင်းချက်။ – ပညာစက္ခုဖြင့် ရှုသောပုဂ္ဂိုလ်၏ ဉာဏ်၌ နီးသောကြောင့် သန္တိကေ ရုပ်မည်၏။

အထက်ပါရုပ် (၁၂)ပါးသည်ပင် သပ္ပဋိဃ ရုပ်လည်းမည်၏။ ကြွင်းသောရုပ် ၁၆-ပါးတို့သည် သုခုမ (သိမ်မွေ့သော) ရုပ်မည်၏။ ဒူရေ ရုပ်လည်းမည်၏။ အပ္ပဋိဃ ရုပ်လည်းမည်၏။

ရှင်းလင်းချက်။ – သပ္ပဋိဃဟူသည်မှာ ဩဠာရိက ရုပ် ၁၂–ပါးသည် ထိခိုက်မှုနှင့်တကွ ဖြစ်ရသောကြောင့် သပ္ပဋိဃ ရုပ်

မည်၏။ သုခုမရုပ်(၁၆)ခုသည် တစုံတရာထိခိုက်ခြင်း မရှိသော ကြောင့် အပ္ပဋိဃရုပ်မည်၏။ သုခုမရုပ်သည် အနီး၌ပင် တည်ရှိ နေသောကြောင့်လည်း သိနိုင်ခက်သည်။ သိမ်မွေ့သည့် အဖြစ် ကြောင့် ဒူရေရုပ်(ဝေးသော) မည်၏။

ကမ္မဇရုပ် ၁၈-ခုသည် ဥပါဒိန္နရုပ်(ဥပါဒိန်) မည်၏။ ကြွင်း သောရုပ် (၁၀) ခုသည်၊ အနုပါဒိန္န (အနုပါဒိန်) ရုပ်မည်၏။

အဘယ်ကြောင့် ဥပါဒိန်ရုပ် မည်သနည်း ဆိုသော်—တဏှာ၊ ဒိဋ္ဌိတို့ဖြင့်အာရုံပြု၍ဖြစ်ရသော ကံသည်မိမိ၏အကျိုးအပြစ်နှင့် ယူ အပ်သောကြောင့် ဥပါဒိန် (ဥပါဒိန္န) မည်၏။ အာကာသရုပ် တခု၊ ဝိညတ်ရုပ်နှစ်ခု၊ ဝိကာရရုပ် ၃-ခု၊ လက္ခဏာရုပ် ၄-ခု တည်းဟူသော ရုပ် (၁၀) ခုတို့သည် တဏှာဒိဋ္ဌိတို့ဖြင့် အာရုံပြု ၍ဖြစ်ရသောကံကို (ဝါ) ကံ၏အကျိုးကို မယူတတ်သောကြောင့် အနုပါဒိန်ရုပ်မည်၏။

ရူပါရုံသည် သနိဒဿနရုပ်မည်၏။ ဤမှကြွင်းသောရုပ် ၂၇ ခုသည် အနိဒဿနရုပ်မည်၏။ ပသာဒရုပ် ငါးခုသည် ဂေါစ ရဂ္ဂါဟိက ရုပ်မည်၏။ ဤမှ ရုပ်ကြွင်း ၂၃-ခုသည် အဂေါစ ရဂ္ဂါဟိက ရုပ်မည်၏။

ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေ ဇော၊ ဝါယော တည်းဟူသော ရုပ်ရှစ်ပါးသည် အဝိနိဗ္ဘောဂ ရုပ်မည်၏။ ဤမှကြွင်းသော ရုပ် ၂၀- သည် ဝိနိဗ္ဘောဂရုပ်မည် ၏။

ရူပါရုံသည် အဘယ့်ကြောင့် သနိဒဿနရုပ် မည်သနည်း ဆိုသော်- စက္ခုဝိညာဏ်၏ ကျက်စားရာအာရုံ၏အဖြစ်၊ စက္ခုဝိ ညာဏ်ဖြင့် မြင်အပ်သည်၏ အဖြစ်တို့ကြောင့် သနိဒဿနရုပ်မည်

၏။ မြင်ခြင်းနှင့်အတူ ဖြစ်သောရုပ်၊ မြင်တတ်သောရုပ်၊ အမြင်ရုပ်မည်၏။ ကြွင်းသောရုပ် ၂၇- ခုတို့သည် အမြင်ဓာတ်မရှိသောကြောင့်၊ မမြင်တတ်သောကြောင့် အမြင်မဲ့ရုပ် (အနိဒဿန) မည်၏။

ဂေါစရဂ္ဂါဟိက ရုပ်ဟူသည်မှာ- ပသာဒရုပ်ငါးခုသည် အာရုံကိုမယူတတ်၊ မယူနိုင်သော်လည်း ဝိညာဏ်ငါးပါးတို့၏ မှီရာဖြစ်၍၊ အာရုံ၏ကျက်စားအရပ်ဖြစ်သောကြောင့် ဂေါစရဂ္ဂဟိကရုပ်မည်၏။ ဤမှကြွင်းသော ရုပ် ၂၃- ခုတို့သည် အာရုံကို မယူတတ် သောကြောင့် အာရုံကို ယူခြင်း မရှိသောကြောင့် အဂေါစရဂ္ဂါဟိက ရုပ်မည်၏။

အဝိနိဗ္ဘောဂရုပ် ဟူသည်မှာ—ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ အာဟာရ၊ မဟာဘုတ်လေးပါး၊ တနည်းအားဖြင့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ တည်းဟူသော ဓာတ်ရှစ်ပါးတို့သည် သီးခြားကွဲပြား၍ ဖြစ်ခြင်းမရှိ။ ယင်းရုပ် (၈)ပါးတို့သည် သီးခြားမဖြစ် ကောင်းသောကြောင့်၊ မရကောင်းသောကြောင့် အဝိနိဗ္ဘောဂ ရုပ်မည်၏။ ဤကား ကာလလရေကြည် (ဝါ) ပရမာအဏုမြူတခုစီ၌ ရှိသော ရုပ်တရား ၈- ပါးအပေါင်းတည်း။

ဤမှကြွင်းသော ရုပ် ၂၀-တို့သည် သီးခြားစီ ဖြစ်ကောင်းသောကြောင့် ဝိနိဗ္ဘောဂရုပ်မည်၏။ (ပရမတ္ထသရူပဒီပကကျမ်းရှု)။

## ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရား

ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတရားမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူ၍ လေးပါး ရှိသည်။ သရုပ်ခွဲသော် နာမ် နှစ်ပါး ရှိ၏၊ ကံနှင့် စိတ်သည် နာမ်၊ ဥတုနှင့် အာဟာရသည် ရုပ်မည်၏။

## ရုပ်ကိုဖြစ်စေသည့် စေတနာကံ

ကာမာဝစရ ကုသိုလ်ကံရှစ်ခု၊ အကုသိုလ်ကံ ၁၂-ခု၊ ရူပါဝစရကုသိုလ်ကံ စေတနာငါးခု၊ ဤ ၂၅-ပါးသော စေတနာကံတို့သည်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို အစပြု၍ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သော ဥပါဒ်ခဏ တိုင်အောင် ခဏတိုင်း၊ ခဏတိုင်း၊ ဆီမီးအလျှံ၊ မြစ်ရေအယဉ် ကဲ့သို့ ကမ္မဇရုပ်ကို အစဉ်မပြတ် ဖြစ်စေ၏။

## ရုပ်ကိုဖြစ်စေသည့်စိတ်များ

ပဉ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ခပ်သိမ်းသော ပဋိသန္ဓေစိတ်၊ အဌကထာ အလိုအားဖြင့် ရဟန္တာတို့၏ စုတိစိတ်၊ ဋီကာအလိုအားဖြင့် ခပ်သိမ်းသော စုတိစိတ်တို့မှတပါး၊ အကြွင်း ၇၅-ပါးသော စိတ်တို့သည်၊ ပဋိသန္ဓေနောင် ပထမ ဘဝင်မှစ၍ စုတိစိတ်တိုင်အောင် ဥပါဒ်ခဏတိုင်း၌ စိတ္တဇရုပ်ကို ဖြစ်စေ၏။

သီတ, ဥဏှ တည်းဟူသော တေဇောဓာတ်သည် အတွင်း

အပြင်သဏ္ဍာန် နှစ်ရပ်၌ ပဋိသန္ဓေ စိတ်၏၊ ဌီခဏကို အစပြု၍၊ သေ၍ အကောင်ပုပ်ဖြစ်သည့် တိုင်အောင် ထိုက်သည့်အားလျော်စွာ ဥတုဇရုပ်ကို ဖြစ်စေ၏။

အစားအစာတို့၌ တည်ရှိသော အပြင်ဩဇာဓာတ်၊ ကံ၊စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အတွင်း ဩဇာဓာတ် တို့သည်၊ အတွင်းသန္တာန်၌ (၇) ရက်တပတ် နှစ်ပတ် လွန်သော အခါ အပြင်ဩဇာ ပျံ့နှံ့သော ကာလကို အစပြု၍ အစာသစ်အိမ်၌ တည်လျက်၊ ဝါ ခုနစ်ရက် ပတ်လုံး မိမိ၏ ဌီခဏသို့ ရောက်နေသော အခါ၌ အတွင်းဩဇာဓာတ်နှင့် ပေါင်းဆုံ မိပြီးနောက် အာဟာရဇရုပ်ကို ဖြစ်စေ၏။

သို့သော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ အလိုအားဖြင့် ကိုယ်မှာ အစာထိလျှင်ပင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်ကြောင်း မိန့်သည်။ ပဋိသန္ဓေနေသော သန္ဓေသားတို့သည် အမိမျိုအပ်သောအစာ၊ ခန္ဓာကိုယ် ထိ၍ အာဟာရဇရုပ် ဖြစ်ရပုံကိုလည်း ဆင်ခြင်နိုင်သည်။

## ရုပ်လေးပါး အကျဉ်းချုပ်

**ကမ္မဇရုပ် ၁၈-ပါး**

ပသာဒရုပ်-၅၊ ဘာဝရုပ်-၂၊ ဟဒယရုပ်-၁၊ ဇီဝိတရုပ်-၁၊ ဤရုပ် ၉-ပါးတို့သည်၊ ကေန်ရုပ်မည်၏။ ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဩဇာ၊ဘူတရုပ်လေးပါး တည်းဟူသော အဝိနိဗ္ဘောဂရုပ် ၈-ပါး နှင့် အာကာသဓာတ် ၁-ခုအားဖြင့် အနေကေန်ရုပ် ၉-ခု၊ နှစ်ရပ် ပေါင်းသော ကမ္မဇရုပ် ၁၈-ပါးဖြစ်၏။

**စိတ္တဇရုပ် ၁၅-ပါး**

ကာယဝိညတ် ဝစီဝိညတ် တည်းဟူသော ဝိညတ်ရုပ် ၂-ပါး တို့သည် ကေန်ရုပ်မည်၏။ သဒ္ဒရုပ်-၁၊ လဟုတာရုပ်-၁၊ မုဒုတာရုပ်-၁၊ ကမ္မညတာ-၁၊ အဝိနိဗ္ဗောဂရုပ်-၁၊ အာကာသဓာတ်-၁ တို့သည် အနေကန်ရုပ် ၁၃-ပါး မည်၏။ ကေန်နှင့် အနေကန် နှစ်ရုပ်ပေါင်းသော် စိတ္တဇရုပ် ၁၅-ပါး ဖြစ်၏။

မှတ်ချက်။ သဒ္ဒရုပ်ဟူသည်မှာ စိတ်နှင့် ဥတုနှစ်ပါးကြောင့် ဖြစ်ရသော ရုပ်ကို ခေါ်သည်။

**ဥတုဇရုပ် ၁၃-ပါး**

သဒ္ဒရုပ်-၁၊ လဟုတာရုပ်-၁၊ မုဒုတာရုပ်-၁၊ ကမ္မညတာရုပ်-၁၊ အဝိနိဗ္ဘောဂ ၈၊ အာကာသဓာတ် ၁ တည်းဟူသော ရုပ် ၁၃-ပါးတို့သည်၊ ဥတုဇရုပ် မည်၏။

မှတ်ချက်။ သဒ္ဒရုပ်ကို စိတ် တည်းဟူသော အကြောင်းကြောင့် ဖြစ်လျှင် ဥတုဇရုပ်ဟု ယူလေ။

**အာဟာရဇရုပ် ၁၂-ပါး။**

လဟုတာ-၁၊ မုဒုတာ-၁၊ ကမ္မညတာ-၁၊ အဝိနိဗ္ဘောဂရုပ်-၈၊ အာကာသဓာတ်-၁၊ ဤ ၁၂-ပါး တို့သည် အာဟာရကြောင့် ဖြစ်ရသော ရုပ်မည်၏။

## ရုပ်ကလာပ်ပိုင်း

**ကံကြောင့်ဖြစ်ရသော ရုပ်ကလာပ်များ**

၁။ ဇီဝိတရုပ်တခု၊ အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊စက္ခုပသာဒ ရုပ်တခု တည်းဟူသော စက္ခုဒသက ကလာပ်။

၂။ ဇီဝိတရုပ် တခု၊ အဝိနိဗ္ဘောဂရုပ် ရှစ်ခု၊သောတ ပသာဒရုပ် တခုတည်း ဟူသော သောတဒသက ကလာပ်။

အထက်ပါအတိုင်း စက္ခုပသာဒမှ ကာယပသာဒအထိ ဒသက ကလာပ် ၅-စည်း ဖွဲ့ယူရသည်။

ထို့နောက် ဇီဝိတရုပ်နှင့် အဝိနိဗ္ဘောဂရုပ် နှစ်ရပ်ပေါင်း ရုပ် ၉-ပါးတွင် အမ ဟူသောနိမိတ်တခုကို ပေါင်းသော် ဣတ္ထိ ဘာဝဒသကကလာပ်တစည်း ရ၏။ အထက်ပါရုပ် ၉-ပါး၌ပင် အထီး ဘာဝ တခုကို ပေါင်းသော် ပုမ္ဘာဝဒသက ကလာပ် တစည်းကိုရ၏။ယခင် ရုပ်ကိုးပါး၌ပင် ဟဒယဝတ္ထုပေါင်းသော် ဝတ္ထု ဒသကကလာပ် တစည်းရ၏။ဇီဝိတရုပ်နှင့်အဝိနိဗ္ဘောဂရုပ် ကိုးပါးတို့သည်ဇီဝိတနဝကကလာပ်အဖြစ်နှင့်ကလာပ်တစည်းရ၏။

စက္ခုဒသက ကလာပ်မှ စ၍၊ဇီဝိတ နဝက ကလာပ်အထိ ပေါင်းသော် ကံကြောင့် ဖြစ်သော ကလာပ် ၉-စည်း ရ၏။ တနည်း အားဖြင့် ကံကြောင့် ဖြစ်သော ရုပ်ကလာပ် (အစု အဝေး)သည် ကိုးစည်း ရှိ၏။

**စိတ်ကြောင့်ဖြစ်ရသော ရုပ်ကလာပ်များ**

၁။ အဝိနိဗ္ဘောဂရုပ် ရှစ်ခုတည်းဟူသော သုဒ္ဓဋ္ဌက ကလာပ် တစည်း။

၂။ အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့် ကာယဝိညတ်တည်းဟူသော ကာယဝိညတ္တိနဝက ကလာပ်တစည်း။

၃။ အဝိနိဗ္ဘောဂရုပ်ရှစ်ခုနှင့် ဝစီဝိညတ်တခု တည်းဟူသော ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်တစည်း။

၄။ အဝိနိဗ္ဘောဂရုပ် ရှစ်ခု၊ လဟုတာရုပ် တခု၊ မုဒုတာရုပ် တခုနှင့် ကမ္မညတာရုပ်တည်းဟူသော လဟုတာဒိဧကာဒသကကလာပ်တစည်း။

၅။ အဝိ နိဗ္ဗောဂရုပ် ရှစ်ခု ကာယဝိညတ် တခု၊ လဟုတာ တခု၊ ကမ္မညတာ တည်းဟူသော ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်တစည်း။

၆။ အဝိ နိဗ္ဗောဂရုပ် ရှစ်ခု၊ ဝစီဝိညတ် တခု၊ သဒ္ဒရုပ်တခု၊ လဟုတာ တခု၊ မုဒုတာ တခု၊ ကမ္မညတာ တခုတည်းဟူသော ဝစီဝိညတ်သဒ္ဒ လဟုတာဒိတေရသက ကလာပ် တစည်း။

ဤသို့အားဖြင့် စိတ်ကြောင့်ဖြစ်ရသော ရုပ်တို့သည်၊ကလာပ် ခြောက်စည်း ရုပ်ခြောက်ဆယ်နှစ်ပါး ရှ၏။

**ဥတုကြောင့်ဖြစ်ရသောရုပ်ကလာပ်များ။**

၁။ အဝိ နိဗ္ဘောဂ ရုပ်ရှစ်ခု တည်း ဟူသော သုဒ္ဓဋ္ဌက ကလာပ်တစည်း။

၂။ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုနှင့် သဒ္ဒရုပ် ဟုဆိုအပ်သော သဒ္ဒနဝက ကလာပ်တစည်း။

၃၊ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု၊ လဟုတာ၊ မုဒုတာ၊ ကမ္မည

တာ တည်းဟူသော လဟုတာဒိ ဧကာဒသက ကလာပ်တစည်း။

၄။ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု၊ လဟုတာ၊ မုဒုတာ၊ ကမ္မည တာ၊သဒ္ဒတည်းဟူသော သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်တစည်းအားဖြင့် ကလာပ်ပေါင်း လေးစည်း ရ၏။

**အာဟာရကြောင့် ဖြစ်ရသော ရုပ်ကလာပ်များ။**

၁။ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု တည်းဟူသော ကလာပ် တစည်း။

၂။ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု၊ လဟုတာ၊ မုဒုတာ၊ ကမ္မည တာတည်းဟူသော လဟုတာဒိဧကာဒသက ကလာပ် တစည်း အားဖြင့် အာဟာရကြောင့် ဖြစ်ရသော ရုပ်ကလာပ်ပေါင်း နှစ်စည်းရ၏။

ဤသို့အားဖြင့် ကံကြောင့်ဖြစ်ရသော ရုပ်ကလာပ် ၉-စည်း၊ စိတ်ကြောင့်ဖြစ်ရသော ရုပ်ကလာပ် ၆-စည်း၊ ဥတုကြောင့် ဖြစ် ရသော ရုပ်ကလာပ် ၄-စည်း၊ အာဟာရကြောင့် ဖြစ်ရသော ရုပ် ကလာပ် ၂-စည်း အားဖြင့် ရုပ်ကလာပ်ပေါင်း ၂၁-စည်း ရှိသည်။

# ရုပ်ဖြစ်စဉ်

## (Evolution Of Life)

**ယောနိ လေးပါး**

ယောနိဟူသည်မှာ သတ္တဝါတို့ ဖြစ်ရာ တည်ရာ စွဲရာကိုခေါ်သည်။ တနည်းအားဖြင့် ပဋိသန္ဓေလည်းမည်၏။ ယောနိ(ဝါ) ပဋိသန္ဓေ လေးမျိုးမှာ အဏ္ဍဇ ယောနိ၊ ဇလာဗုဇ ယောနိ၊ သံသေဒဇ ယောနိ၊ ဥပပါတ် ယောနိ တို့ဖြစ်သည်။

ဥခွံအတွင်း၌ ပဋိသန္ဓေစွဲနေသောသတ္တဝါသည် အဏ္ဍဇ ပဋိသန္ဓေမည်၏။ သားအိမ်တွင်း၌ ပဋိသန္ဓေ စွဲနေသော သတ္တဝါသည် ဇလာဗုဇ ပဋိသန္ဓေမည်၏။

ဝိသေသအားဖြင့် အဏ္ဍဇနှင့် ဇလာဗုဇနှစ်ပါးသည် အမိဝမ်း၌ဖြစ်ရသောကြောင့် ဂဗ္ဘသေယျက သတ္တဝါ ဟုလည်း ခေါ်သည်။

အမိဝမ်း၌ ပဋိသန္ဓေ နေရသော သတ္တဝါတို့သည် မဖွားမီကာလပတ်လုံး မှိုခိုက်နိုးအောင်းနေရာဖြစ်၍ လူတို့၏ နေရာတိုက်ခန်းနှင့် တူနေသောကြောင့် ဂဗ္ဘမည်၏။

ညှိသော အနံ့ရှိသည့် ပဒုမာကြာတိုက်၊ ပုပ်ညှိသော အနံ့ရှိသည့် ငါးပုပ်အမဲပုပ် အညှိနံ့ရှိသည့် သစ်ပင် ဝါးပင် စသည်တို့၌ဖြစ်သော သတ္တဝါတို့သည် သံသေဒဇသတ္တဝါ(ဝါ) သံသေဒဇပဋိသန္ဓေမည်၏။

အထူးသဖြင့် အညှိအဟောက်ရှိသော ရေညှိများ၊ ရေမှော်များ၊ မြောင်းပုပ်များ၊ ရွှံ့ညွန်ပုပ်များ၊ သစ်ဆွေး ဝါးဆွေးနှင့်

အမိုက်ပုံများ စသည်တို့၌ ကာဘွန်ဒိုင် အောက်ဆိုက်နှင့် ဟိုင်ဒရောဆိုက်(ကမ္ဗဇတေဇော)အစွမ်းကြောင့် ဖြစ်ရသော သတ္တဝါတို့သည် သံသေဒဇ သတ္တဝါမည်၏။

သာဓကအားဖြင့် ရှေးအခါက ပေါက္ခရသာတိပုဏ္ဏား၊ ပဒုမဝတီမိဖုရားတို့သည် ကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေ နေရသော သတ္တဝါများဖြစ်၏။ ပိုး လောက် ယင် စသော သတ္တဝါတို့သည် ငါးပုပ်၊ အမဲပုပ်၊ ရှံ့၊ ညွန်ပုပ်စသည့် အညှီအပုပ်အစပ်တို့၌ ဖြစ်ရ၏။

ပဋိသန္ဓေ ဥပါဒ်ခဏ၌ပင် ၁၆-နှစ်၁၇-နှစ် အရွယ် ဘွားကနဲ ထင်ရှားစွာဖြစ်ပေါ်လာရသော သတ္တဝါတို့သည် ဩပပါတိက-ဥပပါတ် ပဋိသန္ဓေ သတ္တဝါမည်၏။ ဥပမာ- ငရဲကျသော သတ္တဝါ၊ နတ်၊ ပြိတ္တာတို့သည် ဥပပါတ်ပဋိသန္ဓေနေရသော သတ္တဝါတို့ မည်ကုန်၏။

အထူးသဖြင့် သံသေဒဇ သတ္တဝါမှာ ကိုယ်ခန္ဓာအလွန်သေးငယ်၍ကြာတိုက်စသည်တို့၌မှီလျက် အစဉ်အတိုင်း ( Evolution of Life ) ကြီးထွားလာရသည်။ ဥပပါတ် သတ္တဝါကား ဖြစ်ရာအရပ် (ဝါ) ကျရောက်ရာဂတိ၌ ၁၆-နှစ်၊ ၁၇-နှစ်အရွယ် အင်္ဂါကြီး-ငယ်နှင့်တကွ ထင်ရှားဖြစ်ပေါ်လာရသည်။

## သတ္တဝါနှင့် ရုပ်ကလာပ်များ

ဥဒ္ဒေအတွင်း၌ ပဋိသန္ဓေနေသော အဏ္ဍဇသတ္တဝါနှင့်သားအိမ်တွင်း၌ ပဋိသန္ဓေနေသော ဇလာဗုဇတည်းဟူသော ဂဗ္ဘသေယျကက သတ္တဝါတို့သည် ယောကျ်ားဖြစ်အံ့၊ ကာယဒသက၊ ဝတ္ထု

ဒသက ပုမ္ဘာ၀ဒသက တည်းဟူသော ကမ္မဇကလာပ် သုံးစည်း ရုပ်သုံးဆယ်တို့သည် တပြိုင်နက် ဖြစ်ကုန်၏။

မိန်းမ ဖြစ်အံ့- ကာယဒသက၊ ၀တ္ထုဒသက၊ ဣတ္ထိဘာ၀ဒသက ဟူသော ကမ္မဇကလာပ်သုံးစည်း၊ ရုပ်သုံးဆယ်၊ နပုံးပုဏ္ဏုက် (လိင်မထင်ရှားသူ)ဖြစ်အံ့၊ ကာယဒသကနှင့်၀တ္ထုဒသကဟူသော ကမ္မဇကလာပ်နှစ်စည်း၊ ဥပပါတ်ပဋိသန္ဓေ အသညသတ် ဖြဟ္မာ ဖြစ်အံ့။ ဇီဝိတနဝက ကလာပ်တစည်း။

အသညသတ်မှတပါး ရူပါ၀စရ ဖြဟ္မာဖြစ်အံ့၊ စက္ခုဒသက၊ သောတ ဒသက၊ ၀တ္ထုဒသက၊ ဇီဝိတနဝကဟူသော ကမ္မဇ ကလာပ်လေးစည်း၊ စက္ခုသောတစသည့်အင်္ဂါတို့နှင့် ပြည့်စုံသော ကာမဥပပါတ် သံသေဒဇ သတ္တ၀ါဖြစ်အံ့။

စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ၀တ္ထုဒသက၊ ဘာ၀ဒသက တည်းဟူသောကမ္မဇ ကလာပ်ခုနစ်စည်း၊ ရုပ်ခုနစ်ဆယ်တို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ် ခဏကိုအစပြု၍ စုတိစိတ်မှပြန်၍ရေတွက်သော် ၁၇-ချက်မြောက် သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ခဏတိုင်း ခဏတိုင်း ဆီမီး အလျှံကဲ့သို့ အဆက်မပြတ် တလစပ်ဖြစ်ကုန်၏။

**အယူမှားနေသော ဣန္ဒကဘီလူးအား ဗုဒ္ဓချွတ်ရပုံ**

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူစဉ် ရုပ်သည် ပုဂ္ဂိုလ်သတ္တ၀ါတည်းဟုအယူ မှားနေသော ဣန္ဒကဘီလူးအား ရုပ်သည် သတ္တ၀ါပုဂ္ဂိုလ်မဟုတ် ကြောင်း သာဓကပြလို၍ "ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိနိဗ္ဗတ္တတေ

ဃနေ့ာ၊ဃနာ ပသာခါ ဇာယန္တိ၊ကေသာ လောမာ နခါ ပိစ”
အစရှိသော သံယုတ်ပါဠိတော်လာ ဒေသနာတော်ကို ဟော
ကြားတော်မူရသည်။

ပဌမံ၊ ရှေးဦးအစ ပဋိသန္ဓေခဏကာလ၌။ ကလလံ၊ ကလလ
ရေကြည်သည်။ ဟောတိ ဖြစ်၏။ ကလလာ၊ ကလာလရေကြည်
ဖြစ်ရာ ပဌမသတ္တာဟမှ။ပရံ၊ နောက်ဖြစ်သော ဒုတိယသတ္တာဟ၌
အဗ္ဗုဒံ၊ သားဆေးရေအဆင်းရှိသော အမြှုပ်သည်။ ဟောတိ၊
ဖြစ်၏။ အဗ္ဗုဒါ၊ အမြှုပ်ဖြစ်ရာ သပ္တာဟမှ၊ ပရံ၊ နောက်ဖြစ်
သော တတိယသတ္တာဟ၌။ ပေသိ၊ သွေးသစ်သော ပုလဲနှစ်
အဆင်းရှိသော သားတစ်သည်။ ဇာယတေဖြစ်၏။ ပေသိ၊သား
တစ်ဖြစ်သည်မှ။ပရံ၊ နောက်စတုတ္ထသတ္တာဟ၌။ဃနေ့ာ၊ ကြက်ဥ
သဏ္ဌာန်ပမာညီစွာ ဝန်းသောအခဲသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။
ဃနာ၊ ဃနဖြစ်သည်မှ။ ပရံ၊ ပဥ္စမသတ္တာဟ၌။ ပသာခါ၊ ခြေ
နှစ်ဘက်၊ ဦးခေါင်းတည်းဟူသော ခက်မငါးဖြာ (ဝါ)အဖုငါးဖု
တို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။တတော၊ ထိုခက်မငါးဖြာ ဖြစ်
ပြီးသည်မှ။ ပရံ၊ နောက်ဖြစ်သော သတ္တာဟတို့၌ (ဝါ) ဆဋ္ဌ
သတ္တာဟမှစ၍ လေးဆယ့်နှစ်ကြိမ်မြောက်သော သတ္တာဟတိုင်
အောင် ဖြစ်သင့်သမျှသော။ ကေသာစ၊ ဆံပင်တို့သည်၎င်း။
လောမာစ၊ အမွေးတို့သည်၎င်း။ နခါပိစ၊လက်သည်း-ခြေသည်း
တို့သည်၎င်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ဗုဒ္ဓ ဟောတော်မူသော ဒေသနာတော်အရ လူဖြစ်သော
ဂဗ္ဘသေယျက သတ္တဝါတို့သည် ပဋိသန္ဓေခဏကာလ၌ မိန်းမ
ယောကျ်ား ထိုက်သည့်အားလျော်စွာ ကာယ၊ ဘာဝ၊ ဝတ္ထု
ဒသက တည်းဟူသော ကလာပ်သုံးစည်း၊ ရုပ်သုံးဆယ်၊ ကလလ

ရေကြည် ပဋိသန္ဓေစိတ်နှင့်ပြိုင်၍ ကံဟူသော အကြောင်းတရား ကြောင့် ဖြစ်ရ၏။

ထိုကမ္မဇရုပ်သည် ဥပါဒ်ဌီဘင် တည်းဟူသော စိတ္တက္ခဏ တိုင်းဖြစ်၍ ကမ္မဇကလာပ်၌ ပါသည့် ကမ္မဇ တေဇောဓာတ် တည်းဟူသော ဥတုသည် မိမိနှင့်ဥပါဒ်ပြိုင်၍ ဖြစ်သော စိတ်၏ ဌီခဏ၌ ဥတုဇကလာပ်ကို ဖြစ်စေ၏။ (အာဟာရရုပ် ဖြစ်စဉ် နောက်ပိုင်း၌ကြည့်)။

ဥတုကြောင့်ဖြစ်ရသော ဥတုဇရုပ်သည်လည်း ဥပါဒ်ဌီဘင် တည်းဟူသော စိတ္တက္ခဏတိုင်း၌ဖြစ်၏။ စိတ္တဇရုပ်မှာ ပဋိသန္ဓေ နောက် ပထမဘဝင်မှစ၍ စိတ်ဥပါဒ်ခဏတိုင်း၌ ဖြစ်၏။ ဤသို့ လျှင် ရုပ်အဆင့်ဆင့် တိုးတက်ဖြစ်ပွား၍ (Evolution of Life) ခုနှစ်ရက်ပတ်လုံး ကလလအဖြစ်ဖြင့် တည်၏။

ထို့နောက် ဒုတိယမြောက် ရက်သတ္တပတ်အစရက်၌ သား ဆေးရေ အဆင်းရှိသော အမြှုပ်ဖြစ်၍ တပတ်လုံး တည်၏။ တတိယအပတ် အစရက်၌ သွေးသစ်သော ပုလဲအနှစ် အဆင်း ရှိသည့် အလွန်နူးညံ့သိမ်မွေ့သည့် သားတစ်ဖြစ်၍ တပတ်လုံး တည်၏။

လေးပတ်မြောက် အစရက်၌ ကြက်ဥသဏ္ဍာန်ပမာညီဝန်း သောအခဲ(သားခဲ)ဖြစ်၍ တပတ်လုံးတည်၏။ ငါးပတ်မြောက် ၌ လက်နှစ်ဘက်၊ ခြေနှစ်ဘက်၊ ဦးခေါင်းတည်းဟူသော (အဖို ငါးဖု) ခက်မငါးဖြာတို့သည် ထင်ရှားဖြစ်ကုန်၏။

သင်္ခေပဝဏ္ဏနာဋီကာ၌ မူလဋီကာဆရာ၏အလိုကို ညွှန်ပြရာ တွင် ကလလရေကြည်မှ ခက်မငါးဖြာအထိ ရက်သတ္တနှစ်ပတ်စီ ဖြစ်ကြောင်းဆိုသည်၊ ယင်းအလိုမှာ မူလဋီကာဆရာ၏ အလိုကျ

မဟုတ်။ တဖန် ၇-ရက်မြောက်မှစ၍ စက္ခုဒသကကလာပ်စသည်တို့သည် အစဉ်အတိုင်းဖြစ်ကြောင်းကို ဖွင့်ပြသည်မှာ ဋီကာကျော်ဆရာ (အဘိဓမ္မတ္ထဝိဘာဝနီဋီကာပြုဆရာ) လွဲချော်သွားခြင်းသာဖြစ်၏။ မူလဋီကာဆရာ ရှင်အာနန္ဒာက နှစ်ပတ်စီ တည်ကြောင်းသာဆိုသည်။ အစဉ်အတိုင်း ဖြစ်ကြောင်းကို ဆိုခြင်းမဟုတ်။

မူလဋီကာဆရာ၏ အယူသည် အဋ္ဌကထာကြီးများနှင့် ဝါဒမကွဲမပြား အညီအညွတ်ပင် ဖြစ်သည်။ ဋီကာကျော် သင်သောရဟန်းရှင်လူတို့ အထူးသတိပြုဘွယ်ရာ ဖြစ်၏။

### အာယတနဓာတ်ဖြစ်စဉ်

ကာလလရေကြည်ဟူသည်မှာ သုဒ္ဓဋ္ဌကကလာပ်တည်းဟူသော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ မဟာဘူတ ဓာတ်ကြီး ရှစ်ပါး အပေါင်းအစုပင် ဖြစ်သည်။ အဝိနိဗ္ဘောဂ ဓာတ်ကြီးပင် ဖြစ်၏။ တနည်းအားဖြင့်....ကာယဒသက၊ ဝတ္ထုဒသက၊ ဘာဝဒသက ကလာပ်စည်းပင် ဖြစ်၏။

ယင်း ကလလရေကြည် တည်းဟူသော ရုပ်ကလာပ်သည် ပဋိသန္ဓေစိတ်ဥပါဒ်သည်နှင့်တပြိုင်နက် ဖြစ်ရသောကြောင့် အတွင်းအာယတနဓာတ်ခြောက်ပါးတွင် ကာယဒသက ကလာပ်၌ပါဝင်သော ကာယပသာဒမှာ ကာယာယတန ဓာတ် မည်၏။ ပဋိသန္ဓေစိတ်သည် မနာယတနဓာတ် မည်၏။ ကာယာ ယတနနှင့် မနာယတန ဓာတ်နှစ်ပါး တို့သည် ပထမရက်သတ္တပတ်၌ပင် ပဋိသန္ဓေဥပါဒ်ခဏ၌ တပြိုင်နက် ဖြစ်ရ၏။

ကြွင်းသော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ တည်းဟူသော အာယတနဓာတ်လေးပါးတို့သည် ရက်သတ္တ ခြောက်ပတ်မြောက်

မှ စ၍ ရက်သတ္တ ဆယ်ပတ်အထိ ထိုအတွင်း သူငယ် ဟူသော ဝတ္ထုရင့်ခြင်းသို့ ရောက်သဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ တို့၏ တည်ရာဖြစ်ရာ ပသာဒ အာယတနခေတ်လေးပါး တို့သည် တစ်ဆယ့်တစ်ပတ်မြောက်၌တပြိုင်နက်ဖြစ်ပေါ် ကုန်၏။ အချို့ ဆရာ အရှင်မြတ် တို့က တစ်ဆယ့်တပတ်မြောက်၌ ပြည့်စုံကုန်၏ ဟူ၍ ဖွင့်သည်။ သဘောမထူးပြီ။

> ရုပ်၏ ဌီခဏလည်း ခဏငယ် ၄၉-ချက်ခန့် ကြာမြင့်သော်လည်း ရုပ်သည် ၄၉-ခါ ဖြစ်ရသည် မဟုတ်။ ဌီသို့ ရောက်စ အခါ ကလာပ်တစည်း ကိုသာ ဖြစ်ကြောင်း ပရမတ္ထသရူပဘောဒနီကျမ်း ဆရာတော် မိန့်သည်။

## ရုပ်လေးပါးဖြစ်စဉ်

ပဋိသန္ဓေစိတ် ဥပါဒ်ခဏကိုအစပြု၍ ကံကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်ကုန်၏။ ပထမဘဝင်ကိုအစပြု၍ စိတ်ကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ ဖြစ်ကုန်၏။ ပဋိသန္ဓေစိတ် ဌီခဏမှစ၍ ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ဖြစ်ကုန်၏။ သြဇာနှံ့သော ကာလကို အစပြု၍ အာဟာရကြောင့် ဖြစ်ရသော ရုပ်ကလာပ်တို့ ဖြစ်ရကုန်၏။

စိတ်သည် ဌီခဏ၌ရင်း၊ ဘင်ခဏ၌ရင်း အားနည်း၏၊ ဥပါဒ်ခဏ၌ အားကောင်း၏။ ထို့ကြောင့် ဥပါဒ်ခဏ၌ စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေ၏။

ရုပ်သည် ဥပဒါဒ်ခဏ၌ရင်း၊ ဘင်ခဏ၌ရင်း၊ အားနည်း၏၊ ဌီခဏ၌ အားကောင်း၏။ ထို့ကြောင့် ဌီခဏ၌ ဥတုဇရုပ် အာဟာရဇရုပ်ကို ဖြစ်စေ၏။

ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော ကမ္မဇတေဇော ဓာတ်သည် မိမိ၏ ဌီသို့ ရောက်၍ ပဋိသန္ဓေ စိတ်၏ ဌီခဏ၌ အဋ္ဌကလာပ် သက်သက်ကို ဖြစ်စေ၏။ ထို ပဋိသန္ဓေစိတ် ဌီအခိုက်၌ ဖြစ်သော ကမ္မဇတေဇော ဓာတ်သည် ပဋိသန္ဓေ စိတ်၏ ဘင်ခဏ၌ အဋ္ဌ ကလာပ်သက်သက်ကို ဖြစ်စေ၏။ (ဋီကာကျော် ၂၁၄—ရှု)။

## ရုပ်လေးပါး နောက်ဆုံးချုပ်ပုံ

အကြောင်းတရား လေးပါးကြောင့် ဖြစ်ရသော ရုပ်ကလာပ် တို့သည် ပဋိစ္စသမုပ္ပါဒ် သံသရာ၌ ဆီမီးလျှံကဲ့သို့ရင်း၊ မြစ်ရေ အလျဉ်ကဲ့သို့ရင်း မပြတ်မလပ်ဒလစပ် ဖြစ်ရကုန်၏။

သေခါနီးကာလ စုတိစိတ်မှ ပြန်၍ ရေတွက်သော် ၁၇ချက် မြောက်သော စိတ်၏ ဌီကာလကို အစပြု၍ ကမ္မဇရုပ်တို့ဖြစ်ခြင်း မရှိ၊ စုတိစိတ်မှပြန်၍ ရေတွက်သော် ၁၇-ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ရသော ကဇမ္မရုပ် တို့သည် စုတ်စိတ်နှင့် အပြိုင်ဖြစ်၍သာလျှင် ချုပ်ရကုန်၏။

ကမ္မဇရုပ် ချုပ်ပြီးနောက် အာဟာရဇ ရုပ်လည်း ပြတ်၏။ စိတ္တဇ၊ အာဟာရဇရုပ်တို့လည်း ဖြစ်ပြီးနောက် ဥတုကြောင့်ဖြစ်ရ သော ရုပ်ကလာပ်တို့သည် သေ၍ အကောင်ပုပ် ဖြစ်သည့် တိုင် အောင် ဖြစ်ပြီး နောက်ဆုံး ချုပ်ပျောက်ပျက်စီးရ၏။

# နာမ်နှင့် ရုပ် ခွဲခြားပုံ

## ဝိညာဏ် နာမ်နှင့်ရုပ် အရကောက်

ဝိညာဏ်ကို အရကောက်လျှင် လောကီကုသိုလ် အကုသိုလ် စိတ်ဟူသော ကမ္မဝိညာဏ်၊ လောကီဝိပါက်စိတ်ဟူသော သဟဇာတ ဝိညာဏ်တို့သည် ဝိညာဏ်မည်၏။

နာမ်ကို အရကောက်လျှင် စေတသိက် ၅၂-ပါး တို့သည် နာမ်မည်၏၊ ရုပ်ကိုအရကောက်လျှင် မဟာဘူတရုပ်ကြီး လေးပါးနှင့် ဥပါဒါရုပ် ၂၄-ပါး၊ ဤ ၂၈-ပါးသော တရားသည် ရုပ်မည်၏။

အကျဉ်းအားဖြင့် စိတ်တခု ယုတ် ကိုးဆယ်သည်ဝိညာဏ်မည်၏။စေတသိက် ၅၂-ပါးသည် နာမ်မည်၏။ ရုပ် ၂၈-ပါးသည် ရုပ်မည်၏၊ နာမ်နှင့် ရုပ်တို့ကို ပိုင်းခြားစိတ်ဖြာ၍ သိနိုင်ရန်မှာ နာမရူပ ပရိစ္ဆေဒညာဏ် အရာသာ ဖြစ်သည်။

နာမ်နှင့်ရုပ်တို့၏ ဖြစ်ခြင်း အကြောင်း တရားကို ခွဲခြား၍ သိနိုင်ရန်မှာ ပစ္စယပရိဂ္ဂဟ ညာဏ်၏အရာသာ ဖြစ်သည်၊သို့သော် ယောဂီနှင့် သုတေသီတို့ သဘောအားဖြင့် သိထားရန် လိုသည်။

အာရုံကို အထူးသဖြင့် သိတတ်သောကြောင့် ဝိညာဏ်မည်၏။ အာရုံသို့ ရှေးရှု ညွတ်တတ်သော သဘောကြောင့် နာမ်မည်၏။ ဖေါက်ပြန်တတ်သောကြောင့် ရုပ်မည်၏၊ ရုပ်ဖေါက်ပြန်သည် ဟူရာ၌လည်း အကြောင်းမဲ့သက်သက် ဖေါက်ပြန်ရသည် မဟုတ်။ အပူအအေး ဟူသော အကြောင်းတရား တို့ကြောင့် ဖေါက်ပြန်ရခြင်းဖြစ်သည်။

ဝိညာဏ်ကိုအများအားဖြင့် အမြင်တမျိုးပေါက်နေကြသည်။ ဝိညာဏ်ဟုဆိုလျှင် ထာဝရ တည်ရှိနေသော ဝိညာဉ်လောက၊ နာမ်လောက(ဝါ)နာမ်ဘုံဟု ထင်မှတ်နေကြသည်၊ဝိညာဏ်(ဝါ) နာမ်တို့သည် ခန္ဓာအိမ်၌ ကိန်းအောင်းနေသောဇီဝခေါ် လိပ်ပြာ ကောင်ဟု ထင်မှတ်နေကြသည်။

ထိုဝိညာဏ်ဟူသည်မှာ တပါးတည်းမဟုတ်၊ ဝိညာဏ်ခြောက် ပါး ရှိကြောင်း ဗုဒ္ဓက ညွှန်ပြတော် မူသည်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟူ၍ ဝိညာဏ် ခြောက်ပါး ရှိသည်။

ဝိညာဏ်ကို သီးခြား တည်ရှိနေသော ဘုံတခု(ဝါ)လောက တခု အကောင် အထည်နှင့် တကွ တည်ရှိနေသော အနှစ်သာရ တခု မဟုတ်ကြောင်းကို ဗုဒ္ဓက ဝိညာဏ်ကိုခြောက်ပိုင်း ပိုင်း၍ ညွှန်ပြတော်မူခြင်း ဖြစ်သည်။

စက္ခုဝိညာဏ်၌ အဟိတ်ကုသိုလ် ဝိပါက်စက္ခုဝိညာဏ်၊ အကု သိုလ် ဝိပါက်စက္ခု ဝိညာဏ်ဟူ၍ နှစ်မျိုးရှိသည်။ ထို့အတူ ကြွင်း သော ဝိညာဏ်လေးပါးတို့၌လည်း နှစ်မျိုးစီရှိ၍ ဒွေပဉ္စ ဝိညာဏ် ဆယ်ပါးဖြစ်သည်။

မနောဝိညာဏ်၌ ကုသိုလ်ဝိပါက် အကုသိုလ်ဝိပါက် ဟူသော မနောဓါတ်နှစ်ခု၊ အဟိတ်မနောဝိညာဏ် ဓါတ်သုံးခု၊သဟိတ်ကာ မာဝစရ ဝိပါက်စိတ်ရှစ်ခု၊ ရူပါဝစရဝိပါက်စိတ် ငါးခု၊ အရူပါ ဝါစရ ဝိပါက်စိတ်လေးခု၊ ဤသို့ လောကီဝိပါက်ဝိညာဏ် ၃၂- ပါးရှိသည်။

ယင်း သုံးဆယ့်နှစ်ပါးသော ဝိပါက် ဝိညာဏ် တို့သည်၊ အ ကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာသည်မဟုတ်။ 'သင်္ခါရပစ္စယာ

ဝိညာဏ''ဟူသော ဒေသနာတော်အရ သင်္ခါရ တည်းဟူသော အကြောင်းတရားတို့ကြောင့် ယင်း ဝိပါက်ဝိညာဏ် သုံးဆယ့်နှစ်ပါးတို့ မုချ ဖြစ်ပေါ်လာရသည်။

ယင်း ဝိညာဏ်တည်းဟူသော အကြောင်းတရား တို့ကြောင့် နာမ်ရုပ်တို့ဖြစ်ရကုန်၏။ နာမ်ဟုဆိုလျှင် အများအားဖြင့် နာမ်ဘုံ(ဝါ)ဝိညာဏ်ဘုံကို မြင်နေကြ၏။ နာမ်ဘုံ ဟူသည်မှာလည်း လူသေပြီးနောက် အခိုက်အတန့်နေရသော သီးခြားနာမ်လောကတခုဟု လွဲမှားစွာထင်မှတ်ထားကြ၏။

အမှန်စင်စစ် လူသေပြီးနောက် အခိုက်အတန့် နေကြရသော ဝိညာဏ်လောက နာမ်လောကဟူ၍ မရှိ၊ တစ္ဆေ ဘုတ်တို့ ခြောက်သည်ကို ဝိညာဏ်နာမ်လောကမှသတ္တဝါများဖြစ်သည်ဟု အများအားဖြင့် ထင်မှတ်စွဲလမ်းနေကြသည်။ ယင်းအယူအဆမှာ ဗုဒ္ဓ၏ အယူမဟုတ်ကြောင်း အထူးနှလုံးသွင်းရန် လိုသည်၊

ထို့ကြောင့် ဗုဒ္ဓက (အရူပ လေးဘုံမှတပါး) နာမ်လောက ဝိညာဏ်လောက မရှိကြောင်း၊ နာမ် ဟူသည်မှာလည်း သီးခြားလောကတခုမဟုတ်ကြောင်းကို စေတသိက် ၅၂-ပါးတို့ဖြင့် ညွှန်ပြတော်မူသည်။

အမှန်စင်စစ် စေတသိက်တရား အပေါင်းသည် နာမ်တည်း။ စေတသိက် ၅၂-ခုတို့ကိုပင်နာမ်ဟုခေါ်သည်။ နာမ်ကို ခန္ဓာအရ ခွဲထုတ်လိုက်လျှင် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ ဟူ၍ သုံးပါးရသည်။

ယင်း နာမ်ခန္ဓာ သုံးပါးတို့ကို စေတသိက်အရ ခွဲလိုက်လျှင် ဝေဒနာသည်စေတသိက်တခု၊ သညာသည် စေတသိက်တခု၊ ထိုမှ ကြွင်းသောစေတသိက် ၅ဝ-ကို သင်္ခါရက္ခန္ဓာဟု ခေါ်သည်။

မဟာဘူတရုပ် ဥပါဒါရုပ် နှစ်ဆယ့်ရှစ်ပါးတို့ကို ရူပက္ခန္ဓာ ဟုခေါ်သည်။ ဝေဒနာသညာဟူသော စေတသိက်တရားအပေါင်း သည် ဝိညာဏ်တည်းဟူသော စိတ်နှင့် ယှဉ်ဖေါ် ယှဉ်ဖက် တရား များဖြစ်သည်။

စိတ်တခု ယုတ်ကိုးဆယ်တည်းဟူသော ဝိညာဏ်တို့သည် ဝိညာ ဏက္ခန္ဓာမည်၏။ ဝေဒနာသညာဟူသော စေတသိက် တို့သည်စိတ် နှင့်ယှဉ်ဖက်ဖြစ်သောကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ တို့သည် နာမ်ခန္ဓာ လေးပါးမည်၏။ ထို့ကြောင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူ၍ခန္ဓာငါးပါးရှိသည်။

နာမ်ရုပ်တို့ကို ခွဲခြမ်းဝေဖန်၍ မဖေါက်မပြန် ဟုတ်မှန်သည့် အတိုင်း မြင်နိုင်စွမ်းသောညာဏ်ကို "ဒိဋ္ဌိဝိသုဒ္ဓိ"ဟု ခေါ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိဟူသည်မှာ အမြင်စင်ကြယ်ခြင်းတည်း။ အမြင် စင်ကြယ် ခြင်းဟူသည်မှာ နာမ် ရုပ်တရားတို့ကို ပိုင်းခြားဝေဖန်၍ မြင်ခြင်း ကိုပင်ဆိုလိုသည်။

နာမ် ရုပ်တရားတို့ကို ပိုင်းခြား ဝေဖန်ပုံမှာ ဝိညာဏ်သည် အထူးသဖြင့် သိခြင်းလက္ခဏာရှိ၏။ နာမ်ရုပ်တို့၏ ရှေ့ဆောင် အဖြစ်တည်းဟူသောကိစ္စရှိ၏။ အတိတ်ဘဝနှင့်အတူ ဆက်စပ်တတ် သောတရားဟူ၍ ဉာဏ်၌ရှေ့ရှုထင်၏။ သင်္ခါရလျှင် နီးစွာသော အကြောင်းရှိ၏။

နာမ်သည် အာရုံသို့ညွတ်ခြင်းလက္ခဏာရှိ၏။ ဝိညာဏ်နှင့်အထူး မပြား တသားတည်းယှဉ်ခြင်း ကိစ္စရှိ၏။ ဝိညာဏ်နှင့် နာမ် မကွဲ ပြားသောအဖြစ်ဖြင့် ဉာဏ်၌ရှေ့ရှုထင်၏။ ဝိညာဏ်လျှင် နီးစွာ သော အကြောင်းရှိ၏။

ရုပ်သည် ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏။ ယှဉ်ဖက်လက္ခဏာ မရှိသောကြောင့် ဖရိုဖရဲ ကြဲပြန့်ခြင်း ကိစ္စရှိ၏။ အဗျာကတ တရားဟူ၍ ဉာဏ်၌ရှေ့ရှုထင်၏။ တနည်း အာရုံကို မယူတတ်သော တရားဟူ၍ ဉာဏ်၌ရှေ့ရှုထင်၏။ ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။

ဖဿသည် အာရုံကိုတွေ့ခြင်းလက္ခဏာရှိ၏။ အာရုံကိုထိပါးခြင်းလက္ခဏာရှိ၏။ ဝတ္ထု၊အာရုံ၊ဝိညာဏ် ဟူသော အကြောင်းသုံးပါးတို့ပေါင်းဆုံခြင်းဖြင့် ဉာဏ်၌ရှေ့ရှုထင်၏။ သဠာယတနလျှင် နီးစွာသောအကြောင်းရှိ၏။

သညာသည် အမှတ်ပြု၍သိခြင်း လက္ခဏာရှိ၏။ ဤဝတ္ထုသည် ရှေးက မှတ်ယူဘူးသော ဝတ္ထုဟူ၍ နောင်အမှတ်ပြုခြင်းကိစ္စရှိ၏။ မှတ်ထားသည့်အတိုင်း အပေါ်ယံသာ နှလုံးသွင်းခြင်းသာလျှင် ဉာဏ်၌ ရှေ့ရှုထင်၏။ ထင်တိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

ဝေဒနာသည်အာရုံ၏အရသာကို ခံစားခြင်း လက္ခဏာရှိ၏။ အာရုံ၏အရသာကို သုံးဆောင်ခြင်းကိစ္စရှိ၏။ သုခ ဒုက္ခဟူဉာဏ်၌ ရှေ့ရှုထင်၏။ ဖဿလျှင် နီးစွာသော အကြောင်းရှိ၏။

ဤသို့ နာမ်ရုပ်တရားတို့ကို လက္ခဏာစွမ်းအားဖြင့် ပိုင်းခြား၍ သိရန်လိုသည်။ ဤနည်းအားဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြားရန်မှာ အိမ်အထဲ၌ မြွေကိုမြင်၍လိုက်သည်ရှိသော် မြွေအောင်းရာကိုတွေ့မြင်ရဘိသကဲ့သို့ ထို့အတူ နာမ်ကို ဉာဏ်ဖြင့်ကပ်၍ "နာမ်သည် အဘယ်ကိုမှီ၍ ဖြစ်ရသနည်း" ဟု ရှုသည်ရှိသော် နာမ်၏ မှီရာဖြစ်သော ဟဒယ ဝတ္ထုရုပ်ကို တွေ့မြင်ရ၏။

ထိုဟဒယရုပ်ကို တွေ့မြင်ပြီးနောက် ဟဒယရုပ်၏မှီရာ မဟာဘုတ်ကိုလည်းကောင်း၊ ယင်းမဟာဘုတ်ကိုမှီကုန်သော ဥပါဒါရုပ်တို့ကိုလည်းကောင်း ဆင့်ကဲဆင့်ကဲ တွေ့မြင်ရပြန်၏။ ထိုအခါ ယောဂီက "ဘူတရုပ် ဥပါဒါရုပ်တို့သည် ဖေါက်ပြန်တတ်သောကြောင့် ရုပ်မည်၏။" ဟူ၍ ပိုင်းခြားမြင်လာ၏။

နာမ်သည် အာရုံသို့ ရှေ့ရှုညွတ်ခြင်း လက္ခဏာရှိ၏၊ တနည်း အာရုံသို့ ရှေ့ရှုညွတ်တတ်သောတရားသည်နာမ်မည်၏။ ရုပ်သည် အပူအအေးဟူသော ဆန့်ကျင်ဘက် အကြောင်းတရားတို့ကြောင့် ဖေါက်ပြန်ခြင်း လက္ခဏာရှိ၏။ ယင်းသို့ ဖေါက်ပြန် တတ်သောကြောင့် ရုပ်မည်၏။

ဤ၌ ရုပ်တရားတို့ကို ၃၂-ပိုင်းခွဲခြား၍လည်း သိရာ၏။ ဆံပင်၌ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာဟူသော အဋ္ဌကလာပ်ရုပ် ရှစ်ပါးနှင့် ဇီဝိတ၊ ကာယ၊ ပသာဒဟူ၍ ကာယဒသကစွမ်းအားဖြင့်ရုပ်ဆယ်ပါး ထင်ရှားရှိသည်။ ကမ္မသမုဋ္ဌာန်ကြောင့် ဖြစ်ရသော ရုပ် ၂၀ အာဟာရ၊ ဥတု၊ စိတ္တသမုဋ္ဌာန်တို့ကြောင့်ဖြစ်ရသောရုပ် ၂၄-ရှိ၍ ဆံပင်၌ ရုပ်ပေါင်း ၄၄-ပါးရှိ၏။

လူ၏ခန္ဓာကိုယ်ကြီးကို ၃၂-ပိုင်း ပိုင်းဖြတ်လိုက်လျှင် ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေစသည့် စက်ဆုပ် ရွံရှာဘွယ်ရာ ၃၂-မျိုးထွက်လာသည်။ ယင်းခန္ဓာကိုယ်ကြီးကို ၃၂-ပိုင်း ပိုင်းလျှင် ဆံပင်၌လည်း ငါ သူတပါး လူ နတ် ဗြဟ္မာဟူ၍ စွဲထင်စရာမရှိ။

ခင်မင်စရာ မြတ်နိုးတွယ်တာစရာ အလျှင်းမရှိ၊ အမှန်စင်စစ် စက်ဆုပ်ရွံရှာဘွယ်ရာ ပဋိကူလ သညာမျှသာတည်း။ ယင်း

ပဋိကူလ သညာနိမိတ်ကို ဘာဝနာဉာဏ် ရင့်ကျက် ပိုင်ပိုင်နိုင်နိုင် ထင်မြင်နိုင်သည်နှင့်တပြိုင်နက် နီဝရဏ ငါးပါးတို့သည်လည်း ကွာ၍ အတ္တဝါဒုပါဒါန် သက္ကာယဒိဋ္ဌိအစွဲကြီးသည်လည်း မုချ လွင့်စင် ကွယ်ပျောက်သွားရမည်သာတည်း။

ခန္ဓာကိုယ်ကြီးကို ဓာတ်အားဖြင့် စက္ခုဓာတု၊ သောတဓာတု စသည်ဖြင့် ၁၈-ပိုင်း ပိုင်း၍ ဝေဖန်သုံးသပ်ကြည့်သော် ဤ ၁၈-ပါးသောဓာတ်တို့သည် သတ္တဝါတို့၏အလိုကို တရံတဆစ်မျှ လိုက်လျောခြင်းမရှိ၊ မိမိတို့၏သဘောကိုသာ ဆောင်တတ်သော ကြောင့် ဓာတု ဓာတ်မည်၏ ဟုထင်မြင်လာအံ့။

ထိုအခါ နီဝရဏတရားတို့သည်လည်း ကွာကျကုန်အံ့။အတ္တ- ဒိဋ္ဌိ ဝါ သက္ကာယဒိဋ္ဌိ အစွဲကြီးသည်လည်း မုချလွင့်စင်သွားပေ အံ့။ ဘာဝနာဉာဏ်ရင့်၍ ထိုသို့ထင်မြင်လာလျှင် ကိလေသာ တို့ မကပ်ရောက်နိုင်သည့်အပြင် မိမိကိုယ်ခန္ဓာကြီးကိုလည်း ငါရှိ သည် ငါ့ခန္ဓာဟူ၍ အဘယ်သို့ စွဲလမ်းနိုင်စရာ ရှိတော့မည် နည်း။

ရုပ်တရား နာမ်တရားတို့ကို ယင်းသို့ပိုင်းခြားလျက် ဝေဖန် သုံးသပ်ကြည့်လျှင် ဘာဝနာဉာဏ် ရင့်သန်လာသည်နှင့် အမျှ ငါသူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာဟူသော အတ္တ အစွဲကြီး မျိုးပြုတ်သွားရမည်ဖြစ်၏။

ရှေးဦးစွာ ဓာတ်ကြီးလေးပါးကို ပိုင်းခြားရန်မှာ ပထဝီဓာတ် သည် ကြမ်းတမ်းသောလက္ခဏာ ခက်မာသော လက္ခဏာရှိ၏။ အာပေါဓာတ်သည် ဖွဲ့စည်းတတ်သောလက္ခဏာရှိ၏။ တေဇော ဓာတ်သည် ရင့်ကျက်စေခြင်း လက္ခဏာရှိ၏။ ဝါယောဓာတ် သည် ထောက်ပံ့ခိုင်စေတတ်ခြင်း လက္ခဏာရှိ၏။

ထို့နောက် ခန္ဓာကို ၃၂-ပိုင်းခွဲရာတွင် ဆံပင်တည်းဟူသော ပထဝီကောဋ္ဌာသ၌ ပထဝီဓာတ်သည် ကြမ်းတမ်း ခက်မာသော လက္ခဏာရှိ၏။ ဤသို့ဝေဖန်သောနည်းမှတဆင့်တက်၍ဖဿသည် ဉာဏ်၌ကပ်၍ ရှေ့ရှုထင်၏။

ဖဿနှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ဖဿနှင့်တကွ စေတနာသည် သင်္ခါရက္ခန္ဓာမည်၏။ စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဖဿဝေဒနာ ဝိဉာဏ်တို့၏ အစွမ်းအားဖြင့် ထင်ကုန်သော နာမက္ခန္ဓာ လေးပါးတို့ကို နာမ်ဟူ၍ ပိုင်းခြားသိရ၏။

နာမက္ခန္ဓာ လေးပါးတို့၏ အာရုံဖြစ်သော မဟာဘုတ် လေးပါး၊ယင်းမဟာဘုတ်လေးပါးကိုစွဲမှီ၍ဖြစ်သော ဉပါဒါရုပ်တို့ကို ရုပ်ဟူ၍ မရောမယှက် ပိုင်းခြား၍မှတ်သားရာ၏။

ခန္ဓာကိုယ်ကြီးကို ဓာတ် ၁၈-ပါးတို့ဖြင့်၎င်း၊အာယတန ၁၂-ပါးတို့ဖြင့်၎င်း၊ ၃၂—ပါးသော ကောဋ္ဌာသ အားဖြင့်၎င်း၊ ရုပ် သညာ ဝေဒနာစသည့် ခန္ဓာငါးပါးအားဖြင့်၎င်း ခွဲဝေစိတ်ဖြာ ကြည့်လျှင် နာမ်နှင့် ရုပ်မှတပါး–ငါ၊ သူတပါး၊ပုဂ္ဂိုလ်၊သတ္တဝါ၊ လူ၊နတ်၊ဗြဟ္မာ ဟူ၍ အလျဉ်းတွေ့ရမည်မဟုတ်။

ရုပ်နှင့် နာမ် တရားမှတပါး သူ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊လူ၊နတ်၊ ဗြဟ္မာဟူ၍မရှိ။ လူ၊ နတ်၊ ဗြဟ္မာ၊ ငါ၊သူတပါး ဟူသောပညတ် တရားတို့မှ သီးခြား ထုတ်ယူ ထားသော ရုပ်ဓာတ် နာမ်ဓာတ် စစ်စစ်သော ပရမတ်နှစ်ပါးသာလျှင်ရှိသည်။

ရုပ်ဟူ၍၎င်း နာမ်ဟူ၍၎င်း သုံးစွဲ ခေါ်ဝေါ် နေကြသော် လည်းသဘော မသိသူကများ၏။ပညတ်နှင့်ပရမတ်ကိုလည်း ခွဲခြား

နိုင်သူ နည်း၏။ ရုပ်ဟူသည်မှာ ပညတ်ဟု အများအားဖြင့်ထင် မှတ်နေကြ၏။

အမှန်စင်စစ် ရုပ်သည် ပညတ်မဟုတ်။ မုချ ပရမတ်တည်း။ အသွင်သဏ္ဌာန်ကို လိုက်၍ ခေါ်ဝေါ်သမုတ်အပ်သော ဝေါဟာရသာလျှင် ပညတ်ဖြစ်သည်။ ထို့ကြောင့်လူ၊နတ်၊ဗြဟ္မာ ဟူသော ဝေါဟာရတို့သည် သမ္မုတိ ပညတ်ချည်းဖြစ်သည်။

လူ နတ်ဟူသည်မှာ ဝေါဟာရပညတ်ဖြစ်၍ လောကီသမ္မုတိသစ္စာအမှန်၊ လူ၊နတ်၊ဗြဟ္မာ၊ပုဂ္ဂိုလ်၊သတ္တဝါ တို့နှင့် လုံးဝ မရောမယှက် အသီးအခြား ထုတ်ယူထားသော အဆီအနှစ် သာလျှင် ပရမတ်အစစ် ခေတ်အနှစ်ဖြစ်သည်။

ယင်းသို့ အသီးအခြားထုတ်ယူထားသောပရမတ်ဓါတ်ကို ငါ၊ သူတပါး၊ပုဂ္ဂိုလ်၊ သတ္တဝါ၊လူ၊ နတ်၊ ဗြဟ္မာ ဟူ၍ မည်သူမျှ မဆိုနိုင်။မဆိုဝံ့ ။ အဘယ့်ကြောင့်နည်း၊ ပရမတ်ဓါတ် သဘောသည် ငါ၊သူတပါး၊လူ၊နတ်၊ဗြဟ္မာဟူသော သဏ္ဌာန် အကောင်အထည် အရိပ်အရောင်မျှ မထင်နိုင် သောကြောင့်တည်း။

ပရမတ်ဓါတ်ကို ငါပိုင်ပစ္စည်းဟူ၍လည်း မုချ မှတ်ယူ၍မရနိုင်။ ပရမတ်ကို ငါပိုင်သည်ဟုဆိုနိုင်အံ့၊ အတ္တသာတည်း။ ပရမတ်ဓါတ်သည် မည်သူပိုင် ပစ္စည်းမျှမဟုတ်၊ အကြောင်း တရားတို့တိုက်ဆိုင်၍ ဖြစ်ပေါ်နေရသော အကျိုးတရားမျှသာတည်း။

ဤရုပ်ဓါတ် နာမ်ဓါတ်တို့သည် မည်သည့်ပညတ်နှင့်မျှ မရောမယှက် သီးခြားသက်သက် ဖြစ်သောကြောင့် ပရမတ် မည်၏။ မဖေါက်မပြန် အလွန်မှန်ကန်သောကြောင့် ပရမတ်မည်၏။လောက သုံးပါး၌ ဤနာမ်ရုပ်ဟူသော ဓါတ်နှစ်ပါးမှတပါး အကြွင်း

မရှိ သည်း၏။ နိဗ္ဗာန်၌ကား နာမ် ရုပ်ဟူသော ဓါတ်နှစ်ပါးတို့ အကြွင်းမရှိ သည်း၏။ ထို့ကြောင့် အသခ်တဓါတ်မည်၏။

လောက သမ္မုတိသစ္စာ၌ ပညတ်မည်ပုံကို ရှင်းပြရန် အလွန်ကျဉ်း၏၊ တိမ်၏။ ခဏချင်းဖြင့် အကုန်ငုံမိအောင် ရှင်းပြနိုင်၏။ ပရမတ် အရာ၌ကား အလွန်ကျယ်ဝန်း၏။ ရှင်းရလျှင် ကုန်နိုင်ဘွယ်ရာမရှိ၊

ဗုဒ္ဓသည် ပိဋကတ်သုံးပုံကို ပရမတ်အစွမ်းဖြင့်သာ ဟောသည်ဟု သဘောပိုက်ထားရန် လိုသည်။ ဗုဒ္ဓသည် သတ္တဝါတို့အား လူ၊နတ်၊ဗြဟ္မာ နှင့်မဆိုင်သော ပရမတ် ဆတ်ဆတ်တို့ကို သိစေလို၍ ၄၅–ဝါပတ်လုံး အလွန်ပင်ပန်းခံတော်မူခဲ့၏။

အချို့ သုတ္တန်ဒေသနာတော်တို့တွင် ပညတ်အစွမ်းဖြင့် ညွှန်ပြလင့်ကစား လိုရင်းကား ပရမတ်သာတည်း။ လောက၌ ရုပ်ဓါတ် နာမ်ဓါတ် နှစ်ပါးသာလျှင် ပရမတ်အစစ် ဓါတ်အနှစ်တည်း။

ယင်းရုပ်ဓါတ် နာမ်ဓါတ်နှစ်ပါးတို့ကို ရုပ် ၁၈–ပါး၊ အာယတန ၁၂–ပါး၊ ခန္ဓာငါးပါးတို့ဖြင့် ပိုင်းခြားဝေဖန်၍ သိလျှင် နာမရူပ ပရိစ္ဆေဒ ဉာဏ်ဟုခေါ်သည်။ ယင်းရုပ်ဓါတ် နာမ်ဓါတ်တို့၏ ဖြစ်ခြင်း အကြောင်းကိုသိလျှင် ပစ္စယပရိဂ္ဂဟ ဉာဏ်ဟုခေါ်သည်။

ရုပ်ဓါတ် နာမ်ဓါတ်တို့ကို ပိုင်းခြားဝေဖန်၍ သိစွမ်းနိုင်မှသာလျှင်အမြင်၏စင်ကြယ်ခြင်းဖြစ်၍ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ကို ရရှိနိုင်သည်။ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ကို ရမှသာလျှင် နာမ် ရုပ်တရားတို့၌ သို့လော သို့လော သံသယ ကင်းရှင်း၍ သံသယ ကင်းစင်သော ကင်္ခါ

ဝိတရဏာဝိသုဒ္ဓိဉာဏ်ကိုရသည်။ ယင်းဉာဏ်တို့ကိုရနိုင်မှသာလျှင် အလွန် စင်ကြယ်သော ပဋိပတ် လုပ်ငန်းကြီးကို တည်ဆောက်နိုင်မည်ဖြစ်၍ ကလျာဏ ယောဂီတို့အနေဖြင့် အထူး ကြိုးစားအားထုတ်သင့်လှ၏။

## နာမ်ပိုင်း

## ဝေဒနာက္ခန္ဓာအဖွင့်

သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ အကျဉ်းအားဖြင့် ဝေဒနာသုံးပါး ရှိသည်၊ ဥပေက္ခာဝေဖန်ခြင်းအားဖြင့် သုခ၊ဒုက္ခ၊ သောမနဿ၊ ဒေါမနဿဟူ၍ ငါးပါး ရှိသည်။

ဝိညာဏ်ခြောက်ပါးနှင့် ယှဉ်သောအားဖြင့် ဝေဒနာ ခြောက်ပါး ရှိသည်။ ဥပမာ မျက်စိနှင့် ယှဉ်သော ဝေဒနာသည် မျက်စိဝေဒနာ၊ နားနှင့် ယှဉ်သော ဝေဒနာသည် နားဝေဒနာမည်၏။

ဝေဒနာကို လက္ခဏာစသည့် လေးပါးဖြင့် ဆုံးဖြတ်လျှင် ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏။ အာရုံ၏ အရသာကို သုံးဆောင်ခြင်း လက္ခဏာရှိ၏။ သုခ၊ ဒုက္ခ အဖြစ်ဖြင့် ဉာဏ်၌ ရှေ့ရှုထင် တတ်၏။ ဖဿလျှင် နီးစွာသော အကြောင်း ရှိ၏။

ကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် ကုသိုလ်ဝေဒနာ မည်၏။ အကုသိုလ် ဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည်

အကုသိုလ် ဝေဒနာမည်၏။ အဗျာကတ ဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည် အဗျာကတ ဝေဒနာ မည်၏။

အဟိတ်ကုသိုလ် ဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် သုခဝေဒနာ မည်၏။ အကုသိုလ်ဝိပါက် ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည် ဒုက္ခ ဝေဒနာ မည်၏။ သောမနဿနှင့် အတူဖြစ်သော မဟာကုသိုလ်လေးခု၊ သောမနဿနှင့် အတူဖြစ်သော မဟာဝိပါက်လေးခု၊ သောမနဿနှင့် အတူ ဖြစ်သော မဟာကြိယာ လေးခု၊ သောမနဿနှင့် အတူ ဖြစ်သော အဟိတ်ကာမကြိယာတခု၊ သောမနဿနှင့်အတူဖြစ်သော အကုသိုလ်စိတ် လေးခု၊ ပဉ္စမစျာန်မှတပါး ရူပစျာန် ကုသိုလ် လေးခု၊ ဝိပါက်လေးခု၊ ကြိယာလေးခု စသည့် ဝိညာဏ် ခြောက်ဆယ့်နှစ်ပါးနှင့်ယှဉ်သော ဝေဒနာသည် သောမနဿဝေဒနာ မည်၏။

အကုသိုလ်ဒေါသ မူလနှစ်ပါးနှင့် ယှဉ်သော ဝေဒနာသည် ဒေါမနဿ ဝေဒနာမည်၏။ ထိုမှကြွင်းသော ဝိညာဏ်ငါးဆယ့်ငါးပါးနှင့် ယှဉ်သော ဝေဒနာသည် ဥပေက္ခာ ဝေဒနာ မည်၏။ အလိုရှိအပ်သော ဣဋ္ဌာရုံကို ခံစားခြင်းသည် သုခဝေဒနာ မည်၏။

အလိုမရှိအပ်သော အနိဋ္ဌာရုံကို ခံစားခြင်းသည် ဒုက္ခဝေဒနာ မည်၏။

ဒေါမနဿဝေဒနာသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။ သောမနဿဝေဒနာသည် ဣဋ္ဌာရုံကိုခံစားခြင်း လက္ခဏာ ရှိ၏၊ဥပေက္ခာဝေဒနာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့ကို၊ သုခ၊ ဒုက္ခ ဝေဒနာတို့ကို လျစ်လျူပြု၍ ခံစားခြင်း လက္ခဏာ ရှိ၏။

စေတသိက် တရားတို့ ပွားများခြင်းကို မပြုတတ်သော ဏိစ္စ

ရှိ၏။ ငြိမ်သက်သော သဘော အဖြစ်ဖြင့် ဉာဏ်၌ ထင်ဘတ်၏။ ပီတိကင်းသော စိတ်လျှင်နိုးစွာသော အကြောင်း ရှိ၏။

အချို့သော ယောဂီတို့က ဝေဒနာဟု ဆိုလျှင် ဒုက္ခဝေဒနာကိုသာ အလေးပေးလေ့ရှိ၏။ ဒုက္ခဝေဒနာ ကိုသာ ရှုလေ့ရှိ၏၊ ဒုက္ခဝေဒနာကိုသာ ပယ်လေ့ ရှိ၏။ "ဒွေ အန္တော" အစရှိသည့် ဒေသနာတော်၏ အစွမ်းအားဖြင့် ဒေါသအစွန်း လောဘအစွန်း နှစ်ပါးလုံးကို ပယ်ရမည်ဟု ဟောတော်မူရာ ယခု အစွန်းတပါး တည်းသာလျှင် ဝကွက်၍ ပယ်သကဲ့သို့ ဖြစ်နေသည်။

အမှန် ပယ်ရမည်မှာ ဝေဒနာ နှစ်ပါးလုံးဖြစ်သည်။ယောဂီတို့ အနေဖြင့်ဒုက္ခဝေဒနာကိုသာပဓာနထား၍ ရှုကြ၏။ပယ်ကြ၏၊သု တေသီတို့အနေဖြင့်ဒုက္ခဝေဒနာကိုသာအသိများကြ၏။ပဟာတဗ္ဗ တည်းဟူသော ပယ်အပ်သော အမှု၌ ဟိုတကွက် သည်တကွက် ဟိုအစွန်း သည်အစွန်းတို့ကို ဝကွက်၍ မချန်ပဲ ပယ်သင့် ပယ်ထိုက်သော အစွန်းတရား အားလုံးတို့ကို မုချပယ်ရမည်သာ ဖြစ်၏။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ လောဘ၊ ဒေါသ၊ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊သဿတ၊ဉစ္ဆေဒ စသည့် အစွန်းတရားတို့သည် မုချပယ်အပ်သော တရား မည်၏။ ဉပေက္ခာ ဝေဒနာသည် ဉာဏ်ယှဉ်၍ နေအပ်သော၊ ဉာဏ်ယှဉ်၍ ရှုအပ်သော တရားမည်၏။ တနည်း အားဖြင့် ဉာဏ်ယှဉ်၍ သိအပ်သော တရားမည်၏။

လောကီကုသိုလ်အကုသိုလ်အစွမ်းနှစ်ပါးသို့မကပ်ရောက်သော ဇတ်သည်ဉာဏ်ယှဉ်သောဉပေက္ခာစိတ်မည်၏။ သုခ၊ဒုက္ခဝေဒနာ နှစ်ပါးကို ပယ်၍ နေသော (ဝါ) မခံစားပဲ နေသောစိတ်သည်

ဥပေက္ခာဝေဒနာ မည်၏။ ကေဝလတာ သမာဓိသည် ဥပေက္ခာဝေဒနာမည်၏။

"ဗုဒ္ဓရှင်မြတ်ကြီးက ဥပေက္ခာ ပန သန္တတ္တာ သုခ မိစ္စေဝ ဘာသိတာ" ဟူသော ဒေသနာတော်ဖြင့် ဥပေက္ခာဝေဒနာသည် ချမ်းသာ၏ဟု ဟောတော်မူ သည်မှာ— တဏှာမာန ဒိဋ္ဌိတို့ကို ပယ်သောကြောင့် ဖြစ်ပေါ်လာရသော ငြိမ်သက်မှု ကေဝလတာ သမာဓိကိုသာ ရည်ညွှန်း၍ ဟောတော်မူသည်။

ဥပေက္ခာဝေဒနာ၌ တဏှာမာန ဒိဋ္ဌိကပ်လျှင်သော လောကီကုသိုလ် အကုသိုလ်ကို ဖြစ်စေဘတ်၏။ ဉာဏ်ယှဉ်သော ဝိပဿနုပေက္ခာဖြစ်လျှင် လောကုတ္တရာစျာန်တိုင်အောင် ရောက်နိုင်သော ကြီယာစိတ်သည် အဗျာကတဝေဒနာ မည်၏။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက- ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ ဝီရိယုပေက္ခာ၊ သင်္ခါရုပေက္ခာ၊ ဝေဒနုပေက္ခာ၊ဝိပဿနုပေက္ခာ၊တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ ဟူသော ဥပေက္ခာ ဆယ်ပါးတို့ကိုညွှန်ပြတော်မူသည်။

သုခဝေဒနာ၌လည်း မသာယာမိ- ဒုက္ခဝေဒနာ၌လည်း စိတ်ငြိုငြင်ခြင်းမရှိ၊ အကြင်စိတ်သည် ဥပေက္ခာပါရမီတည်းဟု မူလပဏ္ဏာသအဋ္ဌကထာ၌ ဖွင့်သည်။

> "သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ
> သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခ မသုခံ
> ဥပေက္ခာသတိ ပါရိသုဒ္ဓိံ"

ဟူ၍ အဘိဓမ္မာ ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟောတော်မူသည်မှာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ နှစ်ပါးကို ပယ်သောကြောင့် သော

မနသာဝေဒနာ၊ ဒေါမနဿဝေဒနာတို့ ချုပ်၏။ ယင်းဝေဒနာတို့ ချုပ်ခြင်းကြောင့် သုခ ဒုက္ခ ဝေဒနာ နှစ်ပါး၏၊ ဝါ အစွန်း တရား နှစ်ပါးတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အထူးစင်ကြယ် သော ဥပေက္ခာ သတိကို ရ၏။ တနည်းအားဖြင့် စတုတ္ထစျာန်သို့ ရောက်၍ နေရ၏။

ဗုဒ္ဓရှင်မြတ် ညွှန်ပြတော်မူသည်ကို ကောင်းစွာ နှလုံးသွင်း သည်ရှိသော်- ယောဂါဝစရ ပုဂ္ဂိုလ်တို့သည် ဒုက္ခဝေဒနာကို ချည်း ဝကွက်၍ မရှုအပ်၊ မပယ်အပ်၊ အစွန်းတရား နှစ်ပါး ဖြစ်သော သုခ ဒုက္ခ ဝေဒနာ နှစ်ရပ်စလုံးကို ပယ်ရမည်ဖြစ်သည်၊ ဒုက္ခအစွန်းကို ပယ်လျှင် သုခအစွန်းကိုလည်း မုချပယ်ရမည်။

အချို့သော ယောဂီတို့က ဒုက္ခဝေဒနာ ဆိုလျှင်လည်း ပါကဋဒုက္ခ ထင်ရှားသော ဒုက္ခဝေဒနာကိုသာ အများအားဖြင့် ရှုလေ့ ရှိကြသည်။ မထင်ရှားသော ဝေဒနာကို ရှုလေ့မရှိကြ၊ ကာယိက ဒုက္ခ စေတသိက ဒုက္ခဟူ၍ နှစ်ပါးရှိရာတွင် ကိုယ်၌ ဖြစ်သော ကာယိက ဒုက္ခဝေဒနာ ကိုသာ ရှုလေ့ ရှိကြ၏။ စိတ်၌ ဖြစ်သော စေတသိက ဒုက္ခဝေဒနာကို ရှုလေ့ မရှိကြ။ အမှန်စင်စစ် သုခ ဒုက္ခဝေဒနာ အစွန်းတရားနှစ်ပါးစလုံးကိုပယ်ရ မည်သာဘည်း။

# သညာကၡန္ဓာအဖွင့်

သညာဟူသည်မှာ အာရုံကို မှတ်ခြင်း လက္ခဏာ ရှိသော စေတသိက် မည်၏။ သညာ သည်အာရုံ၏ သဘောကို မှတ်ခြင်း လက္ခဏာရှိ၏။ အနီ-အဖြူ-အညို-တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့်အာရုံကို မှတ်ခြင်း၊ သိခြင်းသည် သညာမည်၏။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်က–

သဉ္ဇာနာတိ သဉ္ဇာနာတီတိ ခေါ အာဝုသော တသ္မာ သညာတိ ဝုစ္စတိ။

"အို… ငါ့ရှင် မစဲမငြိမ် အကြိမ်ကြိမ် အမှတ်ပြု၍ သိတတ်သောသဘောကြောင့် သညာဟူ၍ဆိုအပ်၏" ဟု ဟောတော်မူသည်။ သညာသည် အမှတ်ဖြင့် သိခြင်း ဟူသော လက္ခဏာ အားဖြင့် တပါးတည်းသာ ဖြစ်သော်လည်း ဇာတိအားဖြင့် ကုသိုလ် အကုသိုလ် အဗျာကတဟူ၍ သုံးပါးရှိသည်။

ကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သညာသည် ကုသိုလ်သညာ မည်၏။ အကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သညာသည် အကုသိုလ်

သညာမည်၏။ အဗျာကတာ ဝိညာဏ်နှင့်ယှဉ်သော သညာသည် အဗျာကတ သညာမည်၏။ သညာနှင့်မယှဉ်သော ဝိညာဏ်ဟူ၍ မရှိ။

ဝိညာဏ်ခြောက်ပါးဖြင့်ယှဉ်သဖြင့် သညာလည်းခြောက်ပါး ရှိ၏။ စိတ်တခုယုတ် ကိုးဆယ်နှင့်ယှဉ်သောကြောင့် သညာလည်း များစွာရှိ၏။ သညာသည် ဝိညာဏ်များသလောက် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့် တူညီခြင်း မရှိ။

သညာသည် အဖြူ- အနီ- အညို စသော အာရုံကို မှတ်၍ သိခြင်း လက္ခဏာရှိ၏။ ဤအာရုံသည် ရှေ့ကမှတ်ဘူးသော အာရုံတည်းဟု တဖန်သိခြင်း၏အကြောင်းတရားနိမိတ်ကို အမှတ် ပြုခြင်းကိစ္စရှိ၏။ သိဘူး-မြင်ဘူးသည်ကို အမှတ်ပြု၍ "ဤဟာ အမှန်တည်း" ဟု အမှားနှလုံးသွင်းခြင်းလျှင် ယောဂီညာဏ်၌ ရှေ့ရှုထင်တတ်၏။ မှတ်တိုင်း ထင်တိုင်းဖြစ်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

သညာ၏သဘောသည် စိန်ရွှေကျောက်သံ ပတ္တမြားတို့ကိုမြင် သောသူငယ်၏အသိနှင့်တူ၏၊ ဝိညာဏ်၏သဘောသည် ကျောက် သံပတ္တမြားတို့ကိုမြင်သောအခါ ဤဟာကမြ၊ ဤဟာကနီလာဤ ဟာကပတ္တမြားအဘိုးတန်ရတနာများတည်းဟု သိသောလူကြီး၏ အသိနှင့် တူ၏။ ပညာ၏သဘောသည်ကားမြ-နီလာ-ပတ္တမြား စ သည်တို့ကိုခွဲခြား၍ သိသည့်အပြင်တန်ဘိုးနှင့်တကွအရည်အသွေး တို့ကို ထိုးထွင်း၍ သိခြင်းနှင့်တူ၏။

သညာ၊ ဝိညာဏ်ပညာတို့၏ အထူးကွဲပြားပုံကို သိထားရန် လိုသည်။ သို့မှသာလျှင် ယောဂီနှင့် သုတေသီတို့၌များစွာအကျိုး ရှိသည်။

ပယ်အပ်သောသညာ မပယ်အပ်သော သညာပါဟူ၍ ရှိ၏။ စက္ခုပသာဒနှင့် ရူပါရုံတို့ တွေ့ဆုံထိခိုက်မိခြင်းကြောင့် ဖြစ်ပေါ်လာသောသညာသည် ပဋိဃသညာ မည်၏။

"တတ္ထကတမာ ပဋိဃသညာ၊ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာဣမာ၊ ဝုစ္စန္တိ ပဋိဃသညာယော" ဟူ၍ ဟောတော်မူသောကြောင့် ကုသိုလ်ဝိပါက်ဖြစ်သော သညာငါးပါးတို့ကို ဆယ်ပါးသော ပဋိဃသညာတို့ကို ပယ်အပ်၏။ ဤဆယ်ပါးသော သညာ တို့ သည် မုချပယ်အပ်သော သညာမည်၏။

လုံးဝမပယ်အပ်သော ကြိမ်ဖန်များစွာ ပွားများအပ်သော သညာနှင့်ပတ်သက်၍ ဗုဒ္ဓရှင်မြတ်ကြီးက အင်္ဂုတ္တရ ပါဠိတော် သညာသုတ်၌ ဟောတော်မူသည်မှာ....

> "ရဟန်းတို့ ပွားများအပ် ကြိမ်ဖန်များစွာ ပွားများအပ်သော ဤမှတ်သားမှု (သညာ) ဆယ်မျိုးသည် အကျိုးများကုန်၏။ အာနိသင်များကုန်၏။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ အဘယ်ဆယ်မျိုးတို့နည်းဟူမူ မတင့်တယ်ဟုအမှတ်ပြုမှု (အသုဘ သညာ) သေခြင်း၌ အမှတ်ပြုမှု (မရဏသညာ) အစားအစာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု (အာဟာရေပဋိကူလသညာ) လောကအားလုံး၌ မမွေ့လျော်ဘွယ်ဟု အမှတ်ပြုမှု (သဗ္ဗေလောကေအနဘိရတိသညာ) မမြဲဟု အမှတ်ပြုမှု (အနိစ္စသညာ) မမြဲခြင်း၌ ဆင်းရဲဟုအမှတ်ပြုမှု (အနိစ္စေဒုက္ခသညာ) ဆင်းရဲခြင်း၌ အစိုးမရဟု အမှတ်ပြုမှု(ဒုက္ခေအနတ္တသညာ) ပယ်ခြင်း

၌ဖြစ်သောအမှတ်ပြုမှု(ပဟာနသညာ) တတ်မက်မှုကင်းခြင်းဖြစ်သော အမှတ်ပြုမှု (ဝိရာဂသညာ) ချုပ်ခြင်း၌ အမှတ်ပြုမှု (နိရောဓသညာ)တို့တည်း ရဟန်းတို့ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ဤမှတ်သားမှုသညာဆယ်မျိုးတို့သည် အကျိုးများကုန်၏။ အာနိသင်များကုန်၏။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏”ဟု မိန့်တော်မူသည်။

ဤသို့ ပယ်အပ်မပယ်အပ်သော သညာတို့ကိုလည်း ပိုင်းခြား၍သိရန်လိုသည်။ **ဇာတိဘောဒ**အားဖြင့် ကုသိုလ် အကုသိုလ် အဗျာကတာတို့၌(၀၁)အာရုံတို့၌သိမှတ်ကြောင်းဖြစ်သော လက္ခဏာတို့အား သိမ်းကျုံးစုရုံးခြင်းအားဖြင့် သညာက္ခန္ဓာဟု ခေါ်သည်။

# သင်္ခါရက္ခန္ဓာ အဖွင့်

သင်္ခါရဟူသည်မှာ ပြုပြင်ခြင်း၊ အားထုတ်ခြင်းကြောင့် ကြခို ထိခြင်းလက္ခဏာရှိ၏။ ပေါင်းစုအားထုတ်ခြင်း ကိစ္စရှိ၏။ ပျံ့လွင့်လှုပ်ရှား ဗျာပါရများရခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ဝေဒနာ သညာဝိညာဏ်လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိ၏။

ဇာတိတားဖြင့် ကုသိုလ် အကုသိုလ် အဗျာကတသင်္ခါရဟူ၍ သုံးပါးရှိ၏။ ထိုကုသိုလ် ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရသည် **ကုသိုလ်သင်္ခါရ**မည်၏။ထိုအကုသိုလ်ဝိညာဏ်နှင့်ယှဉ်သောသင်္ခါရသည်**အကုသိုလ်သင်္ခါရ**မည်၏။အဗျာကတဝိညာဏ်နှင့် ယှဉ်သော သင်္ခါရသည် **အဗျာကတသင်္ခါရ**မည်၏။

ခန္ဓာအားဖြင့်ဝေဖန်သော် ဝေဒနာသညာတို့မှတပါး စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။ ယင်း စေတသိက်ငါးဆယ်ကို သင်္ခါရက္ခန္ဓာဟုခေါ်သည်။ ဝေဒနာနှင့် သညာစေတသိက် နှစ်ခုတို့ကို ခန္ဓာအသီးအခြားဖွဲ့၍ဟောတော်မူသည်မှာ

ယင်းစေတသိက်နှစ်ပါးတို့သည်သံသရာ၏ ပဓာန အကြောင်းရင်း ဖြစ်၍သီးခြား‌ခန္ဓာနှစ်ပါး အဖြစ်နှင့် ဟောတော် မူခြင်းဖြစ်သည်

ဝေဒနာသညာ စေတသိက်နှစ်ပါးတို့မှ ကြွင်းသောအညသမာန်းစေတသိက် ၁၁-ပါး၊ အကုသိုလ် စေတသိက်၁၄-ပါး၊ သောဘန သာဓာရဏ စေတသိက်၁၉-ပါး၊ ဝိရတိစေတသိက် ၃-ပါး၊ အပ္ပမညာ စေတသိက်၂-ပါးနှင့် အမောဟစေတသိက် တည်းဟူသော စေတသိက် ၅၀-တို့သည် သင်္ခါရက္ခန္ဓာမည်၏။

ကာမ ပထမကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရတို့သည်မြဲသောသဘော(နိယတ)အားဖြင့် ၂၇-ပါး၊သရုပ်အားဖြင့်မထင်သာသသဘောအားဖြင့်(ယေဝါပနက) လေးပါ၊ အမြဲ မရှိသော (အနိယတ)သဘောအားဖြင့်ငါးပါး ပေါင်း၃၆-ပါးရှိသည်။

နိယတ သင်္ခါရ ၂၇-ပါးတို့မှာ ဖဿ၊ စေတနာ၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝီရိယ၊ ဇီဝိတိန္ဒြေ၊ သမာဓိ၊ သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတပ္ပ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ ဟူ၍ နှစ်ဆယ့်ခုနစ်ပါးဖြစ်သည်။

ယေဝါပနက သင်္ခါရတို့ မှာ ဆန္ဒ၊ အဓိ မောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာဟူ၍ လေးပါးဖြစ်သည်၊ အနိယတ သင်္ခါရတို့မှာ ကရုဏာ၊ မုဒိတာ၊ ကာယဒုစ္စရိတ ဝိရတိ၊ ဝစီဒုစ္စရိတ ဝိရတိ၊ မိစ္ဆာဇီဝ ဝိရတိ ဟူ၍ ငါးပါးဖြစ်သည်။ ယင်း သင်္ခါရစေတသိက်ငါးပါးတို့သည် ရံခါသာဖြစ်တတ်သည် ဖြစ်သောအခါ၌လည်း စုပေါင်း၍ မဖြစ်၊ သီးခြားစီသာ ဖြစ်

တတ်သည်။ထို့ကြောင့် (အနိယတ) စေတသိက်ဟု ခေါ်သည်။ နိယတ=အမြဲယှဉ်၊ အနိယတ= အမြဲမယှဉ်။

**သင်္ခါရစေတသိက်တို့၏ လက္ခဏာ**

၁။ အာရုံကို တွေ့ထိတတ်သော သဘောတရားသည် ဖဿ မည်၏၊

၂။ မိမိနှင့် အတူယှဉ်ဖက် စေတသိက်တရားတို့ကို အာရုံ၌ စေ့ဆော် တိုက်တွန်းသော သဘောတရားတို့သည် စေတနာမည်၏။

၃။ တခုတည်းသော အာရုံကိုသာ ယူ၍ တည်ငြိမ်ခြင်း လက္ခဏာသဘောတရားသည် ဧကဂ္ဂတာ မည်၏။

၄။ သဟဇာတ်ဖြစ်သော နာမ်-ရုပ်တရားတို့ကိုစောင့်ရှောက် ခြင်းသဘောတရားသည် ဇီဝိတိန္ဒြေမည်၏။

၅။ အာရုံကိုနှလုံးသွင်းခြင်းသဘောတရားသည် မနသိကာရ မည်၏။

၆။ ယှဉ်ဖက် စေတသိက်တို့ကို အာရုံသို့ ရှေ့ရှုပို့ခြင်း သဘောတရားသည် ဝိတက်မည်၏။

၇။ ယှဉ်ဖက်စေတသိက်တို့ကို အာရုံ၌သုံးသပ်ခြင်း သဘော တရားသည် ဝိစာရ မည်၏။

၈။ အာရုံကိုဆုံးဖြတ်ခြင်း သဘောတရားသည် အဓိမောက္ခ မည်၏။

၉။ ယှဉ်ဖက်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေခြင်း သဘော တရားသည် ဝီရိယ မည်၏။

၁၀။ အာရုံကို နှစ်သက်ခြင်းသဘောသည် ပီတိမည်၏။

၁၁။ ပြုလိုကာမတ္တသာ ဖြစ်ခြင်းသဘောသည် ဆန္ဒမည်၏။

၁၂။ အာရုံကို ဖုံးလွှမ်းခြင်းသဘောသည် မောဟမည်၏။
၁၃။ မကောင်းမှုပြုရသည်ကို မရှက်ခြင်းသဘောသည် အဟိရိက မည်၏။
၁၄။ မကောင်းမှုပြုရသည်ကို မကြောက်ခြင်း သဘောသည် အနောတ္တပ္ပ မည်၏။
၁၅။ စိတ်မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း သဘောသည်၊ ဥဒ္ဓစ္စ မည်၏။
၁၆။ အာရုံ၌ကပ်ငြိ၍ တပ်မက်ခြင်း သဘောသည် လောဘ မည်၏။
၁၇။ အမှားကို နှလုံးသွင်းခြင်း သဘောသည် ဒိဋ္ဌိ မည်၏။
၁၈။ မိမိ ကိုယ်ကို ထောင်လွှားခြင်း သဘောသည် မာန မည်၏။
၁၉။ ကြမ်းတမ်းပြစ်မှားခြင်း သဘောသည် ဒေါသ မည်၏။
၂၀။ သူတပါး၏စည်းစိမ်ချမ်းသာကို ငြူစူခြင်းသဘောသည် ဣဿာ မည်၏။
၂၁။ မိမိစည်းစိမ်ကို ဝန်တိုခြင်း၊ တွန့်တိုခြင်း၊ လျှို့ဝှက်ခြင်း၊ သဘောသည် မစ္ဆရိယ မည်၏။
၂၂။ ပြုပြီးသော မကောင်းမှု၊ မပြုမိသော ကောင်းမှု တို့၌ အဖန်တလဲလဲ စိုးရိမ်ပူပန်ခြင်း သဘောသည် ကုက္ကုစ္စ မည်၏။
၂၃။ အားထုတ်မှုကင်းခြင်း၊ တွန့်တို ဆုတ်နစ်ခြင်း၊ စိတ်မခံ့ ခြင်းသဘောသည် ထိန မည်၏။
၂၄။ မစွမ်း ဆောင်နိုင်ခြင်း၊ ကောင်းမှု ပြုရန် နှုန့်နှေးခြင်း ပင်ပန်းခြင်းသဘောသည် မိဒ္ဓ မည်၏။

၂၅။ အာရုံကို တိတိကျကျ မဆုံးဖြတ်နိုင်ခြင်း သဘောသည် ဝိစိကိစ္ဆာ မည်၏။
၂၆။ ဘုရားအစရှိသော ကောင်းမှု အာရုံ၌ ယှဉ်ဘက်သော စေတသိက်တို့ကို ယုံကြည်စေခြင်း သဘောသည် သဒ္ဓါ မည်၏။
၂၇။ ကောင်းမှုအာရုံတို့၌ ယှဉ်ဖက်စေတသိက်တို့ကို အောက်မေ့စေခြင်းသဘောသည် သတိ မည်၏။
၂၈။ မကောင်းမှုပြုရန် ရှက်ခြင်းသဘောသည် ဟိရိ မည်၏။
၂၉။ မကောင်းမှုပြုရန် ကြောက်ခြင်းသည် ဩတ္တပ္ပ မည်၏။
၃၀။ အာရုံ၌မတပ်မက်ခြင်း၊ မကပ်ငြိခြင်း သဘောသည် အလောဘ မည်၏။
၃၁။ ကြမ်းတမ်းမှု မရှိခြင်း၊ မပြစ်မှားခြင်း၊ သဘောသည် အဒေါသ မည်၏။ မေတ္တာစေတသိက် လည်း မည်၏။
၃၂။ အာရုံ၌ ယှဉ်ဖက် စေတသိက်တို့ကို လျစ်လျူရှုခြင်း သဘောသည် တတြမဇ္ဈတ္တတာ မည်၏။
၃၃။ စေတသိက်တို့၏ ငြိမ်းခြင်း သဘောသည် ကာယပဿဒ္ဓိ မည်၏။
၃၄။ စိတ်၏ တည်ငြိမ်ခြင်းသဘောသည် စိတ္တပဿဒ္ဓိ မည်၏။
၃၅။ စေတသိက်တို့၏ ပေါ့ပါးခြင်း သဘောသည် ကာယလဟုတာ မည်၏။
၃၆။ စိတ်၏ ပေါ့ပါးခြင်း သဘောသည် စိတ္တလဟုတာ မည်၏။

၃၇။ စေတသိက်တို့၏ နူးညံ့ခြင်း သဘောသည် ကာယ မုဒုတာ မည်၏။
၃၈။ စိတ်၏ နူးညံ့ခြင်းသဘောသည် စိတ္တမုဒုတာ မည်၏၊
၃၉။ ကောင်းမှု၌ စေတသိက်တို့အား ခိုင်ခံ့ စေခြင်းသဘော သည် ကာယကမ္မညတာ မည်၏။
၄၀။ ကောင်းမှု၌ စိတ်အားခိုင်ခံ့စေခြင်း သဘောသည် စိတ္တ ကမ္မညတာ မည်၏။
၄၁။ စေတသိက်တို့၏ နာကျင်မှုကို ငြိမ်စေခြင်းသဘောသည် ကာယပါဂုညတာ မည်၏။
၄၂။ စိတ်၏နာကျင်မှုကို ငြိမ်စေခြင်းသဘောသည် စိတ္တ-ပါ ဂုညတာ မည်၏။
၄၃။ စေတသိက်တို့၏ ဖြောင့်မတ်ခြင်းသဘောသည် ကာယု ဇုကတာ မည်။
၄၄။ စိတ်၏ ဖြောင့်မတ်ခြင်း သဘောသည် စိတ္တုဇုကတာ မည်၏။
၄၅။ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာ ဝါစာ မည်၏။
၄၆။ ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာ ကမ္မန္တ မည်၏။
၄၇။ ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးတို့မှ ရှောင် ကြဉ်ခြင်း ရှောင်ကြဉ်၍အသက်မွေးခြင်း သဘောသည် သမ္မာအာဇီဝ မည်၏။
၄၈။ အတိုင်းမသိသောဒုက္ခိတသတ္တဝါတို့ကိုအာရုံပြု၍သနား ခြင်းသဘောသည် ကရုဏာ မည်၏။

၄၉။ အတိုင်းမသိသော သုခိတ သတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘောသည် မုဒိတာမည်၏။

၅၀။ အနိစ္စစသော လက္ခဏာတို့ကို ထိုးထွင်း၍ သိတတ်သည့် အဖြစ်ကြောင့် ထိုသို့ သိတတ်ခြင်းကို အစိုးရခြင်း သဘောသည် ပညိန္ဒြေမည်၏။ ယင်းကို အမောဟ စေတသိက်ဟုလည်းခေါ်သည်။

ယင်း စေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာဟု ခေါ်သည်။ သင်္ခါရက္ခန္ဓာဟူသည်မှာ ပြုပြင်တတ်သောခန္ဓာမည်၏။ စိတ်နှင့်တကွ အတူယှဉ်တတ်သော ယင်းစေတသိက် ၅၀-တို့ကို သာလျှင် သင်္ခါရက္ခန္ဓာဟု ခေါ်သည်။ ကြွင်းသော စေတသိက် ၂-ပါးကို သင်္ခါရက္ခန္ဓာဟုမခေါ်နိုင်၊ ဤနေရာ၌ အလွန်နက်ရှိုင်း၍ တိဟိတ်ဉာဏ်ဖြင့်သာလျှင် စေ့စေ့ဆင်ခြင်။

ဒေသနာအားလုံးကိုခြုံ၍ ကုသိုလ်အကုသိုလ်ကံသည် သင်္ခါရ၊ ဝါ၊ သင်္ခါရက္ခန္ဓာမည်၏။ အထက်တွင် ဖော်ပြခဲ့သော ဖဿ၊ စေတနာ၊ဝိတက်၊ဝိစာရသည် စေတသိက် ၃၆-ပါး တို့သာလျှင် ပထမကာမကုသိုလ်ဝိညာဏ်နှင့်ယှဉ်သည်။

ထို့အတူ ယင်းသင်္ခါရ စေတသိက် ၃၆-ပါး တို့သည် ဒုတိယကာမကုသိုလ် ဝိညာဏ်နှင့်လည်း ယှဉ်ဖက်ဖြစ်သည်။ ပထမနှင့် ဒုတိယတို့မှာ တိုက်တွန်းခြင်း မတိုက်တွန်းခြင်းသာလျှင် ခြားနားသည်။

အမောဟစေတသိက်မှကြွင်းသော ယင်းသင်္ခါရ ၃၅-ပါးတို့သည် တတိယကာမကုသိုလ်ဝိညာဏ်နှင့်ယှဉ်သည်။ ယင်းသင်္ခါရ ၃၅-ပါးသည်ပင် စတုတ္ထကာမကုသိုလ် ဝိညာဏ်နှင့်လည်း ယှဉ်သည်။ တိုက်တွန်းခြင်း မတိုက်တွန်းခြင်းသာလျှင်ခြားနားသည်။

ပထမကာမကုသိုလ်နှင့်ယှဉ်သောသင်္ဂြိုဟ်ရ ၃၆-ပါး၌ ပီတိမှတပါး ကြွင်းသောသင်္ဂြိုဟ်ရ ၃၅-ပါးသည် ပဥ္စမ ကာမကုသိုလ်နှင့် ယှဉ်သည်။ ထို့အတူပင် ယင်းသင်္ဂြိုဟ်ရ ၃၅-ပါးသည်ပင် ဆဋ္ဌမကာမကုသိုလ်စိတ်ဉာဏ်နှင့်လည်းယှဉ်ဖက်ဖြစ်သည်။ တိုက်တွန်းမှု မတိုက်တွန်းမှုသာလျှင် ခြားနားမှုရှိသည်။

သင်္ဂြိုဟ်ရ ၃၆-ပါးတွင် အမောဟနှင့် ပီတိတို့မှတပါး ကြွင်းသင်္ဂြိုဟ်ရ ၃၄-ပါးတို့သည် သတ္တမ၊ အဋ္ဌမ ကာမကုသိုလ်စိတ်ဉာဏ်နှင့်ယှဉ်သည်။ တိုက်တွန်းခြင်း မတိုက်တွန်းခြင်းဟူသော အဖြစ်မျှသာခြားနားမှုရှိသည်။ ကာမကုသိုလ်စိတ်ဉာဏ် ၈-ပါးဖြစ်ပုံကို စိတ်ဉာဏကဏ္ဍအဖွင့်၌ကြည့်။

အထက်ပါ သင်္ဂြိုဟ်ရ ၃၆-ပါးတွင် ဝိရတိ ၃-ပါးကို ပယ်၍ ကြွင်းသော သင်္ဂြိုဟ်ရ ၃၃-ပါးတို့သည် ပထမရူပကုသိုလ်စိတ်ဉာဏ်နှင့်ယှဉ်သည်။ ဝိတက်မှတပါး ကြွင်းသောသင်္ဂြိုဟ်ရ ၃၂-ပါးတို့သည် ဒုတိယရူပကုသိုလ် စိတ်ဉာဏ်နှင့် ယှဉ်သည်။ ဝိစာရမှတပါး ကျန်သင်္ဂြိုဟ်ရ ၃၁-ပါးတို့သည် တတိယရူပကုသိုလ် စိတ်ဉာဏ်နှင့် ယှဉ်သည်။ ပီတိမှကြွင်းသောသင်္ဂြိုဟ်ရ ၃၀-တို့သည် စတုတ္ထရူပကုသိုလ်စိတ်ဉာဏ်နှင့်ယှဉ်သည်။

ကရုဏာ၊မုဒိတာတို့မှတပါး ကြွင်းသောသင်္ဂြိုဟ်ရ ၂၈-ပါးတို့သည် ပဥ္စမရူပကုသိုလ် စိတ်ဉာဏ်နှင့် ယှဉ်သည်။ ယင်းသင်္ဂြိုဟ်ရ ၂၈-ပါးတို့ပင်လျှင် အရူပကုသိုလ်စိတ်ဉာဏ်လေးခု၌ယှဉ်သည်။

လောကုတ္တရာကုသိုလ်စိတ်ဉာဏ် ၂၀-တွင် ပထမမဂ် စိတ်ဉာဏ်၌ သင်္ဂြိုဟ်ရယှဉ်ပုံမှာ ပထမရူပကုသိုလ်စိတ်ဉာဏ်နှင့် တူသည်။ ဒုတိယစျာန်စသည့်မဂ်စိတ်ဉာဏ်တို့၌လည်း ရူပဒုတိယစျာန် စသည်တို့နှင့် တူသည်။

ထူးသည်မှာ ကရုဏာ၊ မုဒိတာ မရှိသည့်အဖြစ် ဝိရတီမြဲသောအဖြစ်၊ လောကုတ္တရာ (လောကမှလွတ်မြောက်ခြင်း) အဖြစ်သာ လျှင်ထူးသည်။ ဤအပိုင်း၌ ကုသိုလ် သင်္ခါရတို့ကို ရှေးဦးစွာ ခွဲခြားစိတ်ဖြာ၍ပြပြီးနောက် အကုသိုလ်သင်္ခါရတို့ကို ဝေဖန်၍ ပြသည်။

## အကုသိုလ်ဝိညာဏ်များ

အကုသိုလ်ဝိညာဏ်တို့တွင် ရှေးဦးစွာ လောဘမူ ဝိညာဏ်၌ ယှဉ်သောသင်္ခါရတို့ကို သိရန်ကိုလိုသည်။ လောဘမူ (လောဘ အရင်းခံစိတ်) ဝိညာဏ် ၈-ခုတွင် ပထမအကုသိုလ် ဝိညာဏ၌ နိယတသင်္ခါရ ၁၃-ပါး၊ ယေဝါပနက သင်္ခါရ လေးပါး၊ ဤသင်္ခါရ ၁၇-ပါးယှဉ်သည်။

ယင်းသင်္ခါရ ၁၇-ပါးတွင် ဖဿ၊ စေတနာ၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝီရိယ၊ ဇီဝိတိန္ဒြေ၊ သမာဓိ၊ အဟိရိယ၊ အနောတ္တပ္ပ၊ လောဘ၊ မောဟ၊ မိစ္ဆာဒိဋ္ဌိ ဟူသော သင်္ခါရ ၁၃-ပါးကို သဘောသရုပ် အားဖြင့် လာသော နိယတ(မြဲသော)သင်္ခါရဟု ခေါ်သည်။

ဆန္ဒ၊ အဓိမောက္ခ၊ ဥဒ္ဓစ္စ၊ မနသိကာရလေးပါးတို့ကို ယေဝါ ပနကသင်္ခါရဟု ခေါ်သည်။ ယေဝါပနကဟူသည်မှာ ယင်းသို့ သော သဘောရှိကုန်သော သင်္ခါရဟုအဓိပ္ပါယ်ရသည်။

ယင်းသင်္ခါရ ၁၇-ပါးတို့သည် ပဌမကုသိုလ် ဝိညာဏ်နှင့် ယှဉ်သည်။ ယင်းသင်္ခါရ ၁၇-ပါးတို့သည်ပင် ဒုတိယ အကုသိုလ် ဝိညာဏ်နှင့်လည်းယှဉ်သည်။ ဤအချက်၌ တိုက်တွန်းသည့်အဖြစ် ထိနမိဒ္ဓ၏ မမြဲသောအဖြစ်တို့သာလျှင်ထူးသည်။

ထိနမိဒ္ဓဟူသော သင်္ခါရစေတသိက် နှစ်ပါးတွင် အားထုတ်ခြင်းကင်းသောအဖြစ်၊ တွန့်တိုဆုတ်နစ်သောအဖြစ်၊ ဝါ၊ ပျင်းသောအဖြစ်၊ စိတ်၏မခံ့သော အဖြစ်တို့သည် ထိနမည်၏။ ယင်းသို့သော အဖြစ်သဘောကို ထိနဟုခေါ်သည်။

မစွမ်းဆောင်နိုင်သောအဖြစ်၊ ပင်ပန်း၍မကောင်းသောအဖြစ်သည် မိဒ္ဓမည်၏။ မစွမ်းဆောင်နိုင်သောအဖြစ်နှင့် အလုပ်ကိစ္စတို့၌ ပင်ပန်းသော အဖြစ်တို့ကို မိဒ္ဓဟုခေါ်သည်။ ထိန၊ မိဒ္ဓကို အချို့ကစေတသိက်တခုတည်းဟု ထင်မှတ်တတ်၏။ အမှန်မှာ ထိနနှင့်မိဒ္ဓသည် စေတသိက်တခုစီသာဖြစ်သည်။

ထိနသည် စိတ်၏ မခိုင်ခံ့ခြင်း လက္ခဏာရှိသည်။ မိဒ္ဓသည် စေတသိက်တို့၏ မခိုင်ခံ့ခြင်း လက္ခဏာရှိသည်။ ထိနမှာ စိတ်၏ မခိုင်ခံ့ခြင်း၊ မိဒ္ဓမှာ စေတသိက်တို့၏ မခိုင်ခြင်း ဖြစ်သည်ဟူ၍မှတ်။

ထိနသည် အားထုတ်ခြင်း ကင်းသော လက္ခဏာ ရှိသည်။ ဝီရိယကိုဖျက်ဆီးခြင်းကိစ္စရှိသည်။ စေတသိက် (သမ္ပယုတ်)တရားတို့ကို ဆုတ်နစ်စေတတ်သော ပစ္စုပဋ္ဌာန်ရှိသည်။ ကောင်းမှုတို့၌ ကောင်းစွာ နှလုံးမသွင်းခြင်းလျှင် နီးစွာအကြောင်း (ပဒဋ္ဌာန်) ရှိသည်။

မိဒ္ဓသည် အမှုကိစ္စ(အလုပ်)တို့၌ မကောင်းသည့်ပျော့ညံ့သည့်အဖြစ်၊ မခိုင်ခံ့သည့် အဖြစ်လျှင် လက္ခဏာရှိ၏။ ဝိညာဏ်ဒွါရတို့ကို ပိတ်ပင်ခြင်းကိစ္စရှိသည်။ အာရုံကိုခံယူခြင်း၌တွန့်တိုသော ပစ္စုပဋ္ဌာန် (ဉာဏ်၌ ရှေ့ရှုထင်ခြင်း) ရှိသည်။ ကောင်းမှုတို့၌ ကောင်းစွာနှလုံးမသွင်းခြင်းလျှင် နီးစွာသောအကြောင်းရှိသည်။

ထိန၊မိဒ္ဓ သင်္ခါရနှစ်ပါးလုံးသည် ဆိတ်ငြိမ်ရာ၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ အမှားနှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်းရှိသည်။ အချုပ်အားဖြင့် သမထ၊ ဝိပဿနာလုပ်ငန်းတို့၌ ပျင်းရိသောအဖြစ်၊ ကိုယ်စိတ်နှစ်ပါးလုံး မခန့်သောအဖြစ်ဝါ၊ သမ္မာဝါယမ၏ ဆန့်ကျင်ဘက် အဖြစ်တို့ကို ထိန၊ မိဒ္ဓဟုခေါ်သည်။

သင်္ခါရ ၁၇-ပါးတွင်မိစ္ဆာဒိဋ္ဌိမှကြွင်းသော သင်္ခါရ ၁၆-ပါးတို့သည် တတိယအကုသိုလ်ဝိညာဏ်နှင့် ယှဉ်သည်။ ထူးသည်မှာ ဤအကုသိုလ်ဝိညာဏ်၌မာနအမြဲမယှဉ်၊

ယင်းမာနသည် ထောင်လွှားတက်ကြွခြင်း လက္ခဏာရှိသည်။ ချီးမြှောက်ခြင်းကိစ္စရှိသည်။ မိမိကိုယ်ကို အထင်ကြီးတတ်သည်။ အဖြစ်ဟူ၍ဉာဏ်၌ထင်မြင်သည်။ ဒိဋ္ဌိမယှဉ်သော လောဘလျှင် နီးစွာသောအကြောင်းရှိသည်။

ဒုတိယအကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရ ၁၇-ပါးတွင် မိစ္ဆာဒိဋ္ဌိမှတပါး ကြွင်းသောသင်္ခါရ ၁၆-ပါးတို့သည် စတုတ္ထအကုသိုလ်ဝိညာဏ်၌လည်း မာန၊ထိန၊မိဒ္ဓတို့သည် အမြဲယှဉ်ခြင်းမရှိ။

ပထမ အကုသိုလ်မှ ယှဉ်သော သင်္ခါရ ၁၇-ပါးတွင် ပီတိမှကြွင်းသော သင်္ခါရ ၁၆-ပါးတို့သည် ပဉ္စမအကုသိုလ်ဝိညာဏ်နှင့်ယှဉ်သည်။ ဤသင်္ခါရ ၁၆-ပါး သည်ပင် ဆဋ္ဌမအကုသိုလ်ဝိညာဏ်နှင့်လည်း ယှဉ်သည်။ ထူးသည်မှာ ဤဆဋ္ဌမဝိညာဏ်၌ တိုက်တွန်းသည်အဖြစ်၊ ထိန၊မိဒ္ဓ အမြဲမယှဉ်သော အဖြစ်တို့ သာလျှင် ထူးသည်။

ပဉ္စမအကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရ ၁၆-ပါးတွင် ဒိဋ္ဌိမှကြွင်းသော သင်္ခါရ ၁၅-ပါးသည် သတ္တမ အကုသိုလ် ဝိညာဏ်နှင့်ယှဉ်သည်။ ဤဝိညာဏ်၌မာနသည်အမြဲမယှဉ်၊ ရံခါ သာယှဉ်တတ်သည်။

ဆဋ္ဌမအကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရ ၁၆-ပါးတွင် ဒိဋ္ဌိမှကြွင်းသော သင်္ခါရ ၁၅-ပါးသည် အဋ္ဌမအကုသိုလ်ဝိညာဏ် နှင့်ယှဉ်သည်။ ဤနေရာ၌လည်း မာန၊ ထိန၊ မိဒ္ဓ တို့သည် အမြဲ ယှဉ်ခြင်းမရှိ။

ဒေါသမူ နှစ်ပါးတွင် အမြဲယှဉ်သော သင်္ခါရ ၁၁-ပါး၊ ယေဝါပနကသင်္ခါရ ၄-ပါး။ အမြဲမယှဉ်သော (အနိယတ) သင်္ခါရ ၃-ပါး၊ ဤသင်္ခါရ ၁၈-ပါးသည် ရှေးဦးစွာ ပထမ ဒေါသမူဝိညာဏ်နှင့်ယှဉ်သည်။

ဖဿ၊ စေတနာ၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ ဇီဝိတိန္ဒြေ၊ သမာဓိ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဒေါသ၊ မောဟတည်းဟူသော သင်္ခါရ ၁၁-ပါးတို့သည် အမြဲယှဉ်၍ အဘိဓမ္မာ၌သရုပ်အားဖြင့်ပြသည်။ ဆန္ဒ၊အဓိမောက္ခ၊ဥဒ္ဓစ္စ၊မနသိကာရ လေးပါးတို့သည် အဘိဓမ္မာ၌ ယေဝါပနကအားဖြင့်ပြသည်။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဟူ သော သင်္ခါရ ၃-ပါးတို့သည် အနိယတ (မမြဲသောသဘော) အားဖြင့်ပြသည်။

ဖျက်ဆီးတတ်သောသဘောတရားသည် ဒေါသမည်၏။ ဒေါ သတရားသည် အမျက်ထွက်ခြင်း လက္ခဏာရှိသည်။ မကောင်း သော ဝါ မတင့်တယ်သော ရုပ်သဏ္ဌာန်ကိုဖြစ်စေခြင်း၊ ကိုယ်ကို တုန်လှုပ်စေခြင်း၊ ဖောက်ပြန်၍ ပျံ့နှံ့စေခြင်း ကိစ္စရှိသည်။

တနည်းအားဖြင့် မိမိ၏ အမှီသဟဲပြုရာ ဟဒယဝတ္ထုကို လောင်ခြင်းကိစ္စရှိသည်။
မိမိကိုရင်း၊ သူတပါးကိုရင်း၊ ဖျက်ဆီးတတ်သော တရားဟု ဉာဏ်၌ရှေ့ရှုထင်တတ်သည်။အာဃာတဝတ္ထုကိုးပါးလျှင် နီးစွာသောအကြောင်း (ပဒဋ္ဌာန်)ရှိသည်။

**ရန်ငြိုးဖွဲ့ကြောင်း ၉-မျိုး**

၁။ ငါ၏အကျိုးမဲ့ကို ပြုခဲ့သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၂။ ငါ၏အကျိုးမဲ့ကို ပြုနေသူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၃။ ငါ၏အကျိုးမဲ့ကို ပြုမည့်သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၄။ ငါ၏ ချစ်ခင်သူ၏ အကျိုးမဲ့ကို ပြုခဲ့သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၅။ ငါ့ချစ်ခင်သူ၏အကျိုးမဲ့ကိုပြုနေသူဟူ၍ရန်ငြိုးဖွဲ့ခြင်း။
၆။ ငါ့ချစ်ခင်သူ၏ အကျိုးမဲ့ကို ပြုမည့်သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၇။ ငါမုန်းခဲ့သူ၏ အကျိုးစီးပွားကို ပြုခဲ့သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၈။ ငါမုန်းသူ၏အကျိုးကို ပြုနေသူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။
၉။ ငါမုန်းသူ၏အကျိုးကို ပြုမည့်သူဟူ၍ ရန်ငြိုးဖွဲ့ခြင်း။

ယင်းရန်ငြိုးဖွဲ့ခြင်း၉-မျိုးကို အင်္ဂုတ္တရပါဠိတော် သတ္တဝါသဝဂ်၊ အာဃာတဝတ္ထုသုတ် ၂၀၈၌ဟောတော်မူသည်။ ယင်းအမျက်ပြေကြောင်း ၉-မျိုးကိုလည်း အာဃာတပဋိဝိနယသုတ် (၂၀၈)၌ပင် ဟောတော်မူသည်။ ဤအာဃာတဝတ္ထု ၉-ပါးကိုရည်၍ အချို့ပညာရှင်တို့က "မျက်ကြုတ်ကိုးတန်၊ မျက်မာန်ကိုးပါး"ဟု ရေးစပ်ကြသည်။

မောဟမူနှစ်ပါးတွင် စေတနာ၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ ဇီဝိတိန္ဒြေဟူသော သင်္ခါရ၊ စိတ္တဋ္ဌိတိဟူသော ဧကဂ္ဂတာ၊ အဟိရိက၊ အနောတ္တပ္ပ၊မောဟ၊ ဝိစိကိစ္ဆာဟူ၍ သရုပ်အားဖြင့်ပြသော သင်္ခါရ ၁၁-ပါး၊ ဥဒ္ဓစ္စ၊ မနသိကာရဟူသော ယေဝါပနကနှစ်ပါး၊ ဤသင်္ခါရ ၁၃-ပါးတို့ယှဉ်သည်။

**ရှင်းလင်းချက်**

စိတ္တဋ္ဌိတိဟူသည်မှာဌိခဏ(တည်ဆဲအခိုက်)မျှကိုခေါ်သည်။ အားနည်းသော သမာဓိဟုဆိုလိုသည်။

ဉာဏ်ဖြင့်ကုစားခြင်း ကင်းသောကြောင့် ဝိစိကိစ္ဆာဟုခေါ်သည်။ ယင်းဝိစိကိစ္ဆာသည် ယုံမှားခြင်းလက္ခဏာရှိသည်။ အထူးထူးသော အာရုံတို့၌ စိတ်၏ တုန်လှုပ်ခြင်း လက္ခဏာရှိသည်။ အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ စိတ်နှစ်ခွဖြစ်ခြင်းလျှင် ဉာဏ်၌ထင်သည်။ မသင့်သောနှလုံးသွင်းခြင်း၊ မှားယွင်းစွာနှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်း (ပဒ္ဋ္ဌာန်)ရှိသည်။

အထူးသဖြင့် ဝိစိကိစ္ဆာသည် ကျင့်ဝတ် ပဋိပတ်အား အန္တရာယ်ပြုတတ်သော တရားဟူ၍ မှတ်အပ်သည်။

ယင်းသင်္ခါရ ၁၃-ပါးတွင် ဝိစိကိစ္ဆာမှကြွင်းသော သင်္ခါရ ၁၂-ပါးတို့သည် ဥဒ္ဓစ္စစေတသိက် ဝိညာဏ်နှင့်ယှဉ်သည်။ ထူးသည်မှာ ဤဥဒ္ဓစ္စစေတသိက်၌ ဝိစိကိစ္ဆာမရှိသောကြောင့် အာရုံကို ဆုံးဖြတ်နိုင်သော အဓိမောက္ခဖြစ်ရသည်။ ယင်းအဓိမောက္ခနှင့်အတူ သင်္ခါရ ၁၃-ပါးဖြစ်သည်။

အဓိမောက္ခဖြစ်သောကြောင့် အားရှိမြင့်မြတ်သော သမာဓိ ဖြစ်ရသည်။ ဤဥဒ္ဓစ္စယှဉ်စိတ္တုပ်ဖြစ်သော ဥဒ္ဓစ္စသင်္ခါရအဘိ ဓမ္မာ၌ သရုပ်အားဖြင့်လာသည်။ အဓိမောက္ခ၊ မနသိကာရတို့ သည် ယေဝါပနကအားဖြင့်လာသည်။ ဤသည်တို့ကား အကု သိုလ် သင်္ခါရတို့ဟူ၍ မှတ်အပ်သည်။

သင်္ခါရတရား၌ ကုသိုလ် အကုသိုလ်ကို ရှင်းပြပြီးဖြစ်၍ အဗျာ ကတသ သင်္ခါရတို့ ရှင်းပြရန်လိုသည်။ တနည်းအားဖြင့် အဗျာ တသ သင်္ခါရပုဒ်ကို အကျယ်ဖွင့်ရန်လိုသည်။

အဗျာကတသသင်္ခါရတွင် ဝိပါက် အဗျာက တသတို့သည် အဟိတ်၊ သဟိတ်ဟူ၍ နှစ်ပါးရှိသည်။ အဟိတ်ဝိပါက်၊ စိတ္တုပ် နှင့်ယှဉ်သော သင်္ခါရတို့ကို အဟိတ်ဝိပါက်အဗျာကတ သင်္ခါရ ဟုခေါ်သည်။

ယင်းအဟိတ်ဝိပါက်တို့တွင် ကုသိုလ်ဝိပါက် စက္ခုဝိညာဏ် အကုသိုလ်ဝိပါက်၊ စက္ခုဝိညာဏ်နှင့်ယှဉ်သော သင်္ခါရ တို့မှာ ဖဿ၊ ဝေဒနာ၊ ဇီဝိတိန္ဒြေ၊ စိတ္တဋ္ဌိတိဟူ၍ သရုပ်အားဖြင့်လာ သော သင်္ခါရလေးပါး၊ ယေဝါပနကအားဖြင့်လာသော မနသိ ကာရတပါးဟူ၍ ငါးပါးဖြစ်သည်။

## ရှင်းလင်းချက်

အဗျာကတ ဟူသည်မှာ ကုသိုလ် အကုသိုလ် မဟုတ် သောတရား၊ကုသိုလ် အကုသိုလ်ဟုမဆိုနိုင်သောတရားဖြစ် သည်၊ တစုံတခုသော ဟိတ် မရှိသောကြောင့် အဟိတ် ဟုခေါ်သည်။ လောဘ၊ အလောဘစသည့် ဟိတ်တို့

ယှဉ်သောကြောင့် ရှိသောကြောင့် သဟိတ် ဟု ခေါ် သည်။ (အဘိဓမ္မာဋီကာ)

သောတ ဝိညာဏ်၊ ဃာန ဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယ ဝိညာဏ်နှင့် ယှဉ်သော သင်္ခါရ တို့သည်လည်း ငါးပါးပင် ဖြစ်သည်။ ကုသိုလ်ဝိပါက်၊ အကုသိုလ်ဝိပါက်၊မနောဓါတ်နှင့် ယှဉ်သော သင်္ခါရ တို့သည် ဖဿ၊ စေတနာ၊ ဇီဝိတိန္ဒြေ၊ စိတ္တဋ္ဌိတိ ဟူသော ဧကဂ္ဂတာ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ဟူ၍ ရှစ်ပါးရှိသည်။

အဟိတ် မနောဝိညာဏ် ဓါတ်သုံးပါးနှင့် ယှဉ်သော သင်္ခါရ တို့လည်း ရှစ်ပါးရှိသည်။ ထူးသည်မှာ ယင်းသင်္ခါရ သုံးပါးတွင် သောမနဿ သဟဂုတ်သန္တီရဏ အဟိတ် မနောဝိညာဏ် ဓါတ်နှင့်အတူ ပီတိလွှန်ကဲမှုရှိသည်။

သဟိတ် ဝိပါက် ဝိညာဏ်နှင့် ယှဉ်သောသင်္ခါရတို့ကို သဟိတ် ဝိပါက်အဗျာကတ သင်္ခါရဟုခေါ်သည်။ သဟိတ်ဝိပါက် သင်္ခါရ တို့တွင် ရှေးဦးစွာ ကာမဝိပါက် ရှစ်ခုနှင့် ယှဉ်သော သင်္ခါရတို့ သည် ကာမကုသိုလ်ရှစ်ခုနှင့် ယှဉ်ဖက် သင်္ခါရတူသည်။

ထူးသည်မှာ- အနိယတ ယောဂီစေတသိက်များတွင် ကရုဏာ၊ မုဒိတာ တို့သည် သတ္တဝါ ပညတ်လျှင် အာရုံရှိသည့် အဖြစ်ကြောင့် ဝိပါက် ဝိညာဏ်တို့၌ ကရုဏာ၊မုဒိတာ မရှိ။ ယင်း နှစ်ပါးကို အပ္ပမညာ စေတသိက်ဟု ခေါ်သည်။

အဘယ့်ကြောင့် ဆိုသော် ကာမဝိပါက် ဝိညာဏ် တို့သည် စင်စစ်အားဖြင့် ပရိတ္တ တရားသာလျှင် အာရုံ ရှိသောကြောင့် (ဝါ) အလွန်အားနည်းသော ကာမတရားအာရုံ ရှိသောကြောင့်

အပ္ပမညာ သင်္ခါရနှစ်ပါး မရှိခြင်းဖြစ်သည်။ ထိုမျှသာမက ဝိရတိတို့လည်း ဝိပါက် ဝိညာဏ်တို့၌ မရှိ။

ရူပ၊ အရူပ၊ လောကုတ္တရာ ဝိပါက် ဝိညာဏ် နှင့် ယှဉ်သော သင်္ခါရတို့သည်လည်း ကာမကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော သင်္ခါရတို့နှင့်တူသည်။

ကြိယာ အဗျာကတတို့သည် အဟိတ်၊ သဟိတ်ဟူ၍ နှစ်ပါးရှိသည်။ အဟိတ် ကြိယာ ဝိညာဏ်နှင့် ယှဉ်သော သင်္ခါရတို့ကို အဟိတ်ကြိယာ အဗျာကတဟု ခေါ်သည်။ အဟိတ် ကြိယာ အဗျာကတ သင်္ခါရတို့မှ ကုသိုလ်ဝိပါက်မနောဓါတ်၊ အဟိတ်မနောဝိညာဏ် ဓါတ်နှစ်ခု နှင့်ယှဉ်သောသင်္ခါရတို့နှင့် တူသည်၊ ထူးသည်မှာ မနောဝိ ညာဏဓာတ် နှစ်ခု၌ ဝီရိယစေတသိက် လွန်ကဲသည်၊ ဝီရိယ ထင်ရှားရှိသောကြောင့်၊ ဝါ- ဝီရိယ ထက်သောကြောင့် မဂ်ဖိုလ်သို့ ရောက်နိုင်သော သမာဓိဖြစ်သည်။

သဟိတ်ကြိယာဝိညာဏ်နှင့် ယှဉ်သောသင်္ခါရတို့ကိုသဟိတ်ကြိယာအဗျာကတဟုခေါ်သည်။ ယင်းသဟိတ်အဗျာကတ သင်္ခါရတွင် ရှေးဦးစွာကာမကြိယာဝိညာဏ်နှင့် ယှဉ်သော သင်္ခါရတို့သည်ကာမကုသိုလ်နှင့်ယှဉ်သော(ဝိရတိသင်္ခါရမှတပါး) သင်္ခါရတို့နှင့်တူသည်။

ရူပ၊ ရူပကြိယာ ဝိညာဏ်နှင့် ယှဉ်သော သင်္ခါရတို့သည် အလုံးစုံသောအခြင်းအရာအားဖြင့်ရူပကုသိုလ်တို့နှင့်အရူပကုသိုလ်တူကုန်သည်။ဤကားအဗျာကတသင်္ခါရတို့အားဖွင့်ပြခြင်းတည်း။

ဝိညာဏ်ဟူသည်မှာ အထူးသိခြင်းဟူသော အဓိပ္ပာယ်သာဖြစ်သည်၊ ဝိညာဉ်ဟူသော ရေးထုံးကဲ့သို့ရေး၍ အလွဲမဟွေးနှင့်၊

အများအားဖြင့် ဝိညာဉ်ဟု ရေး၍ အသက်၊ ဇီဝ၊ လိပ်ပြာ ဟုထင်မှတ်နေကြသည်။

ဝိညာဏ သဒ္ဒါကို ဝိညာဏ်ဟုသာ ရေးသားသင့်၏။ စက္ခုဝိညာဏ်မျက်စိအသိခေတ်၊ သောတဝိညာဏ်နားအသိခေတ် ဃာနဝိညာဏ် နှာခေါင်းအသိခေတ်၊ ဇိဝှာဝိညာဏ် လျှာအ သိခေတ်၊ ကာယဝိညာဏ်- အတွေ့အသိခေတ်၊ မနောဝိညာဏ် စိတ်အသိခေတ်ဟူ၍ ဝိညာဏ်ခြောက်ပါးရှိသည်။

ယင်းခြောက်ပါးကို အခြေပြု၍ ပွားလျှင် ဝိညာဏ်ပေါင်း ဂ၉-ခုအထိရှိသော်လည်း အချုပ်အားဖြင့် ခြောက်ပါးကိုသာ လျှင် ဝိညာဏ(ဝိညာဏ်)ဟုဟောတော်မူသည်၊ ဤမှတပါးသာ လျှင် အသက်၊ ဇီဝ၊ လိပ်ပြာကောင်တို့ကို ဝိညာဏခေတ် ဝိညာဏ်ဟူ၍ ရှင်တော်မြတ်ဟောတော်မူခြင်း မရှိ၊ ဝိညာဏ် သည်အသက်၊ ဇီဝ၊ လိပ်ပြာ မဟုတ်ကြောင်း ဗုဒ္ဓအယူကိုလက် ခံသူတိုင်း အသက်ထက်ဆုံးမှတ်အပ်သည်။

ယင်းဝိညာဏ်သည် အသိခေတ်အသိဉာဏ်သာလျှင်ဖြစ်သည်၊ ယင်းဝိညာဏ်နှင့်ပတ်သက်၍ အကျယ်ကို ဝိညာဏက္ခန္ဓာအဖွင့် ၌ကြည့်၊ အယူဖြောင့်မှသာလျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်နိုင် မည်ကိုလည်း ယောဂီတို့ကြပ်ကြပ်နှလုံးသွင်းကြလေကုန်။

## "ဝိညာဏက္ခန္ဓာအဖွင့်"

စက္ခု သောတ၊ ဃာနဇိဝှါ၊ ကာယနှလုံး၊
လက်ကသုံး၌၊ မှီအုံးခိုနေ၊ လူကိုမွေသည့်၊
ခြောက်ထွေဝိညာဏ်၊ သဘောဟန်ကား၊
ဖန်မှန်ကျောက်ခဲ၊ ဖောက်လှဲပြုပြင်၊
ရွှေစင်မြသား၊ ပတ္တမြားအယောင်၊
ဟန်ဆောင်ပြုလုပ်၊ မျက်လှည့်ရုပ်ရှင်၊ ပမာဆင်ရှင့်။

ဝိညာဏ်ဟူသည်မှာသညာထက်ထူး၍၊အာရုံကို ရခြင်း၊ယူခြင်း သိခြင်းလက္ခဏာရှိသော သဘောကို ဝိညာဏ်ဟု ခေါ်သည်။ ဝိညာဏ်သည်သညာထက် အာရုံကိုအထူးသိမြင်နိုင်စွမ်း ရှိသည်၊ ဝိညာဏ်အာရုံကိုယူခြင်း၊ အထူးသိမြင်တတ်ခြင်းသဘောရှိသည်။

ဤနေရာ၌ဝိညာဏ်မှာသညာထက်ထူးပုံကို အနည်းငယ်ရှင်းပြဦးမည်၊ သညာသည် အာရုံကို မှတ်၍ သိတတ်၏၊ ဝိညာဏ်သည် အာရုံကိုအထူးသိတတ်၏။ ပညာသည်ကား အာရုံကို အထူးသိမြင်တတ်သည့်အပြင် ထိုးထွင်း၍လည်း သိမြင်နိုင်စွမ်း

ရှိ၏။ ထို့ကြောင့်ပညာသည် မင်္ဂဖိုလ်နိဗ္ဗာန်အထိ သွားနိုင်သည်။

သညာ၊ ဝိညာဏ်ပညာတို့၏ ဆင့်ကဲထူးခြားပုံကိုအလွယ်နည်းဖြင့် ရှင်းပြရသော် ကျောက်သံပတ္တမြားတို့ကို ကလေးသူငယ်များအသိ၌ လှပသော အရာဝတ္ထု ချစ်စရာကောင်းသော အရာဝတ္ထုဟူ၍သာလျှင်သိသည်၊ လူကြီးများအသိ၌အဘိုး ထိုက်တန်ရတနာများဟူ၍ သိသည့်အပြင်ဤကားစိန်ဤကားမြ၊ ဤကားပတ္တမြား၊ ဤကားနီလာစသည်ဖြင့် ခွဲခြား၍သိသည်၊ ရတနာအကြောင်းကို ကောင်းစွာသိရှိသော ပညာရှင်တို့ အသိ၌ ဤစိန်ကားမည်မျှတန်သည်၊ ဤပတ္တမြားကား မည်မျှတန်သည်ဟူ၍ တန်ဘိုးနှင့်တကွ ထိုးထွင်း၍သိ၏။

ထို့အတူသညာ အသိသည် ကလေး အသိနှင့် တူသည်၊ ဝိညာဏ်အသိသည် လူကြီးသိနှင့်တူလည်၊ ပညာ အသိသည် ရတနာအကြောင်းကို ပိုင်းခြား၍သိသော ပညာရှင်နှင့်တူသည်။ ဝိညာဏ်ဟူသည်မှာ အသက်၊ ဇီဝ၊ လိပ်ပြာဟု အများအားဖြင့် ယုံကြည်စွဲလမ်းနေကြသည်။ အချို့သောစာပေ၌ဝိညာဉ်ဟုရေး၍(ဝိညင်)ဟု ရွတ်ဖတ်ကြသည်။ အချို့လည်း ဝိညာဉ်ဟု ရေး၍(ဝိညင်)ဟု ရွတ်ဖတ်လေ့ရှိကြသည်။

အမှန်မှာ ဝိညာဏ်ဟုသာ ရေးသင့်၏။ ဝိညာဏ်ဟု ရေး၍(ဝိန်+ဉာဏ်)ဟုရွတ်ဖတ်မှသာ မှန်ကန်သည်။ ရွတ်ဖတ်သံလွဲလျှင် အနက်ဗျုပ္ပတ်လည်းလွဲ၍ အယူ ဖောက်ပြန်နိုင်ကြောင်း သတိပြုရန်လိုသည်၊

"**ဆဗ္ဗံ မေနဝိညာဏက္ခန္ဓော**"စသည်အားဖြင့် ဗုဒ္ဓရှင်မြတ်ဟောသော်မူသောဝိဘင်း ဒေသနာတော်အရ မျက်စိ အသိ၊

နာခေါင်းအသိ၊ လျှာအသိ၊ စိတ်အသိဟူ၍ ဝိညာဏ်ခြောက်ပါးသာရှိသည်။

ဝိညာဏ်ဟူသည်မှာ တံခါးခြောက်ပေါက်၌ဖြစ်သော အာရုံခြောက်ပါးကို အာရုံပြု၍ အထူးသိတတ်သောစိတ်ပင် ဖြစ်သည်။ ထို့ကြောင့် ယင်းဝိညာဏ်ခြောက်ပါးကို အခြေပြု၍ ဝိညာဏ်ပေါင်း ၈၉–ခုအထိဖြစ်ပေါ်လာရသည်။

ယင်းဝိညာဏ် ၈၉–ခုကိုပင် စိတ်တခုယုတ် ကိုးဆယ်ဟုခေါ်သည်၊ ဆိုလိုရင်းသဘောမှာ ဝိညာဏ်ပေါင်း၊ ၉၀-စိတ်ပေါင်း ကိုးဆယ်ပြည့်ရန် တခုလိုနေသည့်အတွက်၊ ၉၀-စိတ်တခု ယုတ်လျော့နေသည့်အတွက် စိတ်တခုယုတ် ကိုးဆယ်ဟု ဆိုခြင်းဖြစ်သည်။

ဤဝိညာဏ်ပိုင်းကိုနောက်ချန်၍ ထားသည်မှာ ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြလို၍ ဖြစ်သည်။ တနည်းအားဖြင့် ဝိဘင်းပါဠိတော်အစဉ်အလာတိုင်းပြလို၍ဖြစ်သည်။ ဝိညာဏ်ဟု ဆိုလျှင်လူတရာတွင် ကိုးဆယ့်ကိုးရာခိုင်နှုန်းမျှ အလွဲလွဲအချော်ချော်ကောက်ယူနေကြသည်ကို တွေ့ရသည်၊ ဤကားမိရိုးဖလာ ဗုဒ္ဓဘာသာဝင်တို့၏ အားနည်းချက်တရပ်သာလျှင်ဖြစ်သည်။

ဝိညာဏ်ကို ခပ်သိမ်းသောဘာသာတို့၌ အမျိုးမျိုးယူဆကြ၏၊ သို့သော်-ဝိညာဏ်သည် အတ္တ၊ ဇီဝ၊ လိပ်ပြာကောင် ဟူ၍ တည်မြဲတည့်တံတည်း ယုံကြည်လက်ခံထားသည်ကိုတွေ့ရသည်။

ဗုဒ္ဓက သဘာဝမှန်အတိုင်း တိတိကျကျ ညွှန်ပြသွား၏။ ဝိညာဏ်ဟူသည်မှာတိတ္ထိတို့ကြံဆအပ်သကဲ့သို့ အတ္တမဟုတ်၊ ဇီဝမဟုတ်၊ လိပ်ပြာကောင်ဟုတ်၊ အမှန်စင်စစ် အသိဓာတ်မျှသာ တည်းဟူ၍ ညွှန်ပြတော်မူသည်။

သူတို့၏အမြင်၌ ဝိညာဏ်ခေါ် အတ္တ၊ ဇီဝ၊ လိပ်ပြာကောင်သည်လူ၏ခန္ဓာကိုယ်အတွင်း၌ အနှစ်သာရအဖြစ်အမြဲ မပျက်စီးတည်ရှိနေသည်ဟု စွဲမြဲစွာယုံကြည်ထားကြ၏။

အမှန်စင်စစ် ဝိညာဏ်ဟူသည်မှာ အသိဓာတ် သဘာဝသာလျှင်ဖြစ်၏။ ယင်းအသိဓာတ် (ဝါ) အသိစိတ်သည်လည်း တခုတည်းရှိသည်မဟုတ်။စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဟူ၍ ဝိညာဏ်ခြောက်ခုရှိသည်။

ယင်းဝိညာဏ်ခြောက်ခုတို့သည် အတ္တ၊ ဇီဝ၊ လိပ်ပြာကောင်မဟုတ်။ အနှစ်သာရမဟုတ်။ အစဉ်မပြိုမကွဲ မပျက်မစီး တည်နေခြင်းမရှိ။ ထို့ကြောင့် ဗုဒ္ဓက "အနတ္တာအသာရကဋ္ဌေန" ဟူသော ဒေသနာတော်ဖြင့် အတ္တ၊ ဇီဝမဟုတ် အနတ္တမျှသာတည်း။ ယင်း အနတ္တသည်လည်း အနှစ်သာရ မရှိဟု ညွှန်ပြတော်မူသည်။

ယင်း ဝိညာဏ်တို့သည် ကိုယ်ခန္ဓာအတွင်း၌ အစဉ်ထာဝရ မပျက်မစီး တည်ရှိနေရသည် မဟုတ်။ အကြောင်းတရားချင်းတိုက်ဆိုင်မှသာလျှင် ဖြစ်ပေါ် လာရသော တရားမျိုးသာဖြစ်သည်။ အမှန်စင်စစ် ဝိညာဏ်ခြောက်ပါးတို့သည် ဥပါဒ်ဌီဘင်တို့မပြတ်မလပ် နှိပ်စက်နေသဖြင့် ဖြစ်လိုက်ပျက်လိုက် ပေါ်လိုက်ငုပ်လိုက်နေကြရသောကြောင့် ကိုယ်ခန္ဓာအတွင်း၌အစဉ် မပျက်မစီး တည်နေရသော သဘောမရှိဟူ၍ ဆိုလိုခြင်းဖြစ်သည်။

အကြောင်းတရားတို့ မတိုက်ဆိုင်၍ စက္ခု စသည့်ဝိညာဏ် ငါးပါးတို့ ဖြစ်ပေါ်ခြင်း မရှိလျှင် မနောဝိညာဏ် တည်းဟူသော ဘဝင်စိတ်သည် မြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပေါ်နေရသည်ကား မုချမှန်၏။

သို့သော် တိတ္တိတို့ ကြံဆအပ်သကဲ့သို့ ယင်းဝိညာဏ်သည် မပျက်မစီး အစဉ်တည်ရှိနေရသည် မဟုတ်ကြောင်းကို အထူး နှလုံးသွင်းမိရန် လိုသည်။ ဗုဒ္ဓက အစဉ်တည်ရှိနေရသည်ဟူသော သဘောကို အလိုမရှိ။ အစဉ်ဖြစ်ပျက်နေသည် ဟူသော သဘော ကိုသာ အလိုရှိတော်မူသည်။

ထို့ကြောင့်–

"စိတ်ဝိညာဏ် ခေါ်ကပါးမည်သည် သတ္တဝါတို့၏ ကိုယ်သဏ္ဍာန်မှာ အမြဲတည်၍နေရသော တရားစုမဟုတ် ကုန်။ အာရုံစိုက်မှု ထင်မှုမှာ ဒဏ်ချက်ကြောင့် အလှည့် အလည်အားဖြင့်၊ ကိုယ်တွင်းမှာ ဖြစ်ချည် ပျောက်ချည် ဖြစ်နေကြသော အာဂန္တုခေတ် တို့သာတည်း။

ဟူ၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ် ဒီပနီ ပဉ္စမပျို့လင်္ကာအဖြေတွင် ထောက်ပြတော် မူသည်ကိုလည်း နှလုံးသွင်းသင့်သည်။

ဝိညာဏ်သည် လူ၏ခန္ဓာကိုယ် အတွင်း၌ အစဉ်ဖြစ်ပျက်နေ၏။ အစဉ်ထာဝရ မပျက်မစီးတည်ရှိနေသော သဘောမရှိ၊ စိတ် ဝိညာဏ်နှင့်ပတ်သက်၍ တိတ္တိတို့ကြံအပ်သကဲ့သို့ အရှိသဘာဝ ကိုမယူပဲ အဖြစ်အပျက်သဘာဝကို ယူမှသာ ဗုဒ္ဓ၏အလိုတော်ကျ ဖြစ်သည်။

စိတ်ဝိညာဏ်တို့သည် အကြောင်းတရားချင်း တိုက်ဆိုင်မိမှ သာလျှင် ဖြစ်ပေါ်တတ်သည့်အပြင် ဥပါဒ်ဌီဘင်တို့ မပြတ်မလပ် နှိပ်စက်ခြင်းကို ခံနေရသောကြောင့် အစဉ်ရပ်တည်၍ မနေနိုင်။ ဖြစ်လိုက်ပျက်လိုက်သာ မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင်စီးဆင်း နေရသော သဘောရှိကုန်၏။

ဝိညာဏ်တည်းဟူသော လိပ်ပြာကောင်သည် လူကိုယ်ခန္ဓာ အတွင်း၌၊ အစဉ်မပျက်မစီး တည်ရှိနေသည်၊ ကိန်းအောင်းနေသည်၊ ဝိညာဏ်သည်ခန္ဓာအိမ်ကို လွှမ်းမိုးနိုင်သူဖြစ်သည်၊ ယင်း (ဝိညာဉ်သည်) အလွန်တန်ခိုးသတ္တိရှိ၍ အတ္တ၊ ဇီဝ၊ လိပ်ပြာကောင်ဖြစ်သည်။ နာမ် ဝိညာဉ်ဖြစ်သည်။ လူသေလွန်ပြီးနောက် နာမ်လောက နာမ်ဘုံသို့ (အခိုက်အတန့်- သို့မဟုတ်- အစဉ်အမြဲ) သွားရောက်ရသည် ဟူသောအယူ....

လူသေပြီးနောက်(ဝိညာဉ်) သည်ရက်မလည်မချင်း သို့တည်းမဟုတ်- ဆွမ်းမသွတ်မချင်းကာလပတ်လုံး လွတ်လပ်ရေးမရသေး (ဝါ) တမလွန်လေကသို့ မရောက်နိုင်သေး၊ လူသေသွားသော အခါ အလောင်းပေါ်၌ သေသူဝိညာဉ် စားသောက်နိုင်ရန် ထမင်းဟင်းလျာတို့ ပြင်ဆင် ထားခြင်း၊ အသုဘချပြီးသော အခါ ရက်လည်ဆွမ်းသွတ်နေ့ တရားအတူနာကြားနိုင်ရန် ဝိညာဉ်ကို သုသာန်မှခေါ်ခဲ့ခြင်း၊ ဝိညာဉ်ကိုပြန်တမ်းဖတ်၍ လွတ်လပ်ခွင့်ပေးခြင်း၊ (ဝိညာဉ်) ကို ကြိုးမိန့်တပ်ပေးခြင်း၊ ပြန်လည်၍ ချုပ်နှောင်ခြင်း စသည့်အယူဝါဒတို့မှာ ဗုဒ္ဓ၏အာ လွန်စင်ကြယ်သော အယူဝါဒ (ဒိဋ္ဌိဝိသုဒ္ဓိ) မဟုတ်ကြောင်း သိထားရန်လိုသည်။

ဝိညာဏ်ကို အသက်၊ ဇိဝ၊ လိပ်ပြာဟူ၍ အမြင်မမှောက်မှားစေရန် ဗုဒ္ဓက ဝိညာဏတရားကို ဓာတ် ၁၈-ပါးဖြင့် ပိုင်းခြား၍ ဓာတုဝိဘင်း အဘိဓမ္မာ ဘာဇနီယ၌ တိတိကျကျ ညွှန်ပြတော်မူသည်။ ဝိဘင်းပါဠိတော် အဖွင့်ဖြစ်သော သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ စာမျက်နှာ (၆၉) ၌ ဖွင့်ပြသည်မှာ–

"ဝိညာဏော၊ ဝိညာဏ်၌။ ဇဝ ိဝသညီနံ၊ အသက်ဟု ထင်မှားကုန်သော ဝေနေယျတို့အား။ နေကတံ၊ ဝိညာဏ ဓါတ်ခုနစ်ပါးဖြစ်၍ ဝိညာဏ်များသည့် အဖြစ်ကိုရင်း၊ ဟေတုဝုတ္တိတံ၊ စက္ခုရုပ စသော အကြောင်းကြောင့် ဖြစ်၍၊ ဝိညာဏ် မမြဲသည့် အဖြစ်ကိုရင်း၊ ဒဿေတွာ၊ပြ၍။ တံ၊ထိုဇ ိဝသညာကို။ သမုဟန္တုံ၊ပယ်နှုတ်ခြင်းငှါ။ အဋ္ဌာရသေဝ၊ဓါတ် ၁၈-ပါး တို့ကိုသာလျှင် ဒေသိတာ၊ ညွှန်ပြတော်မူသည်"

ဆိုလိုသည်မှာ ဗုဒ္ဓရှင်မြတ်က ဝိညာဏ်ကို အသက်၊ဇ ိဝ ဟု အယူမှားနေကြသော ဝေနေယျ သတ္တဝါတို့အား ဝိညာဏ ဓါတ်သည် ခုနစ်ပါးရှိသည့်အဖြစ်ကိုရင်း၊မျက်စိနှင့်အဆင်းစသည့် အကြောင်း တရားတို့ကြောင့် ဖြစ်ပေါ်လာရသည့် ဝိညာဏ်တို့ မမြဲသည့်အဖြစ်ကိုရင်း၊ ထင်ရှားပြတော် မူလို၍ အသက်၊ ဇ ိဝ၊ လိပ်ပြာတို့နှင့် လုံးဝ ဆက်စပ်ခြင်းသက်ဆိုင်ခြင်း မရှိသော(ဝါ) ဝိညာဏ်သည်အသက်၊ဇ ိဝ၊လိပ်ပြာလုံးဝမဟုတ်ကြောင်းထင်ရှား ပြလို၍ ဓါတ် ၁၈-ပါးတို့ဖြင့်သာလျှင် ပိုင်းခြား၍(ဝါ)ဝိညာဏ် သည် ဓါတ် ၁၈ ပါးတို့သာလျှင်ဖြစ်ကြောင်းကို ဝိဘင်းပါဠိတော်၌ တိတိကျကျ ညွှန်ပြတော် မူသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တည်းဟူသော ဝိညာဏ် ခြောက်ပါးတို့သည် လူတို့ သေလွန်သည်နှင့် အပြိုင်နက် မရဏာသန္နဇောစိတ်ဖြင့် အတူပြိုင်၍ ချုပ်ရ၏။ ဤမှာဘက်၌ စိတ် တခု ယုတ်ကိုးဆယ် တည်းဟူသော ဝိညာဏ် (အသိစိတ်)တို့သည် အကြွင်းအကျန်မရှိ အကုန်ချုပ်ရ၏။

ပဋိသန္ဓေအစ စုတိအဆုံးရှိသော လူ၏ တဘဝအတွင်း၌ ထင်ရှားဖြစ်နေရသော စိတ်၊ စေတသိက်၊ ရုပ်တို့သည် သေသည်နှင့်

တပြိုင်နက် လုံးဝဥဿုံ အကြွင်းမရှိ ချုပ်သွားရသည်။ ရုပ် ၂၈-ပါးနှင့်အတူ စိတ်တခု ယုတ် ကိုးဆယ် တည်းဟူသော ဝိညာဏ်တရားတို့သည် တမလွန်ဘဝသို့ စိုးစဉ်းမျှ ကူးပြောင်းသွားခြင်း မရှိ။

တနည်းအားဖြင့် တဘဝ အတွင်း၌ ချုပ်ငြိမ်း သွားသော ဝိညာဏ်တို့မှ တစုံတခုမှ နောက်ဘဝသို့ ကူးပြောင်း သွားခြင်း အလျှင်းမရှိ။

လူ့ဘုံ၌ နာမ်လောက(ဝါ)ဝိညာဏ်လောကဟူ၍မရှိ။ လူသေပြီးနောက် ဝိညာဏ်လောက၌ အခိုက်အတန့်အားဖြင့် နေရသည်ဟူသည်မှာ စိတ်ကူးယဉ် သက်သက်မျှသာတည်း။

သုံးဆယ့်တဘုံ၌ နာမ်ဘုံလေးဘုံသာရှိကြောင်း ဗုဒ္ဓက တိတ်ကျကျညွှန်ပြခဲ့သည်။ ထိုနာမ်ဘုံလေးဘုံမှာ ဗြဟ္မာနှစ်ဆယ်၌သာ ရှိသည်။ ယင်းနာမ်ဘုံဟူသည်မှာ နာမ်ခန္ဓာလေးပါးသာ ရှိသော (ဝါ)နာမ်သာရှိသော အရူပဗြဟ္မာကြီးလေးဘုံသာ ဖြစ်သည်။

အပါယ် လေးဘုံ၊ လူ့တဘုံ၊ နတ်ခြောက်ဘုံ၊ ဗြဟ္မာ နှစ်ဆယ် တည်းဟူသော ၃၁-ဘုံ၌ နာမ်လေးဘုံသာ ရှိသည်။ အကယ်၍ လူ့ဘုံ၌ နာမ်တဘုံရှိသေးသည်ဟုယူဆပါက ၃၁-ဘုံအစား ၃၂-ဘုံရှိနေမည်ဖြစ်၍ ယုတ္တိမတန်၊ ဗုဒ္ဓက ဤသံသရာ၌ ၃၁-ဘုံတိတိသာ ရှိသည်ဟု ဟောတော်မူချက်ကို ဆန့်ကျင်ရာ ရောက်နေသည်။

သုံးဆယ့်တဘုံ၌ အရူပဗြဟ္မာကြီး လေးဘုံမှလွဲလျှင် နာမ်ဘုံဟူ၍မရှိ၊ အသညသတ် ဘုံမှလွဲလျှင် ရုပ်ဘုံဟူ၍မရှိ၊ ကျန်သော နှစ်ဆယ့် ခြောက်ဘုံမှ၌ ဖြစ်ရသော သတ္တဝါမှန်သမျှ ရုပ် နာမ် နှစ်ပါးစလုံး အထင်အရှား ရှိသည်ချည်းဖြစ်သည်။

ထို့ကြောင့် ရုပ်ချည်း သက်သက်သာရှိသော အသညသတ်ဗြဟ္မာဘုံကို ဧကဝေါကာရဘုံဟုခေါ်သည်။ နာမ်ခန္ဓာလေးပါး(ဝါ)နာမ်ချည်း သက်သက်သာရှိသော အရူပဗြဟ္မာဘုံကို စတုဝေါကာရ ဘုံဟုခေါ်သည်။ ထိုမှကြွင်းသော အပယ်၊လူ၊နတ်၊ ဗြဟ္မာတို့သည် ရုပ်နှင့်နာမ် ခန္ဓာငါးပါးစလုံး အထင်အရှား ရှိသောကြောင့် ပဉ္စဝေါကာရ ဘုံဟုခေါ်သည်။

လူတို့ ခေါ်ဝေါ် သမုတ်နေကြသော သူရဲ တစ္ဆေ တို့သည် နာမ်ဘုံ(ဝါ)ဝိညာဉ်လောက မဟုတ်။ ၃၁-ဘုံမှ သီးခြားတည်ရှိနေသောသတ္တဝါတို့လည်းမဟုတ်၊ ဤ ၃၁-ဘုံအတွင်း၌အကျုံးဝင်သော သတ္တဝါများသာလျှင် ဖြစ်သည်။

လူတို့ ခေါ်ဝေါ်နေသော တစ္ဆေ သူရဲဟူသည့် သတ္တဝါတို့မှာ အခြားမဟုတ်၊ အပါယ်လေးဘုံအဝင် ပြိတ္တာ တို့သာလျှင် ဖြစ်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် တည်းဟူသော အပါယ်လေးဘုံသည် အဘိဓမ္မာ ဒေသနာတော်၌ အထင်အရှား ရှိသောကြောင့် တစ္ဆေ သရဲတည်းဟူသောပြိတ္တာသည် ဗုဒ္ဓဟော ဆိုချက် အစစ်ဖြစ်သည်။

အချို့သူတို့က တစ္ဆေသူရဲ ဟူ ၁ည်မှာ လူတို့ စိတ်ကူးယဉ်မှု သက်သက်သာ ဖြစ်သည်။ ဗုဒ္ဓဟောဆိုချက်မရှိဟု စောဒကတက်ကြသည်။ တစ္ဆေ သရဲ ဟူသည်မှာ ပြိတ္တာပင် ဖြစ်၍ အဘိဓမ္မာ ဓမ္မဟဒယ ဝိဘင်း ပါဠိတော်၌ တိတိကျကျ ညွှန်ပြတော်မူသည်။

ယင်း ပြိတ္တာအကြောင်း ဝတ္ထုများကို သုတ္တံဒေသနာတော်၊ အဘိဓမ္မာ ဒေသနာတော် တို့၌ အထင် အရှားပင် ပါရှိသည်။ ပေတ္တဝတ္ထုပါဠိတော်မှာ တစ္ဆ-သူရဲတည်းဟူသောပြိတ္တာတို့၏အကြောင်းကိုအတ္ထုပ္ပတ္တိကိုးဟောတော်မူထားသောကျမ်းဖြစ်သည်။

ချမ်းသာမှုမှ ကင်းဝေးသည် အဖြစ်ကြောင့် ပြိတ္တာ မည်၏။ ခြိမ်းခြောက် တတ်သောကြောင့် တဇ္ဇေ မည်၏။ လူတို့အား သူရဲဘော ကြောင်စေတတ် သောကြောင့် သူရဲမည်၏။ ယင်း ပြိတ္တာကို တစ္ဆေဟု ရေးလျှင် မမှန်။ တဇ္ဇေဟု ရေးမှသာ မှန် သည်။ တဇ္ဇေသဒ္ဒါမှာ ခြိမ်းခြောက်ခြင်းကို ဟောသောပုဒ် ဖြစ် သည်။

မနုဿာဒယော တဇ္ဇေတိ တသာပေတီတိ တဇ္ဇေဟု တဇ္ဇတ္ထ ဒီပဏီကျမ်း၌ ဖွင့်သောကြောင့် မနုဿာဒယော၊ လူအစရှိသည် တို့ကို။ တဇ္ဇေတိ၊ ခြိမ်းခြောက်တတ်၏။ တသာပေတိ၊ ထိတ်လန့် စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တဇ္ဇေ၊ တဇ္ဇေ မည်၏။

ယင်း ပြိတ္တာ တည်းဟူသော တဇ္ဇေ သူရဲတို့သည် ရုပ်နာမ် နှစ်ပါးလုံး အထင်အရှား ရှိကြောင်းကို ဓမ္မဟဒယ ဝိဘင်းကာမ ဓာတုအဖွင့်၌ တိကျစွာ ညွှန်ပြတော်မူထားသည်။

ထို့ကြောင့် ပြိတ္တာခေါ် တဇ္ဇေသူရဲတို့သည် လူတို့ကဲ့သို့ပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ တည်းဟူသော ခန္ဓာ ငါးပါးစလုံး ရှိသောကြောင့် ရုပ်လည်း ရှိသည်၊ နာမ်လည်း ရှိသည်၊ နာမ်ချည်းသက်သက် တည်ရှိနေရသော နာမ်လောက ဝိညာဏ်လောက သတ္တဝါများ မဟုတ်၊ ရုပ်နာမ် နှစ်ပါးစလုံး ရှိသော သတ္တဝါများဖြစ်ကြသည်။ ဤ ၃၁ဘုံမှ သီးခြား ဖြစ် ရသော သတ္တဝါများလည်း မဟုတ်။ ဤ ၃၁-ဘုံ၌ ပါဝင်ပြီး ဖြစ်သော အပယ်ဘုံသား ပြိတ္တာများသာ ဖြစ်ကြောင်းကို ယုံမှား ဘွယ်ရာ မရှိ။

ယင်း အာရုံ သာဓကများကို ထောက်၍ လူဘုံ၌ နာမ်ဘုံ၊ ဝါ ဝိညာဉ်ဘုံ (ဝိညာဉ်ဟု ရေးသည်မှာ လူတို့စိတ်ကူးယဉ် ထား

သော ဘုံကိုသာ ရည်ညွှန်းသည် )၊ နာမ်လောက၊ ဝိညာဉ်လောက မရှိကြောင်းကို အထူး နှလုံးသွင်းမိရန် လိုသည်။

ဤသို့ ဝိညာဏတရားကို ခွဲခြမ်း စိတ်ဖြာ၍ သိထားမှသာလျှင် နာမ် ရုပ်တရား၌ ဟုတ်မှန်သည့်အတိုင်း မြင်၍ ယထာဘူတဉာဏဒဿနဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တို့ကို ရရှိနိုင်မည်ဖြစ်သည်။

အမြင် စင်ကြယ်မှုရှိမှသာလျှင် နာမ် ရုပ်တရားတို့၌ ဟုတ်မှန်သည့်အတိုင်းမြင်၍ သံသရာက လွတ်မြောက်နိုင်မည် ဖြစ်ကြောင်းကိုလည်း ယောဂီတို့ အထူးနှလုံးသွင်းသင့်၏။ နာမ် ရုပ် တရားတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်ကို နာမရူပပရိစ္ဆေဒ ဉာဏ်ဟု ခေါ်သည်။ နာမ် ရုပ်တရားတို့၌ အကြောင်းရင်းကို ထိုးထွင်း၍ သိသော ဉာဏ်အား ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်သည်။

## ဝိညာဏက္ခန္ဓာဖြစ်စဉ်

ဝိညာဏ်သည် သဘော အားဖြင့် တပါးတည်း ဖြစ်သော်လည်း- ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူ၍ သုံးပါးရှိသည်။ ယင်း ဝိညာဏ် သုံးပါးတို့ကို ဗုဒ္ဓက ဇာတိဘေဒအားဖြင့် ခွဲစိတ်ပြတော်မူခြင်း ဖြစ်သည်။ ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်သည် အဟောဝတ အော်အံ့ဘွယ် ရှိလေစွတကား။

ယင်း ဝိညာဏ်တည်းဟူသော စိတ်သည် "ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာ ဟူ၍ ဘူမိဘေဒအားဖြင့် လေးပါး ရှိကြောင်းကို ခွဲခြမ်းစိတ်ဖြာ၍ ဝေဖန်ပြတော် မူသည်။ ယင်း လေးပါးတို့၌လည်း သောမနဿ၊ ဥပေက္ခာ၊ ဉာဏ်၊ သင်္ခါရအားဖြင့် ရှစ်ပါး ရှိကြောင်းကို ထပ်ဆင့်၍ အနုစိတ် ခွဲခြမ်းပြတော် မူသည်။

ကာမဆယ့်တဘုံ၌ ကျင်လည်စေတတ်သော စိတ်တွင်ကုသိုလ် အကုသိုလ်ဟူ၍ နှစ်ပါးရှိရာ ရှေးဦးစွာ ကာမာဝစရ ကုသိုလ် ဝိညာဏ် ဝါ စိတ်ရှစ်ပါးကို ရှင်းပြရန် လိုသည်။ ကာမကုသိုလ် စိတ်ရှစ်ပါးတို့မှာ-

**မဟာကုသိုလ်စိတ် ရှစ်ပါး**

၁။ ဝမ်းမြောက်ခြင်းနှင့်အတူ ဉာဏ်ယှဉ်သည့် မတိုက်တွန်းဘဲ ဖြစ်တတ်သောစိတ်။

၂။ ဝမ်းမြောက်မှုနှင့် အတူ ဉာဏ်ယှဉ်သည့် တိုက်တွန်း၍ ဖြစ်သောစိတ်။

၃။ ဝမ်းမြောက်မှုနှင့်အတူ ဉာဏ်မယှဉ်သည့် မတိုက်တွန်းဘဲ ဖြစ်သောစိတ်။

၄။ ဝမ်းမြောက်မှုနှင့်အတူ ဉာဏ်မယှဉ်သည့် တိုက်တွန်း၍ ဖြစ်သောစိတ်။

၅။ လျစ်လျူရှုမှုနှင့် အတူ ဉာဏ်ယှဉ်သည့် မတိုက်တွန်းဘဲ ဖြစ်သောစိတ်။

၆။ လျစ်လျူ ရှုမှုနှင့် အတူ ဉာဏ်ယှဉ်သည့် တိုက်တွန်း၍ ဖြစ်သောစိတ်။

၇။ လျစ်လျူရှုမှုနှင့်အတူ ဉာဏ်မယှဉ်သည့် မတိုက်တွန်းဘဲ ဖြစ်သောစိတ်။

၈။ လျစ်လျူရှုမှုနှင့် အတူ ဉာဏ်မယှဉ်သည့် တိုက်တွန်း၍ ဖြစ်သောစိတ်။

ကာမကုသိုလ်စိတ် ရှစ်ပါးကို ဤသို့ ပိုင်းခြား၍ ပြတော်မူသည်။ ကာမကုသိုလ်စိတ် ရှစ်ပါးကို ပြပြီးနောက် ယင်း စိတ်ရှစ်ပါးဖြစ်ပုံ ဝါ ဖြစ်ခြင်းအကြောင်းကို ရှင်းပြရန် လိုသည်။

အလျှုခံပုဂ္ဂိုလ် အလှူခံဝတ္ထုတို့၏ ပြည့်စုံခြင်းနှင့် အခြားသော ဝမ်းမြောက်မှုကို ဖြစ်စေတတ်သော အကြောင်းတို့ကြောင့် အလှူသည် အကျိုးရှိ၏ဟူသော ဉာဏ်အမြင်နှင့် သူတပါးတို့က မတိုက်တွန်းဘဲ ဒါနစသည့် ကောင်းမှုများကို ပြုလုပ်၏။ ထိုအခါ သောမနဿ ဝေဒနာနှင့် အတူဉာဏ်ယှဉ်သောမတိုက်တွန်းသည့် ပထမ မဟာကုသိုလ်စိတ် ဝါ ဝမ်းမြောက်ခြင်းနှင့် အတူ ဉာဏ် ယှဉ်သည့် မတိုက်တွန်းပဲ ဖြစ်သော စိတ်ဖြစ်ရ၏။

အထက်ပါနည်းအတိုင်း အလှူသည် အကျိုးရှိ၏ ဟူသော ဉာဏ်အမြင်နှင့် သူတပါးက တိုက်တွန်း၍ ဒါနစသည့် ကောင်းမှု များကို ပြုလုပ်၏။ ထိုအခါ သောမနဿ ဝေဒနာနှင့်အတူ ဉာဏ် ယှဉ်သော တိုက်တွန်းသည့် ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်ပေါ် ရသည်။

မိဘနှင့် ဆွေမျိုးတို့၏ ပေးလှူခြင်း၊ ပူဇော်ခြင်း စသည်တို့ကို မြင်၍ ကလေးသူငယ်တို့သည် ဝမ်းမြောက်မှုနှင့် အတူ မည်သူမျှ တိုက်တွန်းခြင်း မရှိပဲ ရဟန်း သံဃာတို့အား ပေးလှူခြင်း ရှိခိုး ခြင်းကို ပြုလုပ် ကြ၏။ ထိုအခါ ဝမ်းမြောက်မှုနှင့် အတူ ဉာဏ် မယှဉ်သည့် တိုက်တွန်းခြင်းမရှိသော တတိယ မဟာကုသိုလ်စိတ် ဖြစ်ပေါ်ရ၏။

ယင်း ကလေးသူငယ်တို့အား လူကြီးမိဘတို့က လှူဒါန်းရန် တိုက်တွန်း၍ ဝမ်းမြောက်မှုနှင့် အတူ ရဟန်းသံဃာတို့အား လှူ ဒါန်း ပူဇော်ကြ၏။ ထိုအခါ ဝမ်းမြောက်မှု ဝေဒနာနှင့် အတူ ဉာဏ်မယှဉ်သည့် တိုက်တွန်းအပ်သော စတုတ္ထ မဟာကုသိုလ်စိတ် ဖြစ်ပေါ်ရသည်။

အလှူခံဝတ္ထု အလှူခံပုဂ္ဂိုလ် စသည်တို့ မပြည့်စုံခြင်း၊အခြားသော ဝမ်းမြောက်ရန်အကြောင်းမရှိခြင်း၊အမှတ်မဲ့ ကောင်းမှုတို့ကို ပြုလုပ်ခြင်း၊ ဝါမည်သည့် အာရုံမှ မပြုပဲ ကောင်းမှုတို့ကို ပြုလုပ်ခြင်းတို့သည် သောမနဿ ကင်းသော ဝါ လျစ်လျူ ရှုသော ကောင်းမှုစိတ် မည်၏။

ယင်း ကောင်းမှု တို့၌ ဉာဏ် ယှဉ် မယှဉ် တိုက်တွန်းမှု ရှိမရှိ အားဖြင့် လျစ်လျူရှုသော မဟာကုသိုလ်စိတ် လေးပါး ဖြစ်ရသည်။ ယင်း စိတ်လေးပါးကိုလည်း တနည်းအားဖြင့် ပြရသော် သုခ၊ ဒုက္ခ ဝေဒနာ နှစ်ပါး မယှဉ်သော မဟာဥပေက္ခာကုသိုလ်စိတ်ဟု ခေါ်သည်။

## ရူပကုသိုလ်စိတ်ငါးပါး

ရူပါဝစရ ကုသိုလ်စိတ် ဟူသည်မှာ ရူပပြဟ္မာဘုံ၌ လည်စေတတ်သော၊ ဖြစ်စေတတ်သော၊ ရောက်စေတတ်သော ကုသိုလ်ဟု ခေါ်သည်။ ရူပကုသိုလ် ငါးပါး ရှိသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ(သမာဓိ) တည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် ယှဉ်သောကြောင့် ရူပကုသိုလ်ငါးပါး ဖြစ်ရသည်။

ဈာန်အင်္ဂါ ငါးပါး စလုံးနှင့် ယှဉ်သော ရူပကုသိုလ်အား ပထမဈာန် စိတ်ဟု ခေါ်သည်။ ဝိတက်မှတပါး ကျန် ဈာန်အင်္ဂါ လေးပါးနှင့် ယှဉ်သော ရူပကုသိုလ်ကို ဒုတိယဈာန်စိတ်ဟု ခေါ်သည်။ ဝိတက်နှင့် ဝိစာရနှစ်ပါးကို ပယ်၍ ကျန် အင်္ဂါသုံးပါးနှင့် ယှဉ်သော ရူပကုသိုလ်ကို တတိယဈာန်စိတ်ဟု ခေါ်သည်။

ဝိတက်၊ ဝိစာရ၊ ပီတိဟူသော အင်္ဂါသုံးပါးကို ပယ်၍ ကျန် အင်္ဂါနှစ်ပါးသာလျှင် ရှိသော ရူပကုသိုလ်ကို စတုတ္ထစျာန်စိတ်ဟု ခေါ်သည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဟူသော ဈာန်အင်္ဂါလေးပါးကိုပယ်၍ ဥပေက္ခာနှင့် ဧကဂ္ဂတာ အင်္ဂါနှစ်ပါး တည်းသာလျှင် ရှိသော ရူပကုသိုလ်ကို ပဥ္စမစျာန်စိတ်ဟု ခေါ်သည်။

ဤသို့အားဖြင့် ရူပကုသိုလ်စိတ် ငါးပါး ဖြစ်ရသည်။ ဈာန်အင်္ဂါငါးပါးရှိရာတွင် တပါးစီ ပယ်သွားခြင်း အားဖြင့် ပဥ္စမစျာန်အထိ ရောက်ရှိ သွားရ သည်။ ရူပကုသိုလ် ဝါ ရူပဗြဟ္မာဘုံသို့ ရောက်ရှိ စေနိုင်သော ကုသိုလ်မှာ ဈာန်အင်္ဂါ ငါးပါးသာလျှင် ဖြစ်သည်။ယင်းစျာန်အင်္ဂါ ငါးပါးကို ပွားများမှသာလျှင် ရူပဗြဟ္မာဘုံသို့ ရောက်ရှိနိုင်သည်။

ယင်း ဈာန်အင်္ဂါငါးပါးချည်း သက်သက်ပွားလျှင် လောကီ မဟဂ္ဂုတ်ကုသိုလ် ကိုသာ ရမည်ဖြစ်ပြီး မဟာဝိပဿနာ တဆယ့်ရှစ်ပါး၊ အရိယာမဂ်ရှစ်ပါးတို့ ယှဉ်လျှင် လောကုတ္တရာကုသိုလ်ကို ရမည် ဖြစ်သည်။

### အရူပကုသိုလ်စိတ်လေးပါး

အရူပါဝစရ ကုသိုလ်စိတ် ဟူသည်မှာ အရူပ ဗြဟ္မာ့ဘုံ၌ လည်စေ တတ်သော၊ ရောက်စေတတ်သော၊ ဖြစ်စေတတ်သော ကုသိုလ်စိတ်ပင် ဖြစ်သည်။ ယင်း အရူပ ကုသိုလ်သည် ဥပေက္ခာ သမာဓိ တည်းဟူသော အရူပစျာန် အင်္ဂါလေးပါးနှင့် ယှဉ်ခြင်း အားဖြင့် လေးပါးရှိသည်။

အာကာသာနဉ္စာယတနစျာန်နှင့် ယှဉ်သောကုသိုလ်ကို ပဌမအရူပ ကုသိုလ်စိတ်ဟု ခေါ်သည်။ ဝိညာဏဉ္စာယတန စျာန်နှင့် ယှဉ်သော ဒုတိယကုသိုလ်စိတ်၊ အာကိဉ္စညာယတန စျာန်နှင့်ယှဉ်သော တတိယအရူပကုသိုလ်စိတ်၊ နေဝသညာ နာသညာ ယတန စျာန်နှင့် ယှဉ်သော တတိယ အရူပကုသိုလ်စိတ်၊ နေဝ သညာနာသညာ ယတန စျာန်နှင့်ယှဉ်သော စတုတ္ထ အရူပကုသိုလ်စိတ်ဟူ၍ လေးပါးရှိသည်။

ယင်း အရူပလေးဘုံသည် ဗြဟ္မာနှစ်ဆယ်တွင် အထက်ဆုံးဘုံဖြစ်သည်။ ယင်းဘုံ၌ သညာ၊ဝေဒနာ၊သင်္ခါရ၊ဝိညာဏ ဟူသော နာမ်ခန္ဓာ (စိတ်၊ စေတသိက် အစုအဝေး) လေးပါးသာ ရှိ၍ ရုပ်ခန္ဓာ(ရုပ်အစု)ဟူ၍ မရှိ။ ထိုဘုံသို့ လာရောက်စေတတ်သော ထိုဘုံ၌ဖြစ်စေသော စျာန်ကို အာရုပ္ပစျာန်ဟု ခေါ်သည်။

ရူပကုသိုလ်နှင့်အတူ အရူပကုသိုလ် စိတ်နှစ်ပါးတို့သည် ကာမစိတ်တို့သည် အလွန်နူးညံ့ သိမ်မွေ့သော အဖြစ် မြင့်မြတ်သော အဖြစ်သို့ ရောက်သောကြောင့် မဟဂ္ဂုတ်စိတ် (ဝါ) မဟဂ္ဂုတ်ကုသိုလ်ဟု ခေါ်သည်။ ယင်း အာရုပ္ပ စျာန်ချည်းသက်သက်ပွားလျှင် မဟဂ္ဂုတ်ကုသိုလ်ဖြစ်ပြီး မဟာဝိပဿနာ အရိယာ မဂ္ဂင်ရှစ်ပါးတို့ဖြင့် ပွားလျှင် လောကုတ္တရာ ကုသိုလ်ဖြစ်သည်။

လောကုတ္တရာ ကုသိုလ်စိတ်သည်၊ အရိယ မဂ်လေးပါးနှင့် ယှဉ်သောကြောင့် လောကုတ္တရာ ကုသိုလ် လေးပါး ရှိသည်။ လောကုတ္တရာစိတ်၌ စျာန်အင်္ဂါမယှဉ်သော စိတ်ဟူ၍မရှိ၊ လောကုတ္တရာစိတ်အားလုံး၌ စျာန်အင်္ဂါငါးပါးစလုံးနှင့် ယှဉ်သည်ချည်းဖြစ်သည်။

ကာမကုသိုလ် စိတ် ၈-ပါး၊ ရူပကုသိုလ် စိတ် ၅- ပါး၊ အရူပကုသိုလ်စိတ် ၄-ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄-ပါး ရှိသောကြောင့် ကုသိုလ်စိတ်ပေါင်း ၂၁-ပါး ဖြစ်ရသည်။

**အကုသိုလ်စိတ် ဖြစ်ပုံ**

အကုသိုလ် စိတ်သည် ကာမ ဒုဂ္ဂတိ (ချမ်းသာ ကင်းရာဘုံ) လေးဘုံသို့ လားရောက်စေတတ်သော စိတ်ဖြစ်သည်။ အကုသိုလ်စိတ်သည် ဘူမိဘေဒအရ တပါးတည်းဖြစ်သော်လည်း လောဘမူ ဒေါသမူ၊ မောဟမူဟူ၍ သုံးပါးရှိသည်။

လောဘမူ ဟူသည်မှာ (လောဘ တရားလျှင် အရင်းခံသော စိတ်)ဖြစ်၍ ကျန်နှစ်ပါးလည်း ထိုအတိုင်း ဖြစ်သည်။ ယင်း စိတ်သုံးပါးတွင် လောဘမူစိတ်သည် သောမနဿ၊ ဥပေက္ခာ၊ ဒိဋ္ဌိ၊ သင်္ခါရအားဖြင့်ရှစ်ပါးရှိသည်။

**လောဘမူစိတ်ရှစ်ပါး**

၁။ ဝမ်းမြောက်မှု နှင့်အတူ ဒိဋ္ဌိယှဉ်သော တိုက်တွန်းမှု မရှိသောစိတ်။

၂။ ဝမ်းမြောက်မှု နှင့်အတူ ဒိဋ္ဌိ ယှဉ်သော မတိုက်တွန်းပဲ ဖြစ်သောစိတ်။

၃။ ဝမ်းမြောက်မှု နှင့်အတူ ဒိဋ္ဌိမယှဉ်သည့် တိုက်တွန်းမှုမရှိသောစိတ်။

၄။ ဝမ်းမြောက်မှု နှင့်အတူ ဒိဋ္ဌိမယှဉ်သည့် မတိုက်တွန်းပဲ ဖြစ်သောစိတ်။

၅။ လျစ်လျူရှုခြင်း နှင့်အတူ ဒိဋ္ဌိယှဉ်၍ တိုက်တွန်း၍ ဖြစ်သောစိတ်။

၆။ လျစ်လျူရှုခြင်း နှင့်အတူ ဒိဋ္ဌိယှဉ် တိုက်တွန်းခြင်း မရှိပဲ ဖြစ်သောစိတ်။

၇။ လျစ်လျူရှုခြင်းနှင့်အတူ ဒိဋ္ဌိမယှဉ် တိုက်တွန်းမှု မရှိပဲ ဖြစ်သောစိတ်။

၈။ လျစ်လျူရှုခြင်း နှင့်အတူ ဒိဋ္ဌိမယှဉ် တိုက်တွန်း၍ ဖြစ်သောစိတ်။

ယင်းစိတ်ရှစ်ပါးတို့သည် လောဘတည်းဟူသော တဏှာကို (ဝါ) သာယာမှုကို အရင်းခံ၍ ဖြစ်ပေါ် လာရသောကြောင့် လောဘမူ အကုသိုလ် စိတ်ဟု ခေါ်သည်။

ကာမဂုဏ်တို့၌ အပြစ်မရှိဟူ၍ လွဲမှားသော အမြင်ဖြင့် မည်သူမျှ မတိုက်တွန်းရပဲ ရွှင်လန်း ဝမ်းမြောက်စွာ ကာမဂုဏ်စည်းစိမ်တို့ကို ခံစားသုံးဆောင်၏။ ကာမဂုဏ်၌ သာယာဘွယ်ရှိ၏ တင့်တယ်၏ ဟူသောအမြင်ဖြင့် သူတပါး တိုက်တွန်းမှု မရှိပဲ ခံစားသုံးဆောင်၏။ ထိုအခါ ပဌမလောဘမူ အကုသိုလ်စိတ် ဖြစ်ရသည်။

ကာမဂုဏ်တို့၌ အထက်ပါအမြင်အတိုင်း သူတပါးတိုက်တွန်းသောကြောင့် ဝမ်းမြောက်ဝမ်းသာ သုံးဆောင် ခံစားကြ၏။ ထိုအခါ ဒုတိယလောဘမူ အကုသိုလ်စိတ် ဖြစ်ရသည်။

မှားယွင်းသော အမြင်လည်းမရှိ၊ သူတပါးလည်း တိုက်တွန်းခြင်းမရှိပဲ၊ ကာမဂုဏ်တို့၌ ဝမ်းမြောက်ဝမ်းသာ ခံစားသုံးဆောင်၏၊ သူတပါးစည်းစိမ်ကိုလည်း ရှေးရှုကြံစည်၏၊ သူတပါးပစ္စည်းတို့ကိုလည်း ခိုးယူ၏၊ မတရားသော နည်းဖြင့်ယူ၏၊ ထိုအခါ တတိယလောဘမူ အကုသိုလ်စိတ်ဖြစ်ရသည်။

မှားယွင်းသော အမြင်လည်း မရှိ။ သူတပါး တိုက်တွန်းသော ကြောင့် ကာမဂုဏ်၌ ဝမ်းမြောက်ဝမ်းသာ ခံစားသုံးဆောင်၏။ ထိုအခါ စတုတ္ထလောဘမူ အကုသိုလ်စိတ် ဖြစ်ရသည်။

ကာမဂုဏ်တို့၏ မပြည့်စုံမှုကြောင့်၎င်း၊ ဝမ်းမြောက်နှစ်သက် ရွှင်လန်းစေရန် အကြောင်း မရှိသောကြောင့်၎င်း သုခ၊ ဒုက္ခ ဝေဒနာနှစ်ပါးဖြစ်ရန် အကြောင်း မရှိသောကြောင့်၎င်း၊ လျစ် လျူရှုသောစိတ်ဖြင့် ကာမဂုဏ်တို့၌ ခံစားသုံးဆောင်၏။ ထို အခါ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ တည်းဟူသော လောဘမူ အကုသိုလ် စိတ်လေးပါးစလုံး ဖြစ်ရသည်။

ယင်း လျစ်လျူစိတ် (ဥပေက္ခာ) လေးပါးစလုံး၌ ဒိဋ္ဌိယှဉ် မယှဉ်၊ တိုက်တွန်းမှုရှိမရှိအားဖြင့်သာ ထူးသည်။ ယင်း စိတ်လေး ပါးစလုံး၌ သောမနဿဝေဒနာဟူ၍ မရှိ။ ကာမဂုဏ်တို့၌ သာ ယာမှုကို အလေးမပေးပဲ ခံစားသုံးဆောင် သောကြောင့် ယင်း စိတ်လေးပါးတို့ ဖြစ်ပေါ်လာရသည်။

**ဒေါသမူ စိတ်နှစ်ပါး**

၁။ နှလုံးမသာခြင်းနှင့်အတူ ဒေါသယှဉ် မတိုက်တွန်းပဲ ဖြစ် သောစိတ်။

၂။ နှလုံးမသာခြင်းနှင့်အတူ ဒေါသယှဉ် တိုက်တွန်း၍ ဖြစ် သောစိတ်။

ယင်း ဒေါသမူစိတ်နှစ်ပါးသည် သူ့အသက်သတ်ခြင်း၊ ပြစ် မှားခြင်း စသည်တို့၌ တိုက်တွန်းမှုရှိမရှိ နှစ်ပါးသာထူးသည်။

**မောဟမူစိတ်နှစ်ပါး**

၁။ လျစ်လျူရှုခြင်းနှင့်အတူ ယုံမှားခြင်းယှဉ်သောစိတ်။

၂။ လျစ်လျူရှုခြင်းနှင့်အတူ ပျံ့လွင့်ခြင်း ယှဉ်သောစိတ်။
ယင်း မောဟမူစိတ်၌ ထူးသည်မှာ တိုက်တွန်းခြင်း၊ မတိုက်တွန်းခြင်းဟူသော သဘောနှစ်ရပ်မရှိ။ ယုံမှားခြင်း၊ ပျံ့လွင့်ခြင်းဟူသော စိတ်သဘောသည် မိမိအလိုအတိုင်းသာလျှင် ဖြစ်ရသည်။

အာရုံကိုမဆုံးဖြတ်နိုင်သော ကာလ၊ ပျံ့လွင့်သောကာလတို့၌ မောဟမူစိတ် ဖြစ်ရသည်။ ယုံမှားခြင်း ပျံ့လွင့်ခြင်းသည် ယုံကြည်ခြင်း (သဒ္ဓါ)၊ တည်ငြိမ်ခြင်း (သမာဓိ) တို့၏ ဆန့်ကျင်ဘက်တရားဖြစ်သည်။ တနည်းအားဖြင့် ဉာဏ်ပညာ၏ ဆန့်ကျင်ဘက်တရားသာ ဖြစ်သည်။

ထို့ကြောင့် မောဟ၏ ဆန့်ကျင်ဘက်သည် အမောဟစေတသိက်ဖြစ်သည်။ အမောဟစေတသိက်သည် ယုံကြည်ခြင်း တည်ငြိမ်ခြင်း ရှိသောကြောင့် ပညိန္ဒြေစေတသိက် မည်၏။ (ဝါ) ပညာစေတသိက် မည်၏။

လောဘအရင်းခံသော စိတ်ရှစ်ပါး၊ ဒေါသ အရင်းခံသော စိတ်နှစ်ပါး၊ မောဟအရင်းခံသောစိတ်နှစ်ပါး၍စိတ်ဆယ့်နှစ်ပါးတို့ကို အကုသိုလ်ဝိညာဏ် ၁၂- ပါးဟု ခေါ်သည်။

**အဗျာကတစိတ်**

အဗျာကတစိတ် ဟူသည်မှာ ကုသိုလ်မဟုတ်၊ အကုသိုလ်လည်း မဟုတ်သော စိတ်ဖြစ်သည်။ ကုသိုလ် အကုသိုလ်စိတ်ဟူ၍ မဆိုနိုင်သော၊ ဆို၍မဖြစ်နိုင်သောစိတ်ကို အဗျာကတစိတ်ဟု ခေါ်သည်။ ကုသိုလ်၊ အကုသိုလ်မဟုတ်သော ကုသိုလ်၊ အကုသိုလ်တို့နှင့် လုံးဝဆက်ဆံခြင်း မရှိသောစိတ်တမျိုးကို ဗုဒ္ဓက အတုမရှိသော ဉာဏ်တော်ဖြင့် ဆွဲထုတ်ပြခြင်း ဖြစ်သည်။

အဗျာကတစိတ်သည် ကုသိုလ် အကုသိုလ်တို့၌ ယှဉ်သော်လည်း အလွန်သိမ်မွေ့ အသိခက်သောကြောင့် ဘုရား၊ ရဟန္တာတို့သာလျှင် ထိုးထွင်း၍သိမြင်နိုင်သော အရာသာဖြစ်သည်။

အဗျာကတစိတ်သည် ဇာတိဘေဒအရ၊ ဝိပါက်အဗျာကတ၊ ကြိယာအဗျာကတဟူ၍ နှစ်ပါးရှိသည်။ တဖန် ယင်းစိတ်နှစ်ပါးတွင် ဝိပါက်စိတ်သည် ဘူမိဘေဒအရ ကာမဝိပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်လောကုတ္တရာဝိပါက်ဟူ၍ လေးပါးရှိသည်။

တဖန် ကာမဝိပါက်ကို တပ်ဆင့်၍ ခွဲစိတ်ပြန်သော် ကုသိုလ်ဝိပါက်၊ အကုသိုလ်ဝိပါက်ဟူ၍ နှစ်ပါးရှိပြန်သည်။ တဖန် ကုသိုလ်ဝိပါက်ကို ထပ်မံခွဲစိတ်ပြန်သော် အဟိတ်ကုသိုလ်ဝိပါက်၊ သဟိတ်ကုသိုလ်ဝိပါက်ဟူ၍ နှစ်ပါးရှိသည်။

အလောဘ စသည့် ဝိပါက်ဟိတ်မှ ကင်းသော (ဝါ) မရှိသောကုသိုလ် ဝိပါက် ဝိညာဏ်ကို အဟိတ် ကုသိုလ်ဝိပါက်ဟုခေါ်သည်။ အဘယ့်ကြောင့်ဆိုသော် အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော အကုသိုလ်ဟိတ် ကင်းသောကြောင့် မရှိသောကြောင့် အဟိတ်ကုသိုလ်ဝိပါက် စိတ်ဖြစ်ရသည်။

ယင်း အဟိတ်ကုသိုလ် ဝိပါက်ဝိညာဏ်သည်—

၁။ စက္ခုဝိညာဏ်

၂။ သောတဝိညာဏ်

၃။ ဃာနဝိညာဏ်

၄။ ဇိဝှာဝိညာဏ်

၅။ ကာယဝိညာဏ်

၆။ သမ္ပဋိစ္ဆိုန်း ကိစ္စတပ်သော မနောဓာတ်

၇။ သန္တီရဏ တဒါရုံကိစ္စတပ်သော သောမနဿနှင့်

၈။ ဥပေက္ခာနှင့်အတူ သန္တီရဏ တည်းဟူသော မနော
ဝိညာဏဓာတ်–နှစ်ပါး။

ယင်း အဟိတ်ကုသိုလ် ဝိပါက်ဝိညာဏ်ရှစ်ပါးကို အလွယ်ဆုံး နည်းဖြင့် ပြန်ရှင်းပြရသော်–

၁။ လျစ်လျူရှုခြင်းနှင့်အတူ ဖြစ်ရသော မျက်စိအသိစိတ်။
၂။ လျစ်လျူရှုခြင်းနှင့်အတူ ဖြစ်ရသော–နားအသိစိတ်။
၃။ လျစ်လျူရှုခြင်းနှင့်အတူ ဖြစ်ရသော နှာခေါင်းအသိ
စိတ်။
၄။ လျစ်လျူရှုခြင်းနှင့် အတူဖြစ်ရသော–လျှာအသိစိတ်။
၅။ ချမ်းသာမှုနှင့် အတူဖြစ်ရသော–ကိုယ်အသိစိတ်။
၆။ လျစ်လျူရှုခြင်းနှင့် အတူဖြစ်ရသော–အာရုံငါးပါးခံယူ
စိတ်။
၇။ ဝမ်းမြောက်မှုနှင့် အတူဖြစ်ရသော– အာရုံငါးပါး စူး
စမ်းစိတ်။
၈။ လျစ်လျူရှုခြင်းနှင့်အတူ ဖြစ်ရသော–အာရုံငါးပါး စူး
စမ်းစိတ်။

ယင်း စိတ်ရှစ်ပါးတွင် ဆဋ္ဌမမြောက် ဝိပါက်ဝိညာဏ်သည်၊ မနောဓာတ် ဖြစ်သည်။ သတ္တမနှင့် အဋ္ဌမမြောက် ဝိပါက်ဝိညာဏ် နှစ်ပါးသည် မနောဝိညာဏဓာတ်ဖြစ်သည်။ ဤသို့ခွဲခြား၍လည်း မှတ်ရန်လိုသည်။

စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုတည်းဟူသော ပသာဒရုပ်ကို မှီ၍ အဆင်းကိုသိခြင်း လက္ခဏာရှိသည်။ အဆင်းမျှကိုသာ အာရုံပြုခြင်းကိစ္စရှိသည်။ အဆင်းအာရုံ၌ ရှေ့ရှုသော သဘော အဖြစ် ဥာဏ်၌ထင်သည်။ ရူပါရုံ (အဆင်း) သာလျှင် အာရုံပြု

သော ကြိယာမနောဓာတ် ပဋ္ဌဒ္ဒါရာဝဇ္ဇန်း ဖယ်ခြင်း၊ ချုပ်ခြင်း လျှင် နီးစွာသော အကြောင်းရှိသည်။

သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့သည် သောတဝတ္ထုတည်းဟူသော ပသာဒရုပ်ကိုမှီ၍ အသံကိုသိခြင်း လက္ခဏာရှိသည်၊ အသံမျှကိုသာ အာရုံပြုခြင်း လက္ခဏာရှိသည်၊ အသံကို ရှေ့ရှုသည့်အဖြစ်ဥာဏ်၌ထင်သည်၊ အသံကို အာရုံပြုသောကြိယာ မနောဓာတ်တည်းဟူသော ပဋ္ဌဒ္ဒာရာဝဇ္ဇန်း ဖယ်ခြင်းချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိသည်။

ဝိပါက်မနောဓာတ်သည်၊ စက္ခုဝိညာဏ်စသည်တို့၏အခြားမဲ့၌ အဆင်းစသည့်အာရုံငါးပါးတို့ကို သိခြင်းလက္ခဏာရှိသည်။ အဆင်းစသည့် အာရုံငါးပါးတို့ကို ခံယူခြင်း ကိစ္စရှိသည်၊အာရုံငါးပါးကို ခံယူတတ်သောသဘောဟူ၍ ဥာဏ်၌ထင်သည်၊ စက္ခုဝိညာဏ်စသည်တို့၏ ကင်းခြင်း ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိသည်။

သန္တီရဏ၊ တဒါရုံကိစ္စတပ်သော အဟိတ်ကုသိုလ်ဝိပါက်ဝမ်းမြောက်မှုနှင့်အတူဖြစ်သော မနောဝိညာဏ်ဓာတ်၊ လျစ်လျူရှုခြင်းအားနှင့် အတူဖြစ်သော မနောဝိညာဏ်ဓာတ်တို့သည် အာရုံခြောက်ပါးကိုသိခြင်း၊ လက္ခဏာရှိသည်။

ယင်းဝိပါက် ဝိညာဏ်တို့၌ ထိုက်သည့်အားလျော်စွာသန္တီရဏ၊တဒါရုံ၊ ပဋိသန္ဓေ၊ စုတိ၊ ဘဝင်ကိစ္စတပ်ကုန်သည်ချည်းဖြစ်သည်၊ သန္တီရဏ ကိစ္စ စသည်တို့တပ်ခြင်း သဘောအဖြစ်ဥာဏ်၌ ထင်သည်၊ ဟဒယဝတ္ထုလျှင် နီးစွာသောအကြောင်းရှိသည်။

ထူးသည်မှာ သောမနဿ၊ ဥပေက္ခာ ဝေဒနာ နှစ်ပါးနှင့် ယှဉ်သောကြောင့်ရင်း၊ ၎ာနနှစ်ပါး ငါးပါးဟူ၍ ကွဲပြားသောကြောင့်ရင်း၊ သန္တီရဏ မနော ဝိညာဏ်ဓာတ် နှစ်ပါးဖြစ်ရသည်၊ သောမနဿ၊ သန္တီရဏ မနောဝိညာဏ်ဓာတ်သည် စင်စစ် ဣဋ္ဌာရုံ၌သာဖြစ်သောကြောင့် ဝမ်းမြောက်မှုနှင့် ယှဉ်၍ သန္တီရဏ၊ တဒါရုံ၏ အစွမ်းဖြင့် ပဉ္စဒွါရ (တံခါးခြောက်ပေါက်)၌ တ၎ာန၊ ဇော၏အဆုံး၌ တ၎ာန ဖြစ်ရသောကြောင့် နှစ်၎ာနရှိသည်။

ဥပေက္ခာသန္တီရဏ မနောဝိညာဏ်ဓာတ်သည်၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ထင်ရှားဖြစ်သောကြောင့် လျစ်လျူရှုခြင်းနှင့်ယှဉ်၍သန္တီရဏ၊ တဒါရုံ၊ ပဋိသန္ဓေ၊ စုတိ၊ ဘဝင် ကိစ္စတို့ကြောင့် ငါး၎ာနရှိသည်။

အဟိတ်ကုသိုလ် ဝိပါက် ဝိညာဏ်ရှစ်ပါးသည်၊ မြဲသော မမြဲသော အာရုံရှိသည့် အဖြစ်ကြောင့် နှစ်ကြောင်း ရှိသည်၊ ဥပေက္ခာ၊ သုခ၊ သောမနဿဝေဒနာအရ သုံးပါးရှိသည်၊ ယင်းရှစ်ပါးတွင် စက္ခုစသည့်ဝိညာဏ် ငါးပါးသည်၊ အဆင်းစသည့် အာရုံတို့၌သာလျှင် ဖြစ်သောကြောင့် မြဲသောအာရုံရှိသည်။

ကြွင်းသောအဟိတ် ကုသိုလ် ဝိပါက်သုံးခုသည်၊ မမြဲသော အာရုံရှိသည်၊ ယင်းသုံးပါးတွင် မနောဓာတ်သည် အဆင်းစသည့်အာရုံငါးပါးတို့၌ဖြစ်သည်၊ မနောဝိညာဏ်ဓာတ် နှစ်ခုသည်၊ အာရုံခြောက်ပါးလုံး၌ဖြစ်သည်။

ယင်းရှစ်ပါးတွင် ကာကဝိညာဏ်သည် သုခ ဝေဒနာနှင့် ယှဉ်သည်၊ နှစ်၎ာန၌ဖြစ်သော မနော ဝိညာဏ်ဓာတ်သည်

ဝမ်းမြောက်ခြင်း(သောမနဿ)နှင့်ယှဉ်သည်၊ ကြွင်းခြောက်ပါး သည် ဥပေက္ခာနှင့်ယှဉ်သည်။ဤသို့လျှင်အဟိတ်ကုသိုလ် ဝိပါက် ဉာဏ် ရှစ်ပါးတို့ကို ပိုင်းခြား၍ ဟောတော်မူသည်။

အလောဘ စသည့်ဝိပါက်ဟိတ်နှင့်ယှဉ်သောကြောင့်သဟိတ် ကုသိုလ် ဝိပါက်ဝိညာဏ်ဟုခေါ်သည်။ ယင်းသဟိတ်ဝိပါက်ဉာဏ် ကာမကုသိုလ်ကဲ့သို့ သောမနဿစသည်တို့ဖြင့် ရှစ်ပါးရှိသည်။

ထူးသည်မှာ မဟာကုသိုလ်သည် ဒါနစသည့် အစွမ်းဖြင့် အာရုံခြောက်ပါး၌ ဖြစ်သကဲ့သို့ သဟိတ်ကာမဝိပါက်စိတ်သည် ဒါနစသည်တို့၏ အစွမ်းဖြင့် အာရုံခြောက်ပါး၌ ဖြစ်ခြင်း မရှိ။ ထပ်၍ရှင်းအံ့၊ မဟာ ကုသိုလ်စိတ် ရှစ်ပါးသည် ဒါန ကောင်းမှု အစွမ်းအားဖြင့် အာရုံခြောက်ပါး၌ ဖြစ်နေသည်။ ဤသဟိတ် ကာမ ဝိပါတ်စိတ်သည် ဒါနစသည့်ကောင်းမှု အစွမ်း အားဖြင့် အာရုံခြောက်ပါး၌ဖြစ်ခြင်းမရှိ။

ယင်းသဟိတ်ကာမ ဝိပါက်စိတ်သည်၊ ပဋိသန္ဓေ၊ ဘဝင် စုတိ၊ တဒါရုံတို့၏ အစွမ်းအားဖြင့်သာလျှင် အာရုံခြောက် ပါး၌ ဖြစ်ရသည်။ ယင်းသဟိတ်ကာမဝိပါက်စိတ် ရှစ်ပါး တို့ကို မဟာဝိပါက်စိတ် ရှစ်ပါးဟု ခေါ်သည်၊ ယင်းသဟိတ် ကာမ ဝိပါက်စိတ်သည်၊သောမနဿ၊ ဥပေက္ခာ၊ ဉာဏ်၊ သင်္ခါရအားဖြင့် ရှစ်ပါးရှိသည်၊မဟာကုသိုလ်စိတ်ရှစ်ပါးဖြစ်စဉ် နှင့်တူသည်၊ မဟာကုသိုလ်စိတ်ရှစ်ပါးကြည့်။

ယင်းမဟာဝိပါက်စိတ် ရှစ်ပါးသည်၊ အသီးအပွင့်မျှသာဖြစ် ၍၊ ပဋိသန္ဓေအကျိုးကို ဝါ ရုပ် နာမ် ခန္ဓာတို့ကို ဖြစ်စေ နိုင်ခြင်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် မဟာဝိပါတ်စိတ်သည် ကုသိုလ်၏အကျိုးမျှသာ ဖြစ်သောကြောင့်တည်း၊ ကုသိုလ်

သည်အကြောင်းတရားဖြစ်၍ ဝိပါက်သည်အကျိုးတရားသာ ဖြစ်သည်။

ကုသိုလ်တည်းဟူသော အကြောင်းတရားသည် မှန်ကြည့်သူနှင့်တူ၍ ဝိပါက်ဟူသော အကျိုးတရားသည် မှန်ထဲ၌ထင်ဟပ်လာသော အရိပ်နှင့်တူသည်၊ အရိပ်ဟူသည်မှာ အာရုံတို့ကိုအထူး မကြံတတ်၊ ထူးသည်မှာ ကုသိုလ်အကုသိုလ်တို့၌အကျိုးဖြစ်စေနိုင်သော ဗျာပါရရှိသည်၊ ဤဝိပါက်စိတ်၌ အကျိုးကို ဖြစ်စေနိုင်သော ဗျာပါရမရှိ၊ ဤသို့ထူးသည်။

ဝိပါက်စိတ်၌ကာယဝိညတ်၊ ဝစီဝိညတ်တို့ကို ဖြစ်စေနိုင်ခြင်းမရှိသောကြောင့် ကာယကံ၊ ဝစီကံမနောကံတို့ဖြစ်ခြင်းမရှိ၊ အဘယ်ကြောင့်နည်း၊ အားထုတ်ခြင်း ဗျာပါရ ကင်းသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာ ဒေသနာတော်၌ ဝိပါက်စိတ်ကိုအဗျာကတတရားဟူ၍ဟောတော်မူခြင်းဖြစ်သည်။

အကုသိုလ်ဝိပါက်စိတ်သည် ဟိတ်နှင့်ရောယှက်ခြင်း အလျင်းမရှိ၊ အဟိတ်သက်သက်သာလျှင်ဖြစ်သည်၊ အကုသိုလ် ဝိပါက်စိတ်သည်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ ဟူသော ဝိညာဏ်ငါးပါး၊ သမ္ပဋိစ္ဆိုန်း ကိစ္စတပ်သော မနောဓာတ် သန္တီရဏ တပါးနှင့် မနောဝိညာဏ်ဓာတ်ဟူ၍ ခုနစ်ပါးရှိသည်။ အကုသိုလ်ဝိပါက် လက္ခဏာ ရသ စသည်တို့ကို အဟိတ်ကုသိုလ် ဝိပါက်၌ ပြခဲ့သည့်အတိုင်း ဖြစ်သည်။

ထူးသည်မှာ အဟိတ်ကုသိုလ် ဝိပါက်တို့သည် ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြုသည်၊ အကုသိုလ် ဝိပါက်တို့သည် အနိဋ္ဌာရုံ၊ အနိဋ္ဌမဇ္ဈတ္တာရုံတို့ကို အာရုံပြုရသည်။ အဟိတ်

ကုသိုလ် ဝိပါက်တို့သည်ဥပေက္ခာ၊ သုခ၊ သောမနဿအားဖြင့် သုံးပါးရှိသည်။

အကုသိုလ် ဝိပါက်တို့သည် ဒုက္ခ၊ ဥပေက္ခာအားဖြင့် နှစ်ပါးရှိသည်၊ အကုသိုလ်ဝိပါက် ခုနစ်ပါး၌ ကာယဝိညာဏ်သည်= ဒုက္ခသဟဂုတ်ဖြစ်သည်၊ ကြွင်းခြောက်ခုမှာ ဥပေက္ခာ သဟဂုတ်ဖြစ်သည်၊ အကုသိုလ်ဝိပါက် ခုနစ်ပါး၊ အဟိတ်ကုသိုလ် ဝိပါက်ရှစ်ပါး သဟိတ်ကုသိုလ် ဝိပါက်ရှစ်ပါး အရကာမဝိပါက် ဝိညာဏ် ၂၃-ပါး ရှိသည်။

ရူပဝိပါက်ဝိညာဏ်သည် ရူပကုသိုလ်ကဲ့သို့ ငါးပါးရှိသည်။ ရူပ ကုသိုလ် ဝိညာဏ် သည် သမာ ပတ် (ဈာန် ဝင် စား ခြင်း) အစွမ်းအားဖြင့် ဇောဝိထိ၌ဖြစ်သည်၊ ရူပဝိညာဏ်သည် ဥပပတ္တိဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့၏ အစွမ်းအရဖြစ်သည်။

အရူပဝိပါက်ဝိညာဏ်သည်၊ အရူပကုသိုလ် ဝိညာဏ်ကဲ့သို့ လေးပါးရှိသည်။ ယင်းရူပဝိပါက် ဝိညာဏ်သည်လည်း သမာဓိ၏အစွမ်းဖြင့် ဇောဝိထိ၌ဖြစ်သည်။

လောကုတ္တရာဝိပါက်ဝိညာဏ်သည်၊ မဂ်လေးပါးနှင့်ယှဉ်သောကြောင့် လေးပါပင်ရှိသည်၊ မဂ်လေးပါးတို့သည် လောကုတ္တရာ၊ ကုသိုလ်(အကြောင်းတရား)ဖြစ်၍ ဖိုလ်လေးပါးတို့သည် လောကုတ္တရာဝိပါက်(အကျိုးတရား)ဖြစ်သည်။

လောကုတ္တရာဝိပါက်ဝိညာဏ်သည် မဂ္ဂဝိထိနှင့် သမာပတ်ဘို့၏ အစွမ်းအားဖြင့် နှစ်ပါးရှိသည်၊ တနည်းအားဖြင့် လောကုတ္တရာစိတ်ကို၊ မဂ်စိတ်လေးပါး၊ ဖိုလ်စိတ်လေးပါး ကုသိုလ်စိတ်လေးပါး၊ ဝိပါက်စိတ်လေးပါး၊ အကြောင်းစိတ်လေးပါး၊ အကျိုးစိတ်လေးပါးဟူ၍ ပိုင်းခြားထားသည်။

ကြိယာဝိညာဏ်သည်ဘူမိဘေဒအရကာမကြိယာ၊ရူပကြိယာ၊ အရူပကြိယာ ဟူ၍ သုံးပါး ရှိသည်။ ယင်း သုံးပါးတွင် ကာမ ကြိယာကို အဟိတ်ကြိယာ၊ သဟိတ်ကြိယာဟူ၍ နှစ်ပါးပိုင်းခြား ထားသည်။ အလောဘစသည့် ဟိတ်တို့ မရှိသောကြောင့် အဟိတ် ကြိယာ ဝိညာဏ်ဟု ခေါ်သည်။

အဟိတ်ကြိယာသည်၊ မနောဓာတ်၊ မနောဝိညာဏဓာတ် ဟူ၍ နှစ်ပါး ရှိသည်။ မနောဓာတ်သည် စက္ခုဝိညာဏ် စသည် တို့၏ ရှေ့ဆောင်ဖြစ်၍၊ အဆင်းစသည့် အာရုံတို့ကို သိခြင်းလက္ခ ဏာရှိသည်။ နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကိစ္စရှိသည်။ အဆင်း စသည့် အာရုံများသို့ ညွတ်တိမ်း တတ်သော သဘော အဖြစ် ဉာဏ်၌ ထင်သည်။

ဘဝင်အစဉ်ပြတ်ခြင်းလျှင် နီးစွာသော အကြောင်း ရှိသည်၊ ယင်း မနောဓာတ်သည် ဥပေက္ခာသမ္ပယုတ်သာ ဖြစ်သည်၊တနည်း ယင်း မနောဓာတ်၌ ဥပေက္ခာစေတသိက် ယှဉ်သည်။

မနောဓာတ်သည် ပုထုဇဉ်၊ အရိယာ ရှစ်ယောက် တို့နှင့် ဆက်ဆံသော မနောဝိညာဏဓာတ်၊ အသေက္ခရဟန္တာတို့နှင့်သာ သက်ဆိုင်သော မနောဝိညာဏဓာတ်ဟူ၍ နှစ်ပါးရှိသည်၊ အများ နှင့် သက်ဆိုင်သော မနောဝိညာဏဓာတ် ဥပေက္ခာယှဉ် အဟိတ် ကြိယာသည် အာရုံခြောက်ပါးကို သိခြင်းလက္ခဏာ ရှိသည်။

ပဉ္စဒွါရ၊ မနောဒွါရ တို့၌ ဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စ တပ် သည်၊ ပဉ္စဒွါရ၊ မနောဒွါရတို့၌ စူးစမ်းပြီးသော အာရုံကို မှတ် တတ် ဆင်ခြင်တတ်သော သဘောအဖြစ် ဉာဏ်၌ထင်သည်။

ဝုဋ္ဌော ဖြစ်သောအခါ သန္တီရဏ ကိစ္စတပ်သော အဟိတ် ဝိပါက် မနောဝိညာဏ ဓာတ်သုံးပါးလျှင်နီးစွာသော အကြောင်း

ရှိသည်။ အါဝဇ္ဇန်းကိစ္စတပ်သောအခါ အမှတ်မရှိသော ဘဝင် တခုခု ကပ်ခြင်း ချုပ်ခြင်း လျှင်နီးစွာသော အကြောင်းရှိသည်၊

အများနှင့် သက်ဆိုင်သော မနောဝိညာဏဓာတ်ကို သာဓာရဏဟု ခေါ်သည်။ အသေက္ခ ရဟန္တာ တို့နှင့် သာလျှင် ဆိုင်သော မနောဝိညာဏဓာတ်ကို အသာဓာရဏဟု ခေါ်သည်။

အသာဓာရဏ ဝမ်းမြောက်မှု အတူ ဖြစ်သော အဟိတ် ကြိယာသည် အာရုံ ခြောက်ပါးကို သိခြင်း လက္ခဏာ ရှိသည်၊ အရိုးစု ပြိတ္တာစသော အဆင်းစသည့် အနိဋ္ဌာရုံတို့၌ ရဟန္တာတို့၏ ပြုံးခြင်းကိုသာ ဖြစ်စေတတ်သော ကိစ္စရှိသည်၊ ပြုံးရွှင်မှုကို ဖြစ်စေတတ်သော သဘောအဖြစ် ဉာဏ်၌ ထင်သည်။

ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိသည်။ ဤကား အဟိတ်ကာမ ကြိယာဝိညာဏ် သုံးပါးတို့ကို ပိုင်းခြား၍ပြခြင်း တည်း။ ဤနေရာ၌ အဟိတ်ကြိယာဝိညာဏ်ကို သူတော်တို့ သိ လွယ်စေရန် သရုပ်ခွဲ၍ပြရသော်—

**အဟိတ်ကြိယာဖြစ်စဉ်**

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
၃။ သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ်

ဟူ၍ သုံးပါးရှိသည်။ ယင်းစိတ်သုံးပါးကို မြန်မာပြန်သော်—

၁။ လျစ်လျူရှုခြင်းနှင့် အတူဖြစ်သော အာရုံငါးပါး ဆင်ခြင်စိတ်
၂။ လျစ်လျူရှုခြင်းနှင့် အတူဖြစ်သော မနောဒွါရ ဆင်ခြင်စိတ်

၃။ ဝမ်းမြောက်ခြင်းနှင့် အတူဖြစ်သော ရွှင်ပြုံးမှုစိတ်

ရဟန္တာတို့ ဝမ်းမြောက်မှုနှင့်အတူ ရွှင်ပြုံးမှုကို ဖြစ်စေတတ်သော အဟိတ်ကြိယာစိတ် ဟူသည်မှာ တတိယမြောက် သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ် စိတ်ကိုဆိုလိုခြင်းဖြစ်သည်။

သဟိတ်ကာမကြိယာသည် မဟာကုသိုလ် ကဲ့သို့ပင် ရှစ်ပါးရှိသည်။ ထူးသည်မှာ ကာမ မဟာကုသိုလ်ရှစ်ပါးသည် ပုထုဇဉ်နှင့် အရိယာ ခုနစ်ယောက်တို့သာလျှင် ဖြစ်သည်၊ သဟိတ်ကာမကြိယာရှစ်ခုသည် အသေက္ခရဟန္တာ တို့၌သာလျှင်ဖြစ်သည်။

ပုထုဇဉ်နှင့် အရိယာ ခုနစ်ယောက်တို့၌ ဖြစ်သောကြိယာသည် ဝိပါက်ကို ဖြစ်စေနိုင်သည်။ ရဟန္တာတို့၌ ဖြစ်သော ကြိယာသည် ဝိပါက်ကို ဖြစ်စေနိုင်သော သတ္တိမရှိ။ ဤကား ကုသိုလ် ကြိယာဝိညာဏ်၌ ထူးသောအချက် တခုတည်း။ အဟိတ်ကာမကြိယာဝိညာဏ်သုံးပါး၊ သဟိတ်ကာမ ဝိညာဏ်ရှစ်ပါးအရ ကာမကြိယာဝိညာဏ် (၁၁) ပါးရှိသည်။

ရူပကြိယာသည် ရူပကုသိုလ်ကဲ့သို့ပင် ငါးပါးရှိသည်။ အရူပကြိယာသည် အရူပကုသိုလ် ကဲ့သို့ပင် လေးပါးရှိသည်။ ကြိယာဝိညာဏ်တို့သည် ရဟန္တာတို့၌ဖြစ်လျှင် ထူးသည်၊ ထို့ကြောင့် ဘုံသုံးပါး၌ဖြစ်ကြသော ကြိယာဝိညာဏ် နှစ်ဆယ်ရှိသည်။

ကုသိုလ်ဝိညာဏ် ၂၁၊ အကုသိုလ်ဝိညာဏ် ၁၂၊ ဝိပါက် ဝိညာဏ် ၃၆၊ ကြိယာဝိညာဏ် ၂၀ အရ ဝိညာဏ်ပေါင်း ၈၉ ခုရှိသည်။ တနည်းအားဖြင့် ခပ်သိမ်းသောစိတ်တို့သည် ၈၉ ခု (ဝါ) စိတ်တခု ယုတ် ကိုးဆယ် ရှိသည်။ ဤသို့လျှင် ဝိညာဏ် ပေါင်း ၈၉ ခု၊ အကျယ်အားဖြင့် ၁၂၁ ပါးရှိကြောင်းကို ပိုင်းခြား၍ သိရန်လိုသည်။

**ဝိညာဏ်တို့ကို သရုပ်ခွဲခြင်း**

ဝိညာဏ်တည်းဟူသော စိတ်များကို သုတေသီတို့ သဘော ပေါက်လွယ်စေရန် မကျဉ်းမကျယ် ဖွင့်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ယင်းစိတ် (ဝါ) ဝိညာဏ်များကို အကျဉ်းရုံး၍ သရုပ်ခွဲပြရန်လို သည်ဟု ယူဆမိသည်။

ထို့ကြောင့် ခပ်သိမ်းသောစိတ်များ (ဝါ) ဝိညာဏ်များကို အောက်ပါဇယားအတိုင်း အကျဉ်းရုံး၍ လေ့လာနိုင်သည်။

သို့သော် အဘိဓမ္မာ ဒေသနာတော်အတိုင်း စိတ်ပေါင်း ၈၉ ခုနှင့် စိတ်ပေါင်း ၁၂၁ ခုဟူ၍ အကျဉ်းအကျယ်အားဖြင့် နှစ် ပိုင်းခွဲဝေထားသည်။

**ကာမာဝစရစိတ် ၅၄ ပါး**

**ကာမဆယ့်တဘုံ၌ လည်စေတတ်သော စိတ်များ**

ဝိပါက်စိတ် ၂၃ + အကုသိုလ်စိတ် ၁၂
ကုသိုလ်စိတ် ၈ + ကြိယာစိတ် ၁၁

**မြန်မာပြန်**

အကျိုးစိတ် ၂၃ + မကောင်းကြောင်းစိတ် ၁၂
ကောင်းကြောင်းစိတ် ၈ + အပြုစိတ် ၁၁

**တနည်း**

အဟိတ်စိတ် ၁၈ + သဟိတ်စိတ် ၃၆

### မြန်မာပြန်
အကြောင်းမဲ့စိတ် ၁၈ + အကြောင်းရှိစိတ် ၇၁

### တနည်း
အသောဘနစိတ် ၃၀ + သောဘနစိတ် ၅၉

### မြန်မာပြန်
မတင့်တယ်စိတ် ၃၀+တင့်တယ်စိတ် ၅၉

**မှတ်ချက်**

ကြိယာစိတ်ကို (အပြုစိတ်) ဟု ပြန်ဆိုထားစေကာမူ ပြုကာ မတ္တသာဖြစ်သော ပြုရုံမျှသာဖြစ်သော စိတ်ဟူ၍ မှတ်၊ မကောင်းကြောင်းစိတ်၊ ကောင်းကြောင်းစိတ်ဟု အတိုကောက် ပြန်သော် မကောင်းသော အကြောင်း စိတ်စသည်ဖြင့် မှတ်လေ။

### တနည်း
အဟိတ်စိတ် ၁၈ + ဧကဟိတ်စိတ် ၂
ဒွိဟိတ်စိတ် ၂၂ + တိဟိတ်စိတ် ၁၂

**ရှင်းချက်**

အထက်တွင် ပြခဲ့ပြီးသော အကြောင်းမဲ့ စိတ် ၁၈ နှင့် အကြောင်းရှိစိတ် ၇၁ တို့ကို ထပ်မံ၍ ခွဲစိတ်လိုက် သောကြောင့် အထက်ပါအတိုင်း အဟိတ်စိတ်မှ တပါး သဟိတ်စိတ်များ ကွဲပြားသွားရခြင်း ဖြစ်သည်။ တနည်း အားဖြင့် အကြောင်းမဲ့ စိတ်မှာ ၁၈ ပါးသာဖြစ်ပြီး

အကြောင်းရှိစိတ်မှာ အကြောင်းတပါး ရှိစိတ် ၂ ပါး၊ အကြောင်းနှစ်ပါး ရှိစိတ် ၂၂ ပါး၊ အကြောင်းသုံးပါးရှိစိတ် ၁၂ ပါးတို့ကို စုပေါင်းထားခြင်း ဖြစ်သည်။

## တနည်း

ချမ်းသာမှုနှင့် အတူဖြစ်သောစိတ် ၁ + ဆင်းရဲမှုနှင့် အတူ ဖြစ်သောစိတ် ၁ + ဝမ်းမြောက်မှုနှင့်အတူဖြစ်သောစိတ် ၁၈ + နှလုံး မသာယာမှုနှင့် အတူဖြစ်သောစိတ် ၂ + လျစ်လျူရှုမှုနှင့် အတူဖြစ်သောစိတ် ၃၂ အရ ၅၄ ပါးရှိသည်။

## ရူပါဝစရစိတ် ၁၅ ပါး

## ရူပဗြဟ္မာ့ဘုံ၌ ကျင်လည်စေတတ်သော စိတ်များ

ကုသိုလ်စိတ် ၅
ဝိပါက်စိတ် ၅ + ကြိယာစိတ် ၅

## မြန်မာပြန်

ကောင်းကြောင်းစိတ် ၅
အကျိုးစိတ် ၅ + အပြုစိတ် ၅

## တနည်း

ပဌမစျာန်စိတ် ၃ + ဒုတိယစျာန်စိတ် ၃
တတိယစျာန်စိတ် ၃ + စတုတ္ထစျာန်စိတ် ၃
ပဥ္စမစျာန်စိတ် ၃

**မှတ်ချက်**

စျာန်ဟူသည်မှာ ကသိုဏ်းစသည်တို့ အာရုံများကို ကပ်၍ရှုခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။

**တနည်း**

ဝမ်းမြောက်မှုနှင့်အတူ ဖြစ်သောစိတ် ၁၂ + လျစ်လျူရှုခြင်းနှင့်အတူဖြစ်သောစိတ် ၃

**အရူပါဝစရစိတ် ၁၂ ပါး**

**အရူပဗြဟ္မာဘုံ၌ ကျင်လည်စေတတ်သော စိတ်များ**

ကောင်းကြောင်းစိတ် ၄ + အကျိုးစိတ် ၄

အပြုစိတ် ၄

**တနည်း**

အာကာသာနဉ္စာယတနစိတ် ၃ + ဝိညာဏဉ္စာယတနစိတ် ၃

အာကိဉ္စညာယတနစိတ် ၃ + နေဝသညာနာသညာယတနစိတ် ၃

မြန်မာပြန်

အဆုံးမရှိသော ကောင်းကင်တည်ရာ ၃

အဆုံးမရှိသော ဝိညာဏ်တည်ရာ ၃

တစုံတခုမျှ မရှိဟူသောတည်ရာ ၃ + သညာရှိသည်လည်း မဟုတ်၊မရှိသည်လည်းမဟုတ်သောတည်ရာ ၃

**လောကုတ္တရာစိတ် ၈-ပါး**

ကောင်းကြောင်းစိတ် ၄ +အကျိုး စိတ် ၄

## တနည်း
မဂ်စိတ် ၄ + ဖိုလ်စိတ် ၄

**ရှင်းချက်**

လောကုတ္တရာဟူသော သဒ္ဒါကို (လောက +ဥတ္တရ) ဟု ပုဒ်ဖြတ်။ လောကထက် လွန်မြောက်သော တရား။ ထို့ကြောင့်လောက ထက် သာလွန် မြတ်သော စိတ်၊ လောကမှ ထွက်မြောက်သောစိတ်အာယတနခေတ်တည်းဟူသော လောကမှလွတ်မြောက်သောစိတ်၊ ကာမ၊ ရူပ၊ အရူပ တည်းဟူသော ဘုံသုံးပါးမှ လွတ်မြောက်သော စိတ်။

မဂ်စိတ်၊ ဖိုလ်စိတ် ဟူသည်မှာလည်း လောကုတ္တရာ၏ အကြောင်းစိတ် အကျိုးစိတ်တို့ပင် ဖြစ်သည်။ မဂ်စိတ်သည် ကုသိုလ်စိတ် ဖြစ်၍၊ ဖိုလ်စိတ်သည် ဝိပါက်စိတ် ဖြစ်သည်။

## စိတ်တခုယုတ်ကိုးဆယ် ဖြစ်ပုံ

ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၈-ခုအားဖြင့် အလုံးစုံသော စိတ်တို့သည် (ဝါ) ဝိညာဏ်တို့သည် ၈၉-ခု၊ (ဝါ) စိတ်တခုယုတ်ကိုးဆယ် ဖြစ်ရသည်။ ယင်းနည်းသည် ဘူမိဘေဒ (ဘုံ) အရသရုပ် ခွဲခြင်းဖြစ်သည်။

မကောင်းကြောင်းစိတ်-၁၂၊ ကောင်းကြောင်း စိတ်-၂၁၊ အကျိုးစိတ်-၃၆၊ အပြုစိတ်-၂၀-အားဖြင့်စိတ်တခုယုတ်ကိုးဆယ်၊ (ဝါ) ဝိညာဏ်ပေါင်း ၈၉-ခု ဖြစ်သည်။ ဤနည်းသည် ဇာတိဘေဒ [ဇာတ်] အရ သရုပ် ခွဲခြင်းဖြစ်သည်။

တနည်းအားဖြင့် လောကီစိတ် ၈၁၊ လောကုတ္တရာစိတ် ၈-ခုအရ စိတ်တခုယုတ်ကိုးဆယ် ဖြစ်သည်။ တနည်းအားဖြင့် ကာမစိတ် ၅၄-ခု၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာစိတ် ၈-ခုအရ စိတ်တခုယုတ်ကိုးဆယ်ဖြစ်သည်။

တနည်းအားဖြင့် အကြောင်းမဲ့စိတ် ၁၈၊ အကြောင်းရှိစိတ် ၇၁-ခုအရ စိတ်တခုယုတ်ကိုးဆယ် ဖြစ်သည်။ နောက်တနည်းအားဖြင့် မတင့်တယ်စိတ် ၃၀၊ တင့်တယ်စိတ် ၅၉-အရ စိတ်တခုယုတ်ကိုးဆယ်ဖြစ်သည်။ တနည်းအားဖြင့် အကြောင်းမဲ့စိတ် ၁၈၊ အကြောင်း တပါးရှိစိတ် ၂၊ အကြောင်းနှစ်ပါးရှိ စိတ် ၂၂၊ အကြောင်းသုံးပါးရှိစိတ် ၄၇-အရ စိတ်တခုယုတ်ကိုးဆယ် ဖြစ်သည်။

**စိတ်အကျယ် ၁၂၁-ပါးဖြစ်ပုံ**

ဇာတိဘေဒအားဖြင့် မကောင်းကြောင်းစိတ် ၁၂၊ ကောင်းကြောင်းစိတ် ၃၇၊ အကျိုးစိတ် ၅၂၊ အပြုစိတ် ၂၀-အရ စိတ်ပေါင်း (ဝါ) ဝိညာဏ်ပေါင်း ၁၂၁-ပါးဖြစ်သည်။

ဘူမိဘေဒအားဖြင့် ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၄၀-အရ စိတ်ပေါင်း ၁၂၁-ပါးဖြစ်သည်။ တနည်း လောကီစိတ် ၈၁၊ လောကုတ္တရာစိတ် ၄၀ အရ စိတ်ပေါင်း ၁၂၁-ပါးဖြစ်သည်။ တနည်း ကာမစိတ် ၅၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာစိတ် ၄၀-အရ စိတ်ပေါင်း ၁၂၁-ပါးဖြစ်သည်။

တနည်း အကြောင်းမဲ့စိတ် ၁၈၊ အကြောင်းရှိ ၁၀၃-အရ စိတ်ပေါင်း ၁၂၁-ပါး၊ မတင့်တယ်သောစိတ် ၃၀၊ တင့်တယ်

သောစိတ် ၉၁-အရ၊ စိတ်ပေါင်း ၁၂၁-ပါး၊ အကြောင်းမဲ့စိတ် ၁၈၊ အကြောင်းတပါးရှိစိတ် ၂၊ အကြောင်းနှစ်ပါးရှိစိတ် ၂၂၊ အကြောင်းသုံးပါးရှိစိတ် ၇၉-အရ စိတ်ပေါင်း ၁၂၁-ပါးဖြစ်သည်။

တနည်း ချမ်းသာမှုနှင့်အတူဖြစ်သောစိတ် ၁၊ ဆင်းရဲမှုနှင့်အတူဖြစ်သောစိတ် ၁၊ ဝမ်းမြောက်ခြင်းနှင့်အတူ ဖြစ်သောစိတ် ၆၂၊ နှလုံးမသာခြင်းနှင့်အတူဖြစ်သောစိတ် ၁၊ လျစ်လျူရှုမှုနှင့်အတူဖြစ်သောစိတ် ၅၅-အရ စိတ်ပေါင်း ၁၂၁-ပါးဖြစ်သည်။

## စိတ်အစဉ်ဖြစ်ခြင်းနှင့်ချုပ်ခြင်း

ဝိညာဏ်တို့သည် ပဋိသန္ဓေ၊ ဘဝင်၊ အာဝဇ္ဇန်း၊ ဒဿန၊ သဝန၊ ဃာယန၊ ဖုသန၊ သမ္ပဋိစ္ဆန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ စုတိတည်းဟူသော ကိစ္စ ၁၄-ပါးအရဖြစ်ကုန်သည်။

ကာမာဝစရ မဟာကုသိုလ်ဝိညာဏ်နှစ်ခုတို့ကြောင့် လူ့ပြည် နတ်ပြည်တို့၌ သတ္တဝါဟူ၍ထင်ရှားဖြစ်နေရသည်။ သတ္တဝါတို့ သေခါနီးကာလ ထင်ဟပ်လာသောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် တပါးပါးကိုအာရုံပြု၍ သဟိတ်ကာမဝိပါက်ရှစ်ခု၊ ဒွိဟိတ်ကုသိုလ်၏ အကျိုးတရား ဖြစ်သော ဥပေက္ခာ သဟဂုတ် အဟိတ်မနောဝိညာဏဓာတ်တည်းဟူသော ဝိပါက်စိတ် ၉-ပါးသည် ပဋိသန္ဓေကြောင့်ဖြစ်ရ၏။

ရူပကုသိုလ်၊ အရူပကုသိုလ်တည်းဟူသော အကြောင်းတရားကြောင့် (၀ါ)ရူပစျာန်၊ အရူပစျာန်တည်းဟူသော အကြောင်းတရားတို့ကြောင့် ရူပဘုံ၊ အရူပဘုံတို့၌ သတ္တဝါထင်ရှား ဖြစ်ရ

သည်။ ယင်းဘုံတို့မှ သတ္တဝါတို့ သေခါနီးကာလ ပထဝီကသိုဏ်း စသည့် ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ ရူပ၊ အရူပ ဝိပါက် ၉-ခုတို့သည် ပဋိသန္ဓေကြောင့်ဖြစ်ရ၏။

အကုသိုလ်တည်းဟူသော အကြောင်းတရားကြောင့် (ဝါ) အကုသိုလ်တည်းဟူသော အကြောင်းစိတ် ၁၂-ပါး တို့ကြောင့် အပါယ်လေးဘုံ၌ ဖြစ်ကြရသည်။ ယင်းသတ္တဝါတို့ သေခါနီး ကာလ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတွင် တပါးပါးကို အာရုံပြု၍ အကုသိုလ်ဝိပါက် အဟိတ်မနောဝိညာဏ ဓာတ်သည် ပဋိသန္ဓေကြောင့်ဖြစ်ရ၏။

ကာမသုဂတိ ဝိပါက် ဝိညာဏ် ၉-ခု၊ ရူပ၊ အရူပ ဝိပါက် ဝိညာဏ် ၉-ခု၊ ကာမဒုဂ္ဂတိဝိပါက် ဝိညာဏ် တည်းဟူသော ဝိပါက်ဝိညာဏ် ၁၉-ခုတို့သည် ပဋိသန္ဓေကြောင့် ဖြစ်ရကုန်၏။ တနည်းအားဖြင့် ပဋိသန္ဓေဝိညာဏ်၊(ဝါ)ပဋိသန္ဓေစိတ် ၁၉-ပါး ဟုခေါ်သည်။

ပဋိသန္ဓေဝိညာဏ် ချုပ်ပြီးနောက် ချုပ်ငြိမ်းသွားသော ပဋိသန္ဓေဝိညာဏ်နောက်သို့ အစဉ်လိုက်ပါ တတ်သော (ဝါ) ပဋိသန္ဓေကို ဖြစ်စေတတ်သော အကြောင်းတရား (ကံ)သာလျှင် အကျိုးဖြစ်သောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ နိမိတ်သုံးပါးတွင် တပါးပါးသောအာရုံ၌ ပဋိသန္ဓေဝိညာဏ်နှင့် အကြောင်းအကျိုး ဆက်စပ်၍ ဘဝင်ဝိညာဏ်(ဝါ)ဘဝင်စိတ်ဖြစ်ရ၏။

တဖန် ယင်း ပဋိသန္ဓေ ဝိညာဏ်နှင့် ဝါ ပဋိသန္ဓေစိတ်နှင့် အကြောင်းအကျိုး စပ်သော ဘဝင်စိတ် ဖြစ်ပြန်၏။ ဘဝင် အစဉ်ကို ဖြတ်တတ်သည့် ဘဝင် မှ တခုသော အာဝဇ္ဇန်း စိတ္တုပ္ပါဒ် မရှိခဲ့သော် မြစ်ရေအလျဉ်ကဲ့သို့ (ဘဝင်ကျ၍ အိပ်

ပျော်နေသောအခါ စသည်တို့၌ ) တသွင်သွင်စီးသော ဘဝင် စိတ် ဖြစ်ရ၏။

ဘဝင် အစဉ်ဖြစ်သော် စက္ခုစသော ဣန္ဒြေတို့သည် အဆင်း စသည့် အာရုံတို့ကို ယူနိုင်စွမ်းရှိသည်။ ထိုအခါ စက္ခု ဣန္ဒြေ၌ အဆင်းထင်ဟပ်သည်ရှိသော် အဆင်းကိုမှီ၍ စက္ခုပသာဒ အား ထိခိုက်ခြင်းဖြစ်၏။ ယင်းသို့ ထိခိုက်ပြီးသည်နှင့် တဆက်တည်း ထိခိုက်ခြင်းဟူသောအကြောင်းကြောင့် ဘဝင်လှုပ်ရ၏၊ ယင်းကို ဘဝင် စလနဟု ခေါ်သည်။

ဘဝင် ချုပ်ပြီးနောက် တဆက်တည်း ဘဝင်လှုပ်ခြင်းဟူ သော အကြောင်း တရားကြောင့် အဆင်းကိုပင် အာရုံပြု၍ အာဝဇ္ဇန်းသည် ဘဝင်အလျဉ် ဖြတ်၍ ကြိယာ မနော ဓာတ် တည်းဟူသော ပဉ္စ ဒွါရာဝဇ္ဇန်း ဖြစ်ရ၏။ ကြွင်းသော ဒွါရ လေးပါးတို့၌လည်း ထိုနည်းတူ စိတ်အစဉ် ဖြစ်ခြင်းကို သိရန် လိုသည်။

မနောဒွါရ၌ အာရုံခြောက်ပါး ထင်ဟပ်သော် ဘဝင်လှုပ်ရှား ပြီးသည်နှင့် တဆက်တည်း အာဝဇ္ဇန်းသည် ဘဝင် အလျဉ်ကို ဖြတ်၍ ဥပေက္ခာသဟဂုတ် အဟိတ် ကြိယာမနော ဝိညာဏဓာတ် ဖြစ်ရသည်။

ပဉ္စဒွါရဖြစ်ပြီးနောက် တဆက်တည်း ရှေးဦးစွာ စက္ခုဒွါရ၌ မြင်ခြင်းကိစ္စကို ပြီးစေလျက် စက္ခု ပသာဒကိုသာလျှင် အမှီပြုရ သော စက္ခုဝိညာဏ် ဖြစ်ရသည်။

ပဉ္စဝိညာဏ်တို့သည် ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ တည်းဟူသော အကြောင်းကြောင့် ကုသိုလ်ဝိပါက် ဖြစ်ရသည်၊ အနိဋ္ဌာရုံ၊အနိဋ္ဌ မဇ္ဈတ္တာရုံ တည်းဟူသော အကြောင်းကြောင့်အကုသိုလ်ဝိပါက်

ဖြစ်ရသည်။ ဤသို့ ဝိပါက်ဝိညာဏ် ဆယ်ပါးတို့သည် အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့ တည်းဟူသောကိစ္စတို့၏ အစွမ်းဖြင့် ဖြစ်ကြရသည်။

ဇောကျပြီးနောက် ယင်း ဇော အာရုံကိုပင် ထပ်၍ အာရုံပြုပြန်သောကြောင့် တဒါရုံဟုခေါ်သည်။ တဒါရုံသည် ဇောကို အာရုံပြုသော အာရုံတည်း....။ ဝိပါက် ဝိညာဏ် [၁၁] ပါးသည် တဒါရုံကြောင့် ဖြစ်ရသည်၊ တဒါရုံအဆုံး၌ တဖန် ဘဝင်ကျပြန်၏။

တဒါရုံအဆုံး၌ ဘဝင်မကျလျှင် မရဏာသန္န ဇော ငါးကြိမ်စောပြီးနောက် စုတိကျ၏။ စုတိကျခြင်းမရှိသေးလျှင် တဘဝအတွင်း၌ ဖြစ်ထိုက်သမျှသော စိတ္တုပ္ပါဒ်တို့သည် ဇော အဆုံး၌ တဒါရုံ၊ တဒါရုံအဆုံး၌ ဘဝင်၊ ဘဝင်အဆုံး၌ဇော၊ ဇောအဆုံး၌ တဒါရုံ၊ တဒါရုံအဆုံး၌ဘဝင်၊ ဤကဲ့သို့လျှင် အစဉ်မပြတ် တလစပ်ဖြစ်ရသည်။

တဘဝအတွင်း၌ဟု ဆိုသော်လည်း စုတိကျပြီးနောက်လည်း ဘဝင်စိတ် (ဘုရားရဟန္တာတို့မှ တပါး) မဖြစ်သည်ဟူ၍မရှိ။ ဖြစ်မြဲဖြစ်သည်သာတည်း။ ထို့ကြောင့် သတ္တဝါတို့၏ စိတ်အစဉ်သည် သံသရာတလျှောက်လုံး မြစ်ရေအလျဉ်ကဲ့သို့အဆက်မပြတ် တလစပ် ဖြစ်ကြရသည်။

ပဋိသန္ဓေမှ စုတိအထိ တဘဝအတွင်း စိတ်အစဉ်ဖြစ်ပုံမှာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇောငါးကြိမ်၊ စုတိဟူ၍ တဘဝချုပ်၏။ ထို့နောက် ပဋိသန္ဓေအစ ပထမဘဝင် ဖြစ်ကြရပြန်၏

ဤသို့လျှင် သံသရာသည် အဆုံးမရှိ၊ ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက သံသရာသည် အစအဆုံးမရှိဟု အနန္တဉာဏ်တော်ဖြင့် ပိုင်းခြား၍ ဟောတော်မူခြင်း ဖြစ်သည်။

စိတ်အစဉ်ဖြစ်ပုံ ချုပ်ပုံအကျယ်မှာ....

ရူပါရုံတည်းဟူသော အဆင်းသည် စက္ခုပသာဒ၌ ထင်ဟပ်လာ၏။ ထိုအခါ ဘဝင်နှစ်ကြိမ်ဖြစ်၍ ချုပ်သည်ရှိသော် အာဝဇ္ဇန်း (ဆင်ခြင်မှု) ကိစ္စကို ပြီးစေတတ်သော ကြိယာမနောဓာတ်ဖြစ်၍ချုပ်ပြန်၏။ ယင်းကြိယာ မနောဓာတ်ချုပ်ဘည် ရှိသော်—မြင်ခြင်းကိစ္စကို ပြီးစေတတ်သော စက္ခုဝိညာဏ်စိတ်ဖြစ်၍ ချုပ်ရ၏။

စက္ခုဝိညာဏ်စိတ် ချုပ်သည်ရှိသော်– သမ္ပဋိစ္ဆိုန်း (ခံယူခြင်း) ကိစ္စကို ဖြစ်စေတတ်သော ဝိပါက်မနောဓာတ် ဖြစ်ပေါ်လာပြီးချုပ်ပြန်၏။ ဝိပါက်မနောဓာတ် ချုပ်ပြီးနောက် သန္တီရဏ (စူးစမ်းခြင်း) ကိစ္စကို ပြီးစေတတ်သော အဟိတ်ဝိပါက်မနောဝိညာဏဓာတ် ဖြစ်ပေါ်ပြီး ချုပ်ပြန်၏။

အဟိတ်ဝိပါက် မနောဝိညာဏဓာတ် ချုပ်ပြီးနောက် ဝုဋ္ဌော (မှတ်သားခြင်း) ကိစ္စကို ပြီးစေတတ်သော အဟိတ်ကြိယာမနောဓာတ် ဖြစ်ပေါ်ပြီး ချုပ်သွားပြန်၏။ ယင်း အဟိတ်ကြိယာမနောဝိညာဏဓာတ် ချုပ်သည်ရှိသော် (၀၇) ချုပ်ပြီးသည်နှင့် တပြိုင်နက် ဇောကျ၏၊ ဇောကျပြီးနောက် ယင်း ဇောကိုပင် အာရုံပြုတတ်သည့် တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ယင်းတဒါရုံဖြစ်၍ ချုပ်ပြီးနောက် ဘဝင်ဖြစ်ပြန်၏။ ဤသို့အားဖြင့် သံ

သရာစက်ရဟတ်သည် ရပ်နားသည်ဟူ၍မရှိ။ တလစပ်လည်ပတ်လျက်ရှိသတည်း။

အဆင်းနှင့် စက္ခုပသာဒတို့ ဥပါဒ်ခိုက်မှအစပြု၍ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊သမ္ပဋိစ္ဆိုန်း၊သန္တီရဏ၊ဝုဋ္ဌော၊ဇော(ခုနစ်ကြိမ်)၊တဒါရုံနှစ်ကြိမ် ထို့ကြောင့် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်၍ အဆင်းနှင့်စက္ခုပသာဒသည် စိတ္တက္ခဏ ၁၇-ချက်အဆုံး ဒုတိယ တဒါရုံ၏ဘင်ခဏနှင့် ပြိုင်၍ချုပ်ရသော ဝီထိတခုကိုအတိမဟန္တာရုံဟုခေါ်သည်။ အလွန်အားကောင်းသော ဝီထိဖြစ်သည်။

အတီတ(အတိတ်) ဘဝင်နှစ်ချက် သုံးချက်လွန်လျက် တဒါရုံမကျပဲ ဘဝင်ကျ၍ပထမဘဝင်၏ ဘင်နှင့်ရင်း၊ သတ္တမဇော၏ဘင်နှင့်ရင်းပြိုင်၍ ချုပ်ရသောဝီထိနှစ်ခုကို မဟန္တာရုံဝီထိဟု ခေါ်သည်။

အတီတ ဘဝင်လေးချက် ကိုးချက် လွန်၍ ဝုဋ္ဌော နှစ်ကြိမ်သုံးကြိမ်ဖြစ်ပြီး ဇောမကျပဲ ဘဝင်ကျ၍ ပဉ္စမ ဘဝင်နှင့်ရင်းစတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမ ဘဝင်နှင့်ရင်း၊ ဒုတိယ၊ တတိယဝုဋ္ဌောနှင့်ရင်း ပြိုင်၍ချုပ်ရသော ခြောက်ဝီထိကို ပရိတ္တာရုံဝီထိဟုခေါ်ယည်။ အလွန် အားနည်းသော ဝီထိဖြစ်သည်။

အတီတ ဘဝင်ဆယ်ချက် ဆယ့်ငါးချက်လွန်၍ ဘဝင်စလနနှစ်ကြိမ်လှုပ်ပြီး ဝီထိစိတ်မကျပဲ ဘဝင်ကျ၍၊ ပဉ္စမဘဝင်နှင့်ရင်း၊ စတုတ္ထ၊ တတိယ၊ဒုတိယ၊ပထမဘဝင်နှင့်ရင်း၊ဒုတိယ ဘဝင်စလနနှင့်ရင်း ပြိုင်၍ ချုပ်တတ်သော ခြောက်ဝီထိကို အတိပရိတ္တာရုံဝီထိဟု ခေါ်သည်။ ဤကား ပဉ္စဒွါရဝီထိကို ပြခြင်းဖြစ်သည်။

မနောဒွါရဝီထိ၌ ဝိဘူတာရုံ အဝိဘူတာရုံဟူ၍ နှစ်ပါးရှိသည်။ ပစ္စုပ္ပန်ရုပ် ၂၂-ပါး၊ ဥပါဒ်ခိုက်မှအစပြု၍ အတိတ်ဘဝင်တချက်၊ ငါးချက် လွန်၍ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရဝဇ္ဇန်း၊ ဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်၊ ထို့ကြောင့် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ပစ္စုပ္ပန်ရုပ် ၂၂-ပါးသည် စိတ္တက္ခဏ ၁၇-ချက်အဆုံး၌ စတုတ္ထ၊ တတိယ၊ ဒုတိယ၊ ပထမ ဘဝင်နှင့်ရင်း၊ ဒုတိယတဒါရုံနှင့်ရင်း ပြိုင်၍ချုပ်တတ်သော ငါးဝီထိကို ဝိဘူတာရုံ ဝီထိဟုခေါ်သည်။

ထို့အတူ အတိတ်ဘဝင်ခြောက်ချက် ခုနစ်ချက်တို့ကို လွန်ပြီး တဒါရုံမကျပဲ ဘဝင်ကျ၍ ပထမဘဝင်နှင့်ရင်း၊ သတ္တမဇောနှင့်ရင်းပြိုင်၍ ချုပ်တတ်သော နှစ်ဝီထိကို အဝိဘူတာရုံ ဝီထိဟုခေါ်သည်။

အကျဉ်းမှတ်ရန်မှာ- အတိမဟန္တာရုံ ဝီထိသည် ဒုတိယတဒါရုံ၏ ဘင်ခဏ၌ ပြိုင်သောကြောင့် တဒါရုံကျသည်။ မဟန္တာရုံသည် တဒါရုံမကျပဲ ဘဝင်ကျသည်၊ ပရိတ္တာရုံသည် ဇောမကျပဲ ဘဝင်ကျသည်၊ ပရိတ္တာရုံဟူသမျှဇောမကျ။ အတိပရိတ္တာရုံသည် ဝီထိမကျပဲ 'ဒါရိုက်ဟစ်' ဘဝင်ကျသည်။ မနော ဒွါရဝီထိ၌ ဝိဘူတာရုံသည်၊ တဒါရုံကျသည်။ အဝိ ဘူတာရုံ ဝီထိသည် တဒါရုံမကျမှဲ ဘဝင်ကျသည်။ (အကျယ် အဋ္ဌသာလိနီ အဋ္ဌကထာ၌ ရှုလေ)။

ဇောနောက် တဒါရုံ၊ တဒါရုံနောက် ဘဝင်၊ ဘဝင် နောက်ဇော၊ ဇောနောက် တဒါရုံ၊ တဒါရုံနောက်စုတိ၊ စုတိနောက်ဘဝင်စိတ် ဖြစ်ရပြန်၏။ ဤသို့လျှင် အာယတနဓါတ် သံသရာစက်

ရဟာတ်ကြီးသည်၊အစဉ်မပြတ်တလစပ်လည်ပတ်နေရသောကြောင့် ဒုက္ခသစ္စာ မည်၏။

ဤသို့ လည်ပတ်ခြင်းကို ဖြစ်စေတတ်သော တဏှာလောဘ ဟူသောအကြောင်းကြောင့် သမုဒယသစ္စာမည်၏။ သံသရာစက် လည်ပတ်ခြင်းကို ရပ်တန့်ချုပ်ငြိမ်းစေတတ်သောကြောင့် နိရောဓ သစ္စာမည်၏။ သံသရာစက် လည်ပတ်ခြင်းကို ရပ်တန့်ချုပ်ငြိမ်း စေတတ်သော အကြောင်းကြောင့် မဂ္ဂသစ္စာမည်၏။

ဗုဒ္ဓသည် အတုမရှိသောသဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား စိတ်ဖြာလျက် ညွှန်ပြတော်မူသော ရုပ်တရား နာမ်တရား တို့သည် အလွန်နက်နဲ ခက်ခဲသိမ်မွေ့လှ၏။ ပညာဓါတ်ခံ ရင့်ကျက်သော ပညာရှိ သူတော်ကောင်း တို့သာလျှင် ကျက်စားရာ ဖြစ်သော အတိမဟာဂမ္ဘီရ အဘိဓမ္မာဒေသနာတော်ကို ကလျာဏ အမျိုး သားကောင်း သူတော်အပေါင်းတို့သည် မှန်ကန်စွာ နှလုံးသွင်း လျက် ပွားများ အားထုတ် နိုင်ကြပါစေသတည်း။ ။

ဒဂုတ်ထွန်း
၁၃၃၁-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၁၄)ရက်။

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| နိဒါန်း ၂၀ | ၁၅ | အနတ္တာ၊ အနတ္တမဟုတ်။ | အနတ္တာ၊ အတ္တမဟုတ် |
| နိဒါန်း ၂၉ | ၁၈ | နတ္တာ | နတ္ထိ |
| ၄၇ | ၁၂ | ရုပ်ရှစ်ပါး | ရုပ်နှစ်ပါး |
| ၄၇ | ၁၉ | ဘာဝရုပ်ရှစ်ပါး | ဘာဝရုပ်နှစ်ပါး |
| ၅၃ | ၄ | နာမ်နှစ်ပါး | နာမ်နှင့်ရုပ်နှစ်ပါး |
| ၅၆ | ၁၇ | ဇါ့ဝိတ | ဇီဝိတ |
| ၇၁ | ၁၄ | ဦးစွာသော | နီးစွာသော |
| ၇၂ | ၁၄ | ကာယ၊ ပသာဒ | ကာယပသာဒ |
| ၇၄ | ၆ | ဝေတနာ | စေတနာ |
| ၇၈ | ၂ | ဥပေက္ခာဝေဖန်ခြင်း | ဝေဖန်ခြင်း |
| ၇၈ | ၃ | | ဥပေက္ခာဟူ၍ |
| ၈၅ | ၂၁ | သဗ္ဗေလောကေ | သဗ္ဗလောကေ |
| | | သနဘိရတိ | အနဘိရတိ |
| ၈၇ | ၁ | ခိုထိခြင်း | စိုက်ခြင်း |
| ၉၅ | ၉ | ဝိညာက္ခ၌ | ဝိညာဏ်၌ |
| ၉၅ | ၁၆ | အဓိမောဏ် | အဓိမောက္ခ |
| ၁၀၄ | ၁၀ | ဤမှတပါးသာလျှင် | ဤမှတပါးသော |
| ၁၁၀ | ၁၈ | ဝိဝ | ဇီဝ |

| | | | |
|---|---|---|---|
| ၁၁၄ | ၁၄ | သွရဲ | သူရဲ |
| ၁၁၄ | ၂၃ | အာရုံ | အာဂုံ |
| ၁၂၀ | ၃ | ဒုတိယရူပ ကုသိုလ်စိတ် | ဒုတိယ အရူပ ကုသိုလ်စိတ် |
| ၁၂၀ | ၁၄ | စိတ်တို့သည် | စိတ်တို့ထက် |
| ၁၂၁ | ၂၆ | မတိုက်တွန်းပဲဖြစ် | တိုက်တွန်း၍ဖြစ် |
| ၁၂၁ | ၂၀ | မတိုက်တွန်းပဲဖြစ် | တိုက်တွန်း၍ဖြစ် |
| ၁၂၈ | ၇ | (တံခါးခြောက်ပေါက်) | (တံခါးငါးပေါက်) |
| ၁၂၈ | ၁၄ | နှစ်ကြောင်း | နှစ်ပါး |
| ၁၂၈ | ၂၃ | ကာကဝိညာဏ် | ကာယဝိညာဏ် |

နှစ်ပေါင်းများစွာ အမြတ်တနိုး စုဆောင်း ဆည်းပူးထားသော မြန်မာ့ဗိန္ဒောဆေးဝါးဖော်စပ်နည်းများကို အဘိဓာန်၊ သဒ္ဒါ၊ ဝေါဟာရ တို့ဖြင့် တိုက်ဆိုင် ဆုံးဖြတ်လျက် တခမ်းတနား ရေးသားထားသော....

## ဆရာအောင်

# မြန်မာ့ဗိန္ဒောဆေးကျမ်း

မြန်မာ့ဗိန္ဒောဆေးကျမ်းစာအုပ်များ အများအပြား ထွက်ပေါ်နေရာ ထို့ထက် စုံစုံလင်လင် ပြည့်ပြည့်ဝဝ ဖြစ်စေရန် အထူးကြိုးပမ်းစီစဉ်၍ တင်ဆက်လိုက်ပါပြီ။

**ဒီဇင်ဘာလကုန်ရက်အတွင်း ထွက်ရှိမည်၊**

လောက၌ လူ့လူချင်း ဆက်ဆံရေးသည် အလွန်အရေးကြီးလှ၏။ လူ့လူချင်းဆက်ဆံရေးမှာ အပြောလွယ်သလောက် အလုပ်ခက်လှ၏။

လူ့လူချင်း ဆက်ဆံရေးကို အသေးစိတ်ခြယ်မှုန်းပြထားသော....

ဒဂုတ်ထွန်း၏

# လူမှုဆက်ဆံရေးကျမ်း

၌

မကြာမီ ဖတ်ရှုရလိမ့်မည်။

* ဤစာအုပ်တွင် နာမ်တရားအားလုံးကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာ၍ ပြသလို ရုပ်တရားအားလုံးကိုလည်း တိတိကျကျခွဲခြမ်းစိတ်ဖြာ၍ပြထားသည်။ ထို့ပြင် ပညာတ်နှင့်ပရမတ်တို့ကိုလည်း ကွဲပြားအောင် ပီပြင်စွာခွဲခြား၍ ပြထားသည်။

* နာမ်ဟူသည် အသက်၊ ဇီဝ၊ လိပ်ပြာ၊ အတ္တကောင်၊ ဝိဉာဉ် မဟုတ်ကြောင်းကိုလည်း ရှင်းလင်း၍ ပြထားသည်။ ‘သတ္တဝါ သေလျှင် တမလွန်လောကသို့ ကူးပြောင်းသွားခြင်း မရှိကြောင်းကို ခိုင်လုံသော သာဓက အထောက်အထားတို့ဖြင့် ထုတ်ဆောင်၍ပြထားသည်။

# နာမ် နှင့် ရုပ်

## ဒဂုကျ်ထွန်း

## (ဓမ္မကထိက)

တအုပ်သုံးကျပ်

ထွက်ပါပြီ

စပယ်ဦးစာပေ
၂၂/၃၂-လမ်း၊ ရန်ကုန်မြို့။
(ဖုံး—၁၆၈၈၅)